# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

■ ၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက် ၂၀၁၆ ခုနှစ်၊ မတ် ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၅]၊ အမှတ် [၁၆၂]


**အတတ်ပညာနှင့်တူသောဥစ္စာမရှိ**

* အတတ်ပညာနှင့်တူသောဥစ္စာသည်မရှိ၊
* အတတ်ပညာကို ခိုးသူတို့မခိုးနိုင်၊
* အတတ်ပညာသည် ယခုဘဝ၌ အဆွေခင်ပွန်း ဖြစ်၏၊
* တမလွန်လောက၌ ချမ်းသာကို ဆောင်စေတတ်၏။

## နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးဖွင့်

စာမျက်နှာ-၃

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်

စာမျက်နှာ-၅

## ပြည်သူပြည်သားများ စည်းကမ်းနှင့်ဥပဒေကိုလေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ တပ်မတော်သားများလည်း စည်းကမ်းနှင့်ဥပဒေကို စံနမူနာပြလိုက်နာရမည်

စာမျက်နှာ-၇

# လူငယ်တို့၏ ဘဝတစ်ဆစ်ချိုး ခြေလှမ်းစပြီ....

သတင်းဆောင်းပါး
မြန်မာ့အလင်းသတင်းအဖွဲ့



ရန်ကုန်မြို့ လသာ အထက (၂) စာဖြေဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာဘာသာရပ်ဖြေဆိုပြီး ကျောင်းသူ ကျောင်းသားများကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်

**နေပြည်တော် မတ် ၉**

အခြေခံပညာ သင်ကြားမှု၏ အဆုံး အဆင့်မြင့်တက္ကသိုလ်ပညာရပ်များဆည်းပူးခွင့်၏ အဆုံးအဖြတ်၊ ကျောင်းသား ကျောင်းသူများ စိတ်လှုပ်ရှားစွာ ဖြေဆိုရန် စိုင်းပြင်းနေကြသည့် ၂၀၁၅-၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ၏ ပထမဆုံးဖြေဆိုရမည့် မြန်မာစာဖြေဆိုမှုကို **(ယနေ့)** မတ် ၉ ရက်တွင် စတင်ခဲ့ပြီဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံး၌ ယခုနှစ်အတွက် နိုင်ငံခြားစာစစ်ဌာန ၁၆ ခု၊ ပြည်တွင်းစာစစ်ဌာန ၁၄၅၁ ခုတို့ ဖွင့်လှစ်ထားပြီး ယင်းစာစစ်ဌာန ၁၄၆၇ ခုတို့တွင် စာရင်းပေးသွင်းထားသည့် ကျောင်းသားကျောင်းသူဦးရေ ခြောက်သိန်းကျော်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

"မြန်မာစာဖြေရတာ အားရကျေနပ်မှုရှိပါတယ်။ ဖြေနိုင်တဲ့အတွက် ပျော်ပါတယ်။ ကျွန်တော်ကတော့ နှစ်ချင်းပေါက်အောင်မြင်ဖို့နဲ့ အနည်းဆုံး ဂုဏ်ထူးနှစ်ခုကနေ သုံးခုအထိပါဖို့ မျှော်လင့်ထားပါတယ်။ ကျွန်တော့်ရည်မှန်းချက်က အင်ဂျင်နီယာတစ်ယောက်ဖြစ်ဖို့ပါ" ဟု *စာမျက်နှာ ၉ ကော်လံ ၁ ✻*




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တည်ငြိမ်သောနိုင်ငံရေးအရွေ့နှင့် အတူ

၂၀၁၅ ရွေးကောက်ပွဲလွန်ကာလများနှင့် လက်ရှိအချိန်အထိ ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ နိုင်ငံရေးအရွေ့သည် တည်ငြိမ်စွာဖြင့် တိုးတက်အောင်မြင်မှုများ ရရှိလျက်ရှိပါသည်။ အားလုံးပါဝင်သော နိုင်ငံရေးတစ်ရပ်ကို ထူထောင်လာနိုင်သည်နှင့်အမျှ နိုင်ငံရေးတည်ငြိမ်မှုသည်လည်း ဆက်လက်ဖွံ့ဖြိုးလျက်ရှိပါသည်။ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံရေးတည်ငြိမ်မှုသည် အလွန်ပင်အရေးကြီးပါသည်။ နိုင်ငံရေးတည်ငြိမ်မှသာလျှင် အဘက်ဘက်မှတည်ငြိမ်လာပြီး တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်သူတစ်ရပ်လုံးက ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတော်ကြီးသည် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်ပါသည်။ ဤသို့များပြားလှသော တိုင်းရင်းသား လူမျိုးများဖြင့်ဖွဲ့စည်းတည်ရှိနေသော ကျွန်ုပ်တို့နိုင်ငံတော်ကြီးတွင် လူမျိုး၊ ဘာသာ၊ အယူဝါဒစသည်ဖြင့် ကွဲပြားခြားနားမှုများရှိနေမည်မှာ အမှန်ပင်ဖြစ်ပါသည်။ မည်သို့ပင် ကွဲပြားခြားနားမှုများရှိစေကာမူ ပြည်ထောင်စုနိုင်ငံတော်ကြီးအတွင်း ဥမကွဲသိုက်မပျက် ဆက်လက်လက်တွဲနေထိုင်ကာ နိုင်ငံတော်ကြီး အဓွန့်ရှည်ပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းစွာဖွံ့ဖြိုးရေးသည် တစ်ခုတည်းသော ဇကမူ ဘုံရည်မှန်းချက်ပင်ဖြစ်ပါသည်။ ဤသို့ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုများရရှိအောင် ဆောင်ရွက်ရာတွင် ပါဝင်ဆောင်ရွက်သူအားလုံး၏ နိုင်ငံရေးစိတ်ကောင်းစေတနာရှိမှုသည် အရေးကြီးသောအချက်တစ်ချက်ပင်ဖြစ်ပါသည်။ ငါတို့တိုင်းပြည်၊ ငါတို့နိုင်ငံသား၊ ငါတို့တိုင်းရင်းသား၊ ငါတို့ပြည်သူအားလုံး တည်ငြိမ်အေးချမ်းစွာနေထိုင်ကြပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ကျရာအခန်းကဏ္ဍက ဦးထမ်းပဲ့ထမ်းကြိုးပမ်းအားထုတ်ကြမည်ဟူသောစိတ်ဓာတ်သည် ပြည့်ဝသောနိုင်ငံရေးစိတ်ကောင်း စေတနာရှိမှုဟုပင်ဆိုရမည်သာဖြစ်ပါသည်။

ဤသို့ နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံရေးစိတ်ကောင်းစေတနာပြည့်ဝမှုတို့ကြောင့်လည်း ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်၍ တရားမျှတစွာကျင်းပနိုင်ခဲ့ပြီးနောက် မကြာမီကာလအတွင်း အနိုင်ရလွှတ်တော်အမတ်များက လာမည့်အစိုးရသစ်တစ်ရပ်အတွက် ဦးဆောင်ဦးရွက်ပြုမည့် သမ္မတ၊ ဒုတိယသမ္မတများနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ရွေးချယ်ပေးကြဦးမည် ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်နိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့အလိုက် အစည်းအဝေးများကို လာမည့်မတ်လ ၁၀ ရက်နေ့တွင် ကျင်းပသွားရန် စီစဉ်လျက်ရှိပါသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ဒုတိယသမ္မတလောင်းတစ်ဦးစီနှင့် တပ်မတော်သားကိုယ်စားလှယ်များမှလည်း ဒုတိယသမ္မတလောင်းတစ်ဦးကို ရွေးချယ်ပေးရမည်ဖြစ်ပါသည်။ ယင်းဒုတိယသမ္မတလောင်း သုံးဦးထဲမှ သမ္မတကိုရွေးချယ်နိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ မဝေးတော့သည့် အနာဂတ်တွင် တည်ငြိမ်သောနိုင်ငံရေးအရွေ့မှသည် မြန်မာနိုင်ငံတော်ကြီး ဆက်လက်ကြီးပွားတိုးတက်ရေး ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


## ရွှေမန်း-ဧယျာ ချစ်ကြည်ရေး ဘောလုံးပွဲကျင်းပမည်

**မန္တလေး မတ် ၉**

မန္တလေးနှင့် စစ်ကိုင်း အိမ်နီးချင်းမြို့နှစ်မြို့ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် စစ်ကိုင်းမြို့မှ လက်ရွေးစင် ဘောလုံးသမားများအသင်းနှင့် လက်ရွေးစင်ဘောလုံးသမားများ(မန္တလေး)အသင်းတို့သည် စစ်ကိုင်းခရိုင် အားကစားကွင်း၌ ချစ်ကြည်ရေးဘောလုံးပွဲကို မတ် ၁၆ ရက် ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## (၇၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်ရေး။

(ခ) တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ထာဝရငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်ရန် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရရှိအောင် ဆောင်ရွက်ရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး ပူးပေါင်းဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ဆင်တန့်နား ရေလှောင်တမံဖွင့်



**ရေစကြို မတ် ၉**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်တို့သည် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ ရေစကြိုမြို့နယ် ဆင်တန့်နား ရေလှောင်တမံသို့ တက်ရောက်ပြီး ရေလှောင်တမံဖွင့်ပွဲ မုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ကြသည်။

ယခုဖွင့်လှစ်သော ဆင်တန့်နား ရေလှောင်တမံမှာ ပင်မတမံအလျားပေ ၁၀၀၀၊ ကုန်းကြောတမံအလျားပေ ၂၅၀ ရှည်ပြီး ထိပ်ဝအကျယ် ၁၆ ပေ၊ တမံအမြင့် ၃၇ ပေ၊ ရေထုတ်ပြွန်မှာ (၂၁/၂×၂၁/၂) ပေ အရွယ်အစားရှိ ရေတံခါးနှင့် (၁၀×၁၀) လက်မ H ပုံစံ သံထည်တိုင်တည်ဆောက်ထားပြီး ပေ ၂၀ အကျယ် ကျောက်စီသံကူကွန်ကရစ် ရေပိုလွှဲကိုလည်း ထည့်သွင်းတည်ဆောက်ထားသည်။

အဆိုပါ ရေလှောင်တမံကို နိုင်ငံတော်အစိုးရက ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၂၉၅သန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဒေသခံပြည်သူများ သောက်သုံးရေဖူလုံစေကာ ပိုလျှံရေဖြင့်စိုက်ပျိုးဧက ၁၀၀ ကို အပြည့်အဝ ရေပေးနိုင်တော့မည်ဖြစ်ပြီး ဒေသဝမ်းစာဖူလုံစေ၍ မိသားစုတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ တိုးတက်လာစေမည် ဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ငါးမွေးမြူရေးကန်များ အပူချိန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး နှိုးဆော်

**တိုက်ကြီး မတ် ၉**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များအား မိမိတို့ငါးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုများကြောင့် ငါးများသေကျေမှု မရှိစေရေးတို့အတွက် တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သတိပေးနှိုးဆော်ချက်များ၊ လက်ကမ်းစာစောင်များကို ငါးလုပ်ငန်းရှင်များအား အသိပေးနှိုးဆော်စာများ ဖြန့်ဝေထားကြောင်း သိရသည်။

အဆိုပါ ငါးလုပ်ငန်းရှင်များအား နေပူချိန်လွန်ကဲခြင်းကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပျံပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်အတွင်းရှိ ငါးများ စွန့်ပစ် အညစ်အကြေးများကြောင့်လည်းကောင်း၊ ငါးများကို အစာကျွေး လွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့် သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးစာ အလွန်အကျွံကျွေးခြင်းကို လျှော့ချရန် စသည်တို့ကိုလည်းကောင်း နှိုးဆော်စာများ ပေးပို့ထားကြောင်း တိုက်ကြီးမြို့နယ် ငါးလုပ်ငန်းဦးစီးအရာရှိက ပြောကြားသည်။

**ထွန်းလှိုင်(မြိုင်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၉-၃-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၇၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး)**

ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၄၆၀/၄၈၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၂၀/၅၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၃၀/၇၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၀၀/၅၂၀ ကျပ် |

**စက်သုံးဆီဈေးနှုန်း(လက်ကားဈေး)**

| | |
|---|---|
| ဒီဇယ် | ၈၅၀၀၀ ကျပ် |
| ပရီမီယံဒီဇယ် | ၉၄၀၀၀/ ၉၅၀၀၀ ကျပ် |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀ | - ၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀ | - ၅၀၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၀၀၀ | - ၈၀၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀ | - ၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀ | - ၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀ | - ၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၁၀၀၀၀ | - ၁၈၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀ | - ၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀ | - ၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀ | - ၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀ | - ၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀ | - ၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၁.၀ |
| ဥရောပ | တစ်ယူရို | ၁၃၄၃.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၈၀.၅၁ |
| ထိုင်း | တစ်ဘတ် | ၃၄.၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၁၈.၁၂၅ |
| တရုတ် | တစ်ယွမ် | ၁၈၇.၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၂၈ |

ခင်ရတနာ-စုစည်းသည်။

# နေပြည်တော် ဥတ္တရသီရိမြို့နယ်တွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါအထူးကုဆေးရုံကြီးဖွင့်

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ အထူးကုဆေးရုံ အဆောက်အအုံအား ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးနှင့် ဦးဖုန်းဇော်ဟန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကမ္ပည်းမော်ကွန်း ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံတစ်ရုံ ထပ်မံဖွင့်လှစ်နိုင်သည့်အတွက် မင်္ဂလာရှိသည့်နေ့တစ်နေ့ ဖြစ်ပါကြောင်း၊ လက်ရှိ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ နိုင်ငံရေး၊ စီးပွားရေးစသည့် ကဏ္ဍပေါင်းစုံတွင် ပိုမိုတိုးတက်လာစေရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျန်းမာရေးကဏ္ဍကိုလည်း အဓိကအခန်းကဏ္ဍအဖြစ် ဦးစားပေး ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတော်၏ ကျန်းမာရေးမျှော်မှန်းချက်ဖြစ်သည့် လူတိုင်းကျန်းမာပြီး သက်တမ်းစေ့နေနိုင်ရန် မျှော်မှန်းချက်နှင့်အညီ ကျန်းမာရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခဲ့ပါကြောင်း။

ကျန်းမာရေး ပြုပြင်ပြောင်းလဲမှုကဏ္ဍတွင် အဓိကအားဖြင့် ပြည်သူများစိုက်ထုတ်ရသည့် ကုန်ကျစရိတ်များ လျှော့နည်းစေရန်၊ ဆေးရုံကြီး/ငယ်၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ဆေးပေးခန်းအထိ ထိရောက်သည့် ဝန်ဆောင်မှုများအပြင် ကျန်းမာရေးအသုံးစရိတ်များကိုလည်း ပိုမိုတိုးမြှင့်ပေးသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ဆရာဝန်များအပါအဝင် သူနာပြု၊ သားဖွားနှင့် အဆင့်ဆင့်သော ကျန်းမာရေးဝန်ထမ်းများကိုလည်း ပိုမိုမွေးထုတ်ပေးလျက်ရှိကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း ဆေးရုံ ၂၂၅ ရုံ တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပြီး ဆေးရုံ ၁၀၀ ကို အဆင့်တိုးမြှင့် ပေးနိုင်ခဲ့ကြောင်း၊ အလားတူ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့ကြီးများမှ ဆေးရုံ ၁၅ ရုံကို ခုတင်(၅၀၀) ဆေးရုံကြီးများအဖြစ် အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ ဆေးရုံများကို အဆင့်မြှင့်တင်ပေးခဲ့သကဲ့သို့ လူနာများအနေဖြင့် ကုန်ကျစရိတ်ကို လျှော့ချနိုင်စေရန် အခမဲ့ကုသမှု အစီအစဉ်များကို တိုးချဲ့ဆောင်ရွက်ပေးခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအထိ ဆေးရုံစုစုပေါင်း ၁၁၉၀ ရုံအထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ ယခုဖွင့်လှစ်သည့် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးသည် နေပြည်တော်ကောင်စီနယ်မြေအတွင်း သုံးရုံမြောက် အထူးကုဆေးရုံတစ်ရုံဖြစ်ပြီး ငွေကျပ်သန်းပေါင်း ၂၁၇၄ သန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ တစ်နိုင်ငံလုံးတွင် ဆေးရုံ စုစုပေါင်း ၁၁၉၁ ရုံ ဖွင့်လှစ်ပေးခဲ့ပြီ ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ကျေးလက်ကျန်းမာရေးဌာန ၁၂၇၈ ခုကိုလည်း ဖွင့်လှစ်ထားခဲ့ပြီးဖြစ်ပါကြောင်း။



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးအတွင်းရှိ စက်ပစ္စည်းများအား လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းရောဂါ အထူးကုဆေးရုံကြီးများမှာ မန္တလေးမြို့တွင် တစ်ခု၊ ယခုနေပြည်တော်တွင်တစ်ခု ရှိလာပြီး ရန်ကုန်မြို့တွင်မူ မျက်စိရောဂါကုဆေးရုံနှင့် နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ အထူးကုဆေးရုံများကို သီးခြားစီ ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ အထူးကုဆေးရုံကြီး ဖွင့်လှစ်နိုင်ခြင်းသည် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါများနှင့်ပတ်သက်ပြီး ကျန်းမာကြံ့ခိုင်မှု ပိုမိုဖြစ်ထွန်းလာသည်နှင့် အမျှ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍသည်လည်း ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် တာဝန်ရှိသူများသည် ဆေးရုံအဆောက်အအုံအား လှည့်လည်ကြည့်ရှုကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာ လှမာလာ၊ တွဲဖက်ပါမောက္ခ ဒေါက်တာ ဒေါ်ဆွေဦးလွင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာ့ကျန်းမာရေးမျှော်မှန်းချက် နှစ် ၃၀ စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်လျက်ရှိ

**နေပြည်တော် မတ် ၉**

ကျန်းမာရေး ဝန်ကြီးဌာနသည် မြန်မာ့ကျန်းမာရေးဆိုင်ရာ မျှော်မှန်းချက် ( Myanmar Health Vision 2030) နှစ် ၃၀ နှစ်ရှည် ကျန်းမာရေးစီမံကိန်း ၂၀၀၁-၂၀၃၀ ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင်က ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပသော ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့(၁/၂၀၁၆) အစည်းအဝေးတွင် ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒတွင် "သမဝါယမ၊ ဖက်စပ်၊ ပုဂ္ဂလိကများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသော ကျန်းမာရေးကဏ္ဍများကို ပြောင်းလဲနေသော စီးပွားရေးမူဝါဒနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် တွန်းအားပေးရန်" ဟု ဖော်ပြထားရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအား ၂၀၀၇ ခုနှစ် မေ ၅ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ၂၀၁၃ ခုနှစ် ဇွန် ၂၈ ရက်တွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း။

ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများတွင် အရေးပေါ်လူနာတင်ယာဉ် အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်(၂၉/၂၀၁၅)ဖြင့် ၂၀၁၅ ခုနှစ် မတ် ၁၆ ရက်တွင် သတ်မှတ်ခဲ့ကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ နည်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ၁၅-၁၀-၂၀၁၅ ရက်နေ့တွင် ထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လိုက်နာရန်ပျက်ကွက်ပါက သက်ဆိုင်ရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းအား ဥပဒေနှင့်အညီ စီမံခန့်ခွဲရေးနည်းလမ်းအရ လိုင်စင်ကိုပယ်ဖျက်ခြင်း၊ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊ သတိပေးခြင်း စသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဂ္ဂလိကကျန်းမာရေး လုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့သည် ပုဂ္ဂလိကကျန်းမာရေးကဏ္ဍအတွက် အာဏာပိုင်အဖွဲ့အစည်းဖြစ်သည့် အားလျော်စွာ ယခုလို အစည်းအဝေးကျင်းပပြီး နည်းလမ်းကောင်းများကို ဆွေးနွေးတိုင်ပင်ခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ပုဂ္ဂလိကကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းပြောင်းလဲဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နိုင်ငံတော်၏ ရည်မှန်းချက်များ ပြည့်မြောက်၍ ပြည်သူလူထုအား အရည်အသွေးပြည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်နိုင်မည်ဖြစ်သည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။



ထို့နောက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အတွင်းရေးမှူး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား ဆွေးနွေးတင်ပြရာ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဗဟိုအဖွဲ့ဝင်များဖြစ်ကြသော နှီးနွှယ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များကိုဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ပုဂ္ဂလိကကဏ္ဍ၏ စွမ်းအားအရင်းအမြစ်များကို ထိရောက်စွာအသုံးပြုနိုင်စေရန်၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်ခြင်းအားဖြင့် ပြည်သူများက မိမိတို့၏ ကျန်းမာရေးလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရန်နှင့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများက ပြည်သူများအတွက် မျှတသောစရိတ်ဖြင့် အရည်အသွေးမြင့်မားသည့် ဝန်ဆောင်မှုပေးနိုင်စေရန်နှင့် တာဝန်ခံမှုရှိစေရန်တို့အတွက် နိုင်ငံတော်အနေဖြင့် ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေနှင့်အညီ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေ့အပူချိန်များ ဆက်လက်တိုးလာနိုင်

**နေပြည်တော် မတ် ၉** မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်ဆက်လက်တိုးလာနိုင်သည်။ **(မိုး/ဇလ)**

## တူရကီနယ်စပ်မြို့အနီး အိုင်အက်စ်များတိုက်ခိုက်၊ နှစ်ဦးသေဆုံး

**အန်ကာရာ မတ် ၉**

အိုင်အက်စ်အကြမ်းဖက်စစ်သွေးကြွများ၏ လက်ချက်ဟုဟူဆရသော ဒုံးကျည်တိုက်ခိုက်မှုတစ်ခုကြောင့် တူရကီနယ်စပ်မြို့တစ်မြို့တွင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ပြခဲ့သည်။

အင်္ဂါနေ့က လက်နက်ကြီးကျည်ဆန် ရှစ်ခုခန့် ကီလစ်မြို့သို့ကျရောက်ခဲ့ပြီး အမျိုးသမီးတစ်ဦးနှင့် လေးနှစ်ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း တူရကီမီဒီယာများက ဖော်ပြခဲ့သည်။

လက်နက်ကြီး ကျည်ဆန်ကျယ်လောင်သော အသံကြီးဖြင့် အအောက်အအုံ တစ်လုံးကို ကျရောက်ထိမှန်သွားသည်ကို တိုက်ရိုက်ထုတ်လွှင့်မှု ရုပ်မြင်မှ တွေ့နိုင်မည်ဖြစ်သည်။

လက်နက်ကြီးကျည်များသည် ဆီးရီးယားအခြေစိုက်အကြမ်းဖက် စစ်သွေးကြွအုပ်စုစခန်းမှ ပစ်လွှတ်လိုက်ခြင်းဖြစ်ကြောင်း တူရကီစစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ဆီးရီးယား အစိုးရနှင့် အတိုက်အခံများအကြား အပစ်ရပ်စဲရေးသည် ဖေဖော်ဝါရီ ၂၇ ရက်က စတင်အသက်ဝင်ခဲ့ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပနေကြောင်း သိရသည်။

အပစ်ရပ်စဲရေး သဘောတူညီချက်တွင် အိုင်အက်စ်အကြမ်းဖက် တိုက်ခိုက်ရေးသမားများကို တိုက်ခိုက်ချေမှုန်းမှုများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။ အမေရိကန်ဦးဆောင် လေကြောင်းချီတပ်ဖွဲ့များသည်လည်း စစ်သွေးကြွများကို လေကြောင်းမှ တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိပြီး တူရကီတပ်ဖွဲ့များသည်လည်း နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်လျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**

# အမေရိကန်နှင့် လုံခြုံရေးကောင်စီကို စိန်ခေါ် အီရန် တိုက်ချင်းပစ်ဒုံးပျံများ စမ်းသပ်ပစ်လွှတ်

**ဝါရှင်တန် မတ် ၉**

ကုလသမဂ္ဂ၏ဆုံးဖြတ်ချက်ကိုစိန်ခေါ်ပြီး အမေရိကန်သံတမန်တစ်ဦး၏ ခြိမ်းခြောက်မှုကိုတုံ့ပြန်လျက် အီရန်အစောင့်တပ်(အိုင်အာဂျီစီ)ကအင်္ဂါနေ့တွင် တိုက်ချင်းပစ်ဒုံးပျံအချို့ စမ်းသပ်ပစ်လွှတ်ခဲ့သည်။

လွန်ခဲ့သောနှစ်လက ဝါရှင်တန်အနေဖြင့် ၂၀၁၅ ခုနှစ်အောက်တိုဘာလတွင် တာလတ်ပစ် အီမတ်တိုက်ချင်းပစ်ဒုံးပျံစမ်းသပ်မှုအပေါ် အီရန်ဒုံးပျံအစီအစဉ်နှင့်ဆက်နွယ်သော စီးပွားရေးလုပ်ငန်းနှင့် လူပုဂ္ဂိုလ်များအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။

ဝါရှင်တန်အနေဖြင့် အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ကာ လုံခြုံရေးကောင်စီတွင် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မတ်တွန်နာက ပြောသည်။


"ကျွန်တော်တို့အနေနဲ့ အီရန်ဗျူကလီးယားအစီအစဉ်နဲ့ ပတ်သက်ပြီး တုံ့ပြန်ဆောင်ရွက်သွားမှာပါ"ဟု တွန်နာက ထပ်လောင်းပြောကြားသည်။ အီရန်အစောင့်တပ်က စီလော့မှ နိုင်ငံဖြတ်ကျော်လျက်ကီလိုမီတာ ၇၀၀ အကွာရှိပစ်မှတ်ကို အင်္ဂါနေ့အစောပိုင်းက ပစ်လွှတ်ခဲ့ကြောင်း



အိုင်အာဂျီစီ လေကြောင်းကာကွယ်ရေးတပ်မှူး ဗိုလ်ချုပ်ကြီး ဟာဂျီဇာဒက်က ပြောသည်။ **(ရိုက်တာ)**

# အစ္စရေးသို့ ဂျိုးဘိုင်ဒင်ရောက်ရှိစဉ်အတွင်း တိုက်ခိုက်မှုများဖြစ်ပွား

**ဂျေရုဆလင် မတ် ၉**



အမေရိကန် ဒုတိယသမ္မတ ဂျိုးဘိုင်ဒင် တဲလ်အဗစ်မြို့သို့ နှစ်ရက်တာ ရောက်ရှိစဉ်အတွင်း အင်္ဂါနေ့ နေ့လယ်ပိုင်းက ဂျေရုဆလင်နှင့် ဂျဖာမြို့ အရှေ့ဘက် တဲလ်အဗစ် ဆင်ခြေဖုံးရပ်ကွက်၌ တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့သည်။

ဂျိုးဘိုင်ဒင်သည် ယခင်အစ္စရေးသမ္မတဟောင်း ရှီမွန်ပီရက်စ်နှင့် တွေ့ဆုံရန် လာရောက်ခြင်းဖြစ်သည်။ ဂျဖာ၌ ဓားထိုးတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားပြီး အစ္စရေးတစ်ဦးသေဆုံးကာ အနည်းဆုံး ငါးဦး ဒဏ်ရာရခဲ့သည်။

တဲလ်အဗစ်သို့ ဂျိုးဘိုင်ဒင်မရောက်ရှိခင် အချိန်တိုအတွင်း တဲလ်အဗစ် အရှေ့ဘက်၌ တိုက်ခိုက်မှု နှစ်ခု ထပ်မံဖြစ်ပွားခဲ့ပြီး ဂျေရုဆလင် အရှေ့ဘက်၌လည်း အခြားတစ်ခုဖြစ်ပွားခဲ့သည်။

ပထမ တိုက်ခိုက်မှုအတွင်း အစ္စရေးတစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရကာ ဒဏ်ရာပြင်းထန်စွာရရှိ သေဆုံးခဲ့ပြီး တိုက်ခိုက်သူကိုမူ စုံစမ်းဆဲဖြစ်သည်။

အခြားပစ်ခတ်ခံရမှု တစ်ခုတွင် အစ္စရေး ရဲနှစ်ဦး ဒဏ်ရာများရရှိခဲ့ပြီး တိုက်ခိုက်သူကိုလည်း အသေဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့မှ သိရသည်။

အမေရိကန် ဒုတိယသမ္မတ၏ ခရီးစဉ်သည် ကာကွယ်ရေးဘက်တွင် ၁၀ နှစ်တာ အကူအညီပေးရေး အစီအစဉ်ကို ရပ်တန့်ရန် အဓိကရည်ရွယ်ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

## မြောက်ကိုရီးယားတွင် အသေးစားနျူကလီးယားထိပ်ဖူး ပိုင်ဆိုင်ကြောင်း ကင်ဂျုံအန်း ပြောကြား

**ဆိုးလ် မတ် ၉**

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် တိုက်ချင်းပစ်ဒုံးပျံများတွင် တပ်ဆင်ပစ်လွှတ်နိုင်သော အသေးစားနျူကလီးယားထိပ်ဖူး ပိုင်ဆိုင်ထားပြီဖြစ်ကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းက ပြောကြားပြီး ယင်းနိုင်ငံပိုင်မီဒီယာက ဗုဒ္ဓဟူးနေ့တွင် ဖော်ပြခြင်းဖြစ်သည်။

မြောက်ကိုရီးယား အနေဖြင့် အမေရိကန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကို တိုက်ခိုက်သွားရန် ပြင်ဆင်ထားလျက်ရှိရာ နျူကလီးယားလက်နက်များ အသုံးပြုရန် အသင့်ရှိကြောင်းလည်း ကင်က ပြောကြားခဲ့သည်။

အမေရိကန်နှင့် တောင်ကိုရီးယားတပ်များသည် မြောက်ကိုရီးယားက စစ်ရေးခြိမ်းခြောက်မှုများရှိလာနိုင်ကြောင်း သတိပေးနေသည့်ကြားမှပင် ယခု သီတင်းပတ်အတွင်း အကြီးစား စစ်ရေးလေ့ကျင့်မှုကို စတင်လိုက်သည်။

မြောက်ကိုရီးယားနိုင်ငံ အနေဖြင့် တိုက်ချင်းပစ်ဒုံးပျံများတွင် တပ်ဆင်ပစ်လွှတ်နိုင်သော အသေးစား နျူကလီးယားထိပ်ဖူးများကို အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း နိုင်ငံပိုင်မီဒီယာက ထပ်ခါတလဲလဲ ထုတ်လွှင့်ခဲ့သည်။

နျူကလီးယား ထိပ်ဖူးများသည် တိုက်ချင်းပစ် ဒုံးပျံများတွင် ကောင်းစွာ တပ်ဆင်ပြီး အဆင့်အတန်းမီစွာ ထုတ်လုပ်ထားကြောင်း ကေစီအင်န်အေက ထုတ်ပြန်ထားသည်။

**(ရိုက်တာ)**



မတ် ၉ ရက်က နိုင်ငံတစ်ဝန်း နေကြတ်ခြင်းဖြစ်ပေါ်မှုကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှပြည်သူများ ဆိုလာမျက်မှန်များတပ်ဆင်၍ ကြည့်ရှုနေသည်ကို တွေ့ရစဉ်။ (ဆင်ဟွာ)

# ဆိုမာလီမြို့တော်၌ အိုင်အက်စ်တို့ ကားဗုံးခွဲတိုက်ခိုက်၊ ရဲသုံးဦးသေဆုံး

**မိုဂါဒစ်ရှူး မတ် ၉**

ဆိုမာလီမြို့တော် မိုဂါဒစ်ရှူး၌ ဗုဒ္ဓဟူးနေ့က ရဲစခန်းအနီးရှိ ကဖေးဆိုင်နှင့် ကပ်လျက်နေရာတွင် ယာဉ်တစ်စီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး တပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

အယ်ရှာဘတ် အိုင်အက်စ် စစ်သွေးကြွများသည် အနောက်နိုင်ငံကျောထောက်နောက်ခံပြုအစိုးရကို ဖြုတ်ချရန် ကြိုးစားနေခြင်းဖြစ်သည်။ အဆိုပါအဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ်က တပ်ဖွဲ့ဝင် ၁၀ ဦးကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသို့ပြောဆိုခဲ့ပြီး ရဲတပ်ဖွဲ့ဘက်မှ သေဆုံးသူ သုံးဦးသာရှိကြောင်း ဖော်ပြခဲ့ကြသည်။

အယ်ရှာဘတ်အဖွဲ့သည် ဌာနဆိုင်ရာ ဖော်ပြချက်အရေအတွက်ထက် မကြာခဏ တိုးမြှင့်ဖော်ပြလေ့ရှိကြောင်း သိရသည်။

"ရဲတပ်ဖွဲ့ဝင်တွေ လေ့ကျင့်ရေးပြုလုပ်နေစဉ်အတွင်း ကားဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့တာပါ။ ဖြစ်စဉ်အတွင်း တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ပါတယ်"ဟု မိုဂါဒစ်ရှူး ရဲစခန်းမှူး အလီမိုဟာမက်ဟီရာစီက သတင်းထောက်များကို ပြောကြားခဲ့သည်။

ပြီးခဲ့သော ရက်သတ္တနှစ်ပတ်ခန့်က မြို့တော် အနောက်မြောက်ပိုင်း၌ မိုဂါဒစ်ရှူး ပန်းခြံအနီးနှင့် သမ္မတအိမ်တော်အနီးတို့တွင် ကားဗုံးပေါက်ကွဲမှုနှစ်ခုဖြစ်ပွားခဲ့ပြီး လူများစွာသေဆုံးခဲ့သည်။ **(ရိုက်တာ)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်



**နေပြည်တော် မတ် ၉**

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက် အမှာစကားပြောကြားသည်။ **(ယာပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယသမ္မတ ဦးညဏ်ထွန်းက မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့် အကြံပြုတင်ပြစဉ်။

ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို အမျိုးသားအဆင့် စီမံကိန်းအဖြစ်သတ်မှတ်၍ ကျေးလက်ဒေသများတွင် အမှန်တကယ်လိုအပ်နေသည့်လုပ်ငန်းများကို ဖြည့်ဆည်းပေးရန် ရန်ပုံငွေအရင်းအမြစ်များ ခွင့်ပြုထားပြီး ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်စေခဲ့ပါကြောင်း၊ ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းများအနေဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရှိခဲ့သည်ကို စာရင်းအင်းကိန်းဂဏန်းများအရ တွေ့မြင်နေရသော်လည်း လုပ်ငန်းစဉ်(၈)ရပ်နှင့်စပ်လျဉ်း၍ ကျေးလက်နေပြည်သူများ၏လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ခဲ့မှုအပေါ် ပြည်သူများ လက်ခံနိုင်သည့်ထင်သာမြင်သာရှိသော သက်သေသာဓက အထောက်အထားများကို ကျေးလက်ပြည်သူများထံအရောက် ပြည့်ပြည့်ဝဝဖော်ထုတ်ပြသနိုင်ရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆင်းရဲမှုနှုန်းကို တိုင်းတာသိရှိနိုင်ရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် UNDP တို့ပူးပေါင်း၍ အိမ်ထောင်စု စားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (Integrated Household Living Conditions Assessment - IHLCA) ကို ၂၀၀၄-၂၀၀၅ နှင့် ၂၀၀၉-၂၀၁၀ ခုနှစ်များတွင် နှစ်ကြိမ်ကောက်ယူခဲ့ပါကြောင်း။

IHLCA စစ်တမ်းများဖြင့် မြန်မာနိုင်ငံ၏ဆင်းရဲနွမ်းပါးမှုနှုန်းကို ဖော်ထုတ်သတ်မှတ်ရာတွင် ၂၀၀၄-၂၀၀၅ စစ်တမ်းအရ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၃၂ ရာခိုင်နှုန်းနှင့် ၂၀၀၉-၂၀၁၀ စစ်တမ်းအရ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၂၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်သည့်အတွက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်(MDGs) အရ ဆင်းရဲနွမ်းပါးသူအရေအတွက်ကို ထက်ဝက်လျှော့ချနိုင်ရေး ရည်မှန်းချက်အပေါ် အထောက်အကူပြုနိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ကမ္ဘာ့စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals) ၁၇ ရပ်အနက် ပန်းတိုင် (၁) ဖြစ်သည့် ကမ္ဘာပေါ်ရှိနေရာတိုင်းတွင် ဆင်းရဲနွမ်းပါးမှုပုံစံအမျိုးမျိုး အဆုံးသတ်ရေး (End Poverty in all its forms everywhere) ဟု သတ်မှတ်ထားပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိတို့၏လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ပထဝီဝင်အနေအထားအရ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခြေအနေများ၊ ကျေးလက်လူထု၏ ဦးစားပေးလိုအပ်ချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း။

အထောက်အကူပြုကော်မတီများနှင့် လုပ်ငန်းကော်မတီများမှ ကဏ္ဍနှင့်ဒေသအလိုက် အကောင်အထည်ဖော်သည့် လုပ်ငန်းများတွင် မဖြစ်မနေ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်ချက်များ၊ အကြံပြုချက်များ သုံးသပ်ဖော်ထုတ် ဆောင်ရွက်သွားကြရန်လည်း လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် လျာထားချက်များဖြစ်ရန် လိုအပ်ကြောင်း။

ပြည်သူများကို ရေရှည်အကျိုးပြုမှုဖြစ်စေရန်အတွက် ဘဏ္ဍာရေးအရင်းအမြစ်များ ပုံမှန်စဉ်ဆက်မပြတ်ရရှိနိုင်ရန် အရေးကြီးသည့်အတွက် အခြေခံကျသည့်ဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်မှုအပိုင်းကိုလည်း မဖြစ်မနေ ထည့်သွင်းစဉ်းစားသွားရန် လိုအပ်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ အနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နှင့် သက်ဆိုင်သူအားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်စေရန် ရည်မှန်းပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးမဟာဗျူဟာမူဘောင်ကို ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ၊ INGOs , NGOs ၊ ပြည်တွင်းပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများဖြင့် အဆင့်ဆင့်ဆွေးနွေးတိုင်ပင်ရေးဆွဲခဲ့ပြီး ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် နိုင်ငံတော်သမ္မတတက်ရောက်သည့် အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲမှ အတည်ပြုချမှတ်နိုင်ခဲ့ပါကြောင်း။

မဟာဗျူဟာမူဘောင်ကို ဗျူဟာငါးရပ်နှင့်အညီ လက်တွေ့မြေပြင်တွင် အကောင်အထည်ဖော်နိုင်ရန်အတွက် ကျွမ်းကျင်ပညာရှင်များနှင့် လုပ်ငန်းအစီအစဉ်များကို ရေးဆွဲပြုစုခဲ့ပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ လူထုဗဟိုပြုစီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲခြင်းစီမံကိန်း၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အသက်မွေးဝမ်းကျောင်းနှင့် မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ အပါအဝင် ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းများကို နိုင်ငံတော်စီမံကိန်းများအသွင်ဖြင့် တစ်နိုင်ငံလုံး လွှမ်းခြုံအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းစီမံကိန်းများ စနစ်တကျဖြင့် စီမံဆောင်ရွက်သွားနိုင်ရန် ပြဋ္ဌာန်းထုတ်ဝေထားသည့် လက်စွဲစာစောင်၊ လမ်းညွှန်များကိုလည်း လက်တွေ့စီမံကိန်းများ အကောင်အထည်ဖော်ရာတွင် အသုံးပြုဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သားငါးထုတ်လုပ်မှုနှင့်ကျေးလက်လူမှုစီးပွားကဏ္ဍ၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ အသေးစားပုဂ္ဂလိကလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ၊ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းရေးနှင့် စိစစ်အကဲဖြတ်ရေးကဏ္ဍတို့နှင့်စပ်လျဉ်း၍ ရှေ့ဆက်ဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို အကြံပြုတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့်ပတ်သက်၍ စာရင်းအင်းအချက်အလက်များ ကောက်ယူစုဆောင်းခြင်းနှင့် စိစစ်အကဲဖြတ်ခြင်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆပ်ကော်မတီများအလိုက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ရှေ့ဆက်ဆောင်ရွက်သင့်သည့် ကိစ္စရပ်များကို ကဏ္ဍအလိုက် အကြံပြုဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကျေးလက်နေပြည်သူလူထု၏ လူမှုစီးပွားဘဝမြှင့်တင်ပေးခြင်းအားဖြင့် မြို့ပြနှင့်ကျေးလက်ကွဲပြားခြားနားမှု အတတ်နိုင်ဆုံး လျှော့ချရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးမဟာဗျူဟာ မူဘောင်နှင့်အညီ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ရည်မှန်းချက်၊ တာဝန်များအတိုင်း ဆောင်ရွက်ခဲ့ကြပြီးဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် ငါးနှစ်တာကာလအတွင်း ထပ်တိုးဆောင်ရွက်မှုများကိုလည်း ပြီးပြတ်အောင် ဆောင်ရွက်ထားရှိရန်လိုပါကြောင်း၊ ကျေးလက်နှင့်ပြည်သူလူထုကို ထိထိရောက်ရောက်အကျိုးပြုနိုင်သည့် လုပ်ငန်းများတွင် ရှေ့ဆက်သွားရမည့်ခရီးအတွက် ကောင်းမွန်သည့် အကြံဉာဏ်များပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ **(သတင်းစဉ်)**

## ရန်ကုန်-ပြည် လမ်းပိုင်းပြေးဆွဲသည့် အမှတ်(၇၁)အဆန်၊ အမှတ်(၇၂) အစုန် အမြန်ရထားများအား တွဲဆိုင်းအသစ်ဖြင့် အစားထိုးလဲလှယ်ပြေးဆွဲပေးမည်

**နေပြည်တော် မတ် ၉**

မြန်မာ့မီးရထား၏ ရန်ကုန်-ပြည် လမ်းပိုင်းပြေးဆွဲပေးလျက်ရှိသော အမှတ်(၇၁)အဆန်၊ အမှတ်(၇၂) အစုန် အမြန်ရထားအား ခရီးသွားပြည်သူများ သက်သောင့်သက်သာဖြင့် လိုက်ပါစီးနင်းနိုင်ရေးနှင့် ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရေးရည်ရွယ်၍ တရုတ်နိုင်ငံမှ အသစ်ဝယ်ယူထားသည့်စက်ခေါင်းနှင့် လေအိတ်စနစ်တပ်ဆင်ထားသည့် လူစီးတွဲများဖြင့် အစားထိုးလဲလှယ်၍ မတ် ၁၄ ရက်မှစတင်ကာ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

အဆိုပါ တွဲဆိုင်းကို ရိုးရိုးတန်းတွဲများဖြင့်သာဖွဲ့ဆင်၍ လူစီးတွဲ ကိုးတွဲ၊ ဘရိတ်တွဲ တစ်တွဲဖြင့် ဖွဲ့ဆင်ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှင့် အချိန်စာရင်းမှာ ပြောင်းလဲမှုမရှိဘဲ ရန်ကုန်မှနေ့စဉ် မွန်းလွဲ ၁ နာရီတွင်ထွက်ခွာ၍ ပြည်သို့ ည ၉ နာရီခွဲတွင်ရောက်ရှိပြီး ပြည်မှ ည ၁၁ နာရီခွဲတွင်ထွက်ခွာ၍ ရန်ကုန်သို့ နောက်တစ်နေ့ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါရထားတွင် ထိုင်ခုံမဲ့လက်မှတ်များ လုံးဝရောင်းချပေးမည်မဟုတ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ **(သတင်းစဉ်)**

## သံရည်သွန်းလောင်းခြင်းနှင့် ပုံသွင်းခြင်း နည်းပညာပေးအပ်

**ပခုက္ကူ မတ် ၉**

စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန၏အစီအစဉ်ဖြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ သံရည်ကျိုလုပ်ငန်းရှင်များအား သံရည်သွန်းလောင်းခြင်းနှင့် ပုံသွင်းခြင်းနည်းပညာပေးအပ်ခြင်းဆွေးနွေးပွဲကို ပခုက္ကူမြို့ စက်မှုဇုန်ခန်းမ၌ ဖေဖော်ဝါရီလနောက်ဆုံးပတ်က လေးရက်ကြာ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို သံရည်ကျိုလုပ်ငန်းရှင်များ၏ လုပ်ငန်းကျွမ်းကျင်မှုမြှင့်တင်ပေးနိုင်ရန်၊ လုပ်ငန်းများ အဆင့်အတန်းမြင့်မားလာစေရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးပြည့်မီစေရန်နှင့် ပြည်တွင်း ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကျွမ်းကျင်ပညာရှင် ဦးခင်ဇော်နှင့် ဘာသာရပ်ဆိုင်ရာ ဆရာများက ဆွေးနွေးပို့ချခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပခုက္ကူ၊ ရေစကြို၊ ကံမ၊ ရေနံချောင်း၊ မကွေးမြို့နယ်များက သံရည်ကျိုလုပ်ငန်းရှင်များ၊ နည်းပညာကျောင်းများက ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ စုစုပေါင်း ၄၆ ဦးတက်ရောက်ခဲ့ကြပြီး စာတွေ့ရှင်းလင်းဆွေးနွေးခြင်းနှင့် ပခုက္ကူစက်မှုဇုန်အတွင်းရှိ GREAT ONE သံရည်ကျိုစက်ရုံသို့ လက်တွေ့ကွင်းဆင်းလေ့လာခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **မြင့်မြင့်သိန်း(မကွေး)**

**တိမ်အသင့်အတင့်ဖြစ်ထွန်း**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။**

(မိုး/ဇလ)

# ရေအရင်းအမြစ်များ ကာကွယ်ထိန်းသိမ်းဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

***ရေသည်သက်ရှိသတ္တဝါများ အသက်ရှင်နေထိုင်မှုအတွက် အခြေခံအကျဆုံးသဘာဝအရင်းအမြစ် တစ်ခုပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ရေသည်သဘာဝကပေးထားသည့် ဆေးတစ်ပါးဖြစ်သည်။ "ရွှေကိုမလို၊ ငွေကိုမလို၊ ရေသာလိုသည်" "ထမင်းအသက်ခုနစ်ရက်၊ ရေအသက်တစ်မနက်" "ရေတွင်းကောင်းမှ ရေအေးမြ" အစရှိသည့်စကားများအရ ရေ၏တန်ဖိုးသည် ကြီးမားလှသည်။***

**တက္ကသိုလ်ပွင့်သူအောင်**

သိပ္ပံပညာရှင်တို့၏ အဆိုအရ သောက်၍ရသော ရေတွင် ပိုးသတ်ဆေးများ၊ ရောဂါပိုးများကို သယ်ဆောင်လာသည့် အနုဇီဝများ၊ နိုက်ထရိတ်၊ သတ္တုများနှင့်အခြားသောအဆိပ်သင့်စေသည့် ဓာတုပစ္စည်းစသဖြင့် လူသားများထံမှ ထုတ်လွှတ်သောညစ်ညမ်းပစ္စည်းများ၊ ရောဂါပိုးများပါဝင်ခြင်းမရှိကြောင်း သိရသည်။ ဘေးကင်းသော ရေဆိုသည်မှာ သောက်သုံးခြင်းဖြင့်မည်သည့်ဘေးအန္တရာယ်မှမဖြစ်နိုင်သည့် ရေကိုဆိုလိုခြင်းဖြစ်သည်။ သောက်သုံးသူများကို နာမကျန်းဖြစ်စေနိုင်မည့် ဘေးဖြစ်စေသော ရောဂါပိုးများ၊ ညစ်ညမ်းပစ္စည်းများသည် အလွန်နည်းပါးစွာ ပါဝင်မှသာလျှင် ရေသည် ဘေးကင်းစေမည်ဖြစ်သည်။ ဘေးဖြစ်စေသော ညစ်ညမ်းပစ္စည်းများတွင် ဗက်တီးရီးယားများ၊ ဗိုင်းရပ်စ်များနှင့် ပရိုတိုဇုန်များ စသည့် ရောဂါပိုးများကို သယ်ဆောင်လာသည့် အနုဇီဝများ၊ ကင်ဆာရောဂါဖြစ်စေနိုင်သော ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ အော်ဂဲနစ်ဖျော်ရည်များ၊ ရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ ပိုးသတ်ခြင်းမှကလိုရင်းနှင့် ဓာတ်ပြုသည့်ဘေးထွက်ပစ္စည်းများ၊ သတ္တုနှင့်မက်တဲလွိုက်များ၊ နိုက်ထရိတ်များနှင့် အာဟာရဓာတ်ပေးသည့်အရာများ၊ သွေးအတွင်း စိမ့်ဝင်နိုင်သည့် ဒြပ်ပေါင်းများ၊ အပြင်းစားအက်ဆစ်များ၊ အပြင်းစား ဘေ့စ်များ၊ ရေဒီယိုန်ျူကလိုက်များနှင့် ဆိုးရွားစွာ အဆိပ်အတောက်ဖြစ်စေနိုင်သည့် အခြားသောဒြပ်များ ပါဝင်သည်။

ပြည်သူလူထုကျန်းမာရေးအဆင့်အတန်းမြင့်မားစေရေးနှင့် ကာကွယ်မှုများ ရရှိနိုင်ရေးအတွက် ဘေးအန္တရာယ်ကင်းသော သောက်ရေရရှိရန်မှာ လူသားတစ်ယောက်၏ အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်သည်။ သောက်သုံးရေသို့မဟုတ် သောက်၍ရသောရေသည် လူသားများသောက်သုံးရန် ဘေးကင်းရမည်ဖြစ်သည်။ ထို့အပြင် လက်ငင်းဖြစ်စေ၊ ရေရှည်အတွက်ဖြစ်စေ၊ ဘေးဖြစ်စေခြင်းမရှိစေရန် အရေးကြီးသည်။ ဘေးကင်းသောရေကို လုံလောက်စွာရရှိနိုင်ပါက ရေတွင်ပေါက်ဖွားသော ပိုးမွှားများပျံ့နှံ့ရှင်သန်ခြင်းမဖြစ်စေရန် ကာကွယ်ပေးပြီး လူသားများအတွက်လည်း ညစ်ညမ်းသောသောက်ရေမှ သယ်ဆောင်လာသော ဓာတုနှင့်ရူပဆိုင်ရာဘေးအန္တရာယ်များကိုလည်း ပိုင်ဆိုင်ရနိုင်မှုနှုန်းအလွန်လျော့နည်းစေသည်။ ထို့အပြင် အရည်အသွေးညံ့ဖျင်းသည့် ရေများကြောင့် ကူးစက်ရောဂါပြန့်ပွားမှုများဖြစ်စေနိုင်ပြီး အချိန်ကာလအသီးသီးတို့၌ ရောဂါဖြစ်ပွားကူးစက်နှုန်းကို မြင့်မားစေသည်။ ကမ္ဘာအနှံ့အပြားရှိ ပြည်သူလူထုအတွက် ဘေးကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သောရေကို ပေးဝေခြင်း၊ သန့်စင်သော ရေအရင်းအမြစ်များကိုလည်း ရေရှည်တည်တံ့စွာ အသုံးပြုနိုင်စေခြင်းတို့သည် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်၏ အခြေခံရည်မှန်းချက်ပင်ဖြစ်သည်။

ကမ္ဘာ့ရေထုကို လေ့လာကြည့်ပါက ကမ္ဘာ့ရေထုတွင် ပင်လယ်သမုဒ္ဒရာများရှိရေငန်များက ၉၆ ဒသမ ၅ ရာခိုင်နှုန်းခန့်ပါဝင်ပြီး၊ ရေချို (Fresh Water)များက ၃ ဒသမ ၅ ရာခိုင်နှုန်းခန့် ပါဝင်သည်ကို တွေ့ရသည်။ ရေချိုများ၌ ရေခဲမြစ်များ၊ ရေခဲတောင်များနှင့်ဝင်ရိုးစွန်းများရှိ ရေခဲပြင်များက ၁ ဒသမ ၇၆၂ ရာခိုင်နှုန်း၊ မြေအောက်ရေ (Ground Water)က ၁ ဒသမ ၇ ရာခိုင်နှုန်း၊ မြစ်ချောင်းအင်းအိုင်များ၊ ကန်များ၊ ဆည်များနှင့် ရေတိမ်ဒေသ(Wetlands)များရှိရေများ(Surface Water)က ၀ ဒသမ ၀၀၂ ရာခိုင်နှုန်းဖြင့် ဖုံးလွှမ်းထားသည်။ ရေကိုလူတို့သည် သောက်သုံးရေ အဖြစ်သာမက စက်မှုကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ကဏ္ဍနှင့် အနားယူအပန်းဖြေမှု (Recreation)များတွင် အသုံးပြုလျက်ရှိသည်။

ကမ္ဘာ့ရေသုံးစွဲမှုပမာဏသည်ပင်လျှင် တစ်နှစ်တာကာလအတွင်း ၇၄၅၀ ဘီလီယံကုဗမီတာရှိသည်။ ၁ ကုဗမီတာသည် ၁၀၀၀ လီတာနှင့်ညီမျှသည်။ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၇၀၀၀ ကျော်ရှိလာပြီဖြစ်ပြီး ယင်းလူသားအားလုံးသည် ရေသယံဇာတအပေါ်တွင် မှီခိုနေကြရသည်။ ရေသယံဇာတမရှိပါက လူသားတို့ဘဝရပ်တည်နိုင်ရန် အခက်အခဲများစွာနှင့် ကြုံတွေ့ရနိုင်သည်။ အထူးသဖြင့် လူတို့သည် မိခင်ဝမ်းအတွင်း၌ သန္ဓေသားအဖြစ်နေခဲ့ရာတွင် ခန္ဓာကိုယ်တစ်ခုလုံး၌ ရေသည် ရာခိုင်နှုန်းပြည့်ပါဝင်ခဲ့ရာမှ အမိဝမ်းအတွင်းက ကျွတ်၍ မွေးကင်းစကလေးအရွယ်တွင် ရေဓာတ် လျော့နည်းသွားသဖြင့် ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်းရှိသွားသည်။ ထိုမှတစ်ဆင့် သိတတ်စအရွယ်ရောက်လာသောအခါ ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၇၅ ရာခိုင်နှုန်းအဖြစ်သို့လည်းကောင်း၊ တဖြည်းဖြည်းအရွယ်ရောက်လာပါက ရေသည် ခန္ဓာကိုယ်တစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းရှိခဲ့သည်။ ဆေးပညာရှင်များ၏ လေ့လာမှုအရ လူ့ခန္ဓာကိုယ်အတွင်းရှိ ရေပမာဏစုစုပေါင်း၏ ၆၅ ရာခိုင်နှုန်းသည် ဆဲလ်များအတွင်းရှိကြောင်းနှင့် ကျန် ၃၅ ရာခိုင်နှုန်းသည် ဆဲလ်များအကြားနှင့် သွေးထဲတွင် တည်ရှိကြောင်း သိရသည်။ လူတို့၏ ခန္ဓာကိုယ်တွင် အဆုတ်၌ ရေပါဝင်မှု ၉၀ ရာခိုင်နှုန်းရှိသည်။ ဦးနှောက်ထဲတွင် ရေပါဝင်မှု ၈၅ ရာခိုင်နှုန်းနှင့်သွေးထဲ၌ ရေပါဝင်မှုမှာ ၈၂ ရာခိုင်နှုန်းအသီးသီးရှိကြသည်။

ထို့အပြင် ကမ္ဘာ့မြေမျက်နှာပြင်၏ ၇၁ ရာခိုင်နှုန်းကို ရေများဖြင့် ဖုံးလွှမ်းထားသော်လည်း လူတို့သုံးစွဲနိုင်သော ရေပမာဏသည် စုစုပေါင်းရေပမာဏ၏ ၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိသည်။ ထိုပမာဏထဲ၌ ရေခဲမြစ်များ၊ ရေခဲတောင်များ၊ ရေခဲပြင်များရှိ ရေများကို ချက်ချင်းသုံးစွဲ၍ မရနိုင်သည့်အတွက် လူတို့အမှန်တကယ်သုံးစွဲနိုင်သော ရေပမာဏသည် စုစုပေါင်းရေပမာဏ၏ ၂ ရာခိုင်နှုန်းခန့်ပင် မရှိပေ။ လူတို့နေ့စဉ် အသုံးပြုနေကြသော ရေများအနက် သောက်သုံးရေ၊ ထမင်းဟင်းချက်ပြုတ်သည့်ရေ၊ အဝတ်လျှော်သည့်ရေ၊ ချိုးရေစသည်တို့မှာ သန့်ရှင်းသောရေ သို့မဟုတ် ဘေးကင်းသည့် ရေ (Safe Water) ဖြစ်ရန်လိုအပ်သည်။ ကမ္ဘာ့လူဦးရေသန်းပေါင်း ၇၀၀၀ ကျော်အနက် သန်း ၁၀၀၀ ကျော်တို့သည် ဘေးကင်းသော သောက်ရေ (Safe Drinking Water)ကို လုံလုံလောက်လောက် မရရှိသေးပေ။ ထို့အပြင် သဘာဝပတ်ဝန်းကျင်ယိုယွင်းမှုမှတစ်ဆင့် ကမ္ဘာ့ကြီး ပူနွေးလျက်ရှိရာ ရာသီဥတုပြောင်းလဲမှုများလည်း ဖြစ်ပေါ်နေခြင်းကြောင့် ရေသယံဇာတရှားပါးလာပြီဖြစ်သည်။ ယင်းရေသယံဇာတရှားပါးမှု (Scarcity in water Resources) မှာ အထိရောက်ဆုံးအချိန်တိုကာလအတွင်း လူတို့ကို ဒုက္ခပေးနိုင်မည့် ပြဿနာတစ်ရပ်ဖြစ်လာခဲ့သည်။


ဓာတ်ပုံ-မေဦးမိုး

ထို့ကြောင့် ရေစီမံခန့်ခွဲမှုမှာ အရေးကြီးလာသော ကဏ္ဍတစ်ရပ်အဖြစ် အရေးပါလာခဲ့သည်။ ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင်သုံးခုဖြစ်သော စီးပွားရေးစွမ်းဆောင်ရည်ရှိမှု (Economic Efficiency)၊ မျှတမှု(Equity)နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု (Environmental Sustainability) တို့၏ ဆက်စပ်မှုဖြင့် ရေနှင့်ရေအရင်းအမြစ်များအား ထိန်းသိမ်းကာကွယ်ရန် လိုအပ်လာခဲ့ပြီဖြစ်သည်။ စဉ်ဆက်မပြတ်သော ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသာလျှင် စဉ်ဆက်မပြတ်သော ရေအရင်းအမြစ်ကို အသုံးပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ရေအရင်းအမြစ်များ ဖော်ထုတ်ပြီး စီမံခန့်ခွဲနိုင်ရန် ရှိပြီးသားရေအရင်းအမြစ်များအားလုံးပါဝင်နိုင်သော ပွင့်လင်းမြင်သာမှုရှိသည့် ဘက်စုံရေစီမံခန့်ခွဲမှုစနစ်တစ်ခုကို မြန်မာနိုင်ငံတွင် ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အထူးသဖြင့် ရေအရင်းအမြစ်များအား စီမံခန့်ခွဲရာတွင် ရေကိုစနစ်တကျအကျိုးရှိ ထိရောက်စွာသုံးနိုင်မှုနှင့်ရေလိုအပ်ချက်အပေါ်စီမံခန့်ခွဲနိုင်မှု၊ မြေအသုံးချမှုနှင့်ရေအရင်းအမြစ်သစ်များဖွံ့ဖြိုးတိုးတက်လာစေရန် ရှာဖွေ ဖန်တီးနိုင်မှုနှင့် မြေအသုံးချမှုနှင့် ရေအရင်းအမြစ်အသုံးချမှုများအား ပေါင်းစပ်ညှိနှိုင်းမှု ရေကိုစီးပွားရေးကိစ္စရပ်များအပေါ် ပင်မရေစီးကြောင်းအဖြစ် အသွင်ပြောင်းနိုင်မှုဟူသည့် နယ်ပယ်လေးခုအပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းသည်လည်း အရေးပါလာသည်။ သက်ဆိုင်ရာဌာနအလိုက် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၌ တစ်မျိုးသားလုံးအတိုင်းအတာအရ မူဝါဒ၊ အမျိုးသားရေအရင်းအမြစ်ဆိုင်ရာ လမ်းညွှန်ချက်၊ အခြေခံမူဘောင်စသည်တို့ကို ထင်သာမြင်သာရှိရန် ထည့်သွင်းရမည်ဖြစ်သည်။ ထို့အပြင် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့၌ မြန်မာနိုင်ငံအမျိုးသားရေအရင်းအမြစ် ကော်မတီ (NWRC)က ကြီးမှူး၍ UNEP DHI Partnershipတို့သည် **"ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုနှင့် Climate Change Adaptation Practices" Training of Trainers**သင်တန်းကို ပြုလုပ်ခဲ့သည်။ ယင်းသင်တန်းသို့ ရေနှင့်သက်ဆိုင်သည့် ဌာနအဖွဲ့အစည်းများ၊ NGO များမှ သင်တန်းသား/သင်တန်းသူ ၄၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံတွင် ရေခက်ခဲသော ဒေသများတွင် ဆည်တမံများတည်ဆောက်ခြင်း၊ မြစ်ရေတင်လုပ်ငန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများနှင့် သောက်သုံးရေရရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့သည် မြန်မာနိုင်ငံ၏ မိုးနည်းရေရှားရပ်ဝန်းဒေသများဖြစ်ကြသည်။ နှစ်စဉ် မိုးရွာသွန်းမှု အလွန်နည်းသောဒေသများဖြစ်ကြသည်။ ယင်းဒေသကြီးများသည် ရေသာရှိမည်ဆိုလျှင် ဒေသနေလယ်သမားစုများ စားဝတ်နေရေးအတွက် အထိုက်အလျောက် အဆင်ပြေကြမည်ဖြစ်သည်။ ထို့ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၌ မန္တလေးတိုင်းဒေသကြီးအတွင်း ရေလှောင်တမံ ၄၆ ခု၊ ရေလွှဲဆည် ၂၃ ခု၊ ရေလှောင် ကန် ၂၄ ခု၊ ကျေးရွာဆည်ကန် ၁၈၄ ခု တည်ဆောက်တူးဖော်ပေးခဲ့သည်။ ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆည်ရေလှောင်တမံ ၃၅ ခု၊ မြစ်ရေ တင် ၆၂ ခု၊ ဆည်ငယ်ကန်ငယ် ၇၈၅ ခု၊ စက်ရေတွင်း တွင်းတိမ်တွင်းနက် ၃၂၂၉ တွင်း တည်ဆောက်တူးဖော်ပေးခဲ့သည်။

နယ်စပ်ရေးရာဝန်ကြီးဌာနကလည်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ငါးနှစ်စီမံကိန်းဖြင့် ရေလိုအပ်သော ကျေးရွာ ၅၂၁၁ ရွာ၌ သန့်ရှင်းသည့်သောက်သုံးရေ ရရှိရေးလုပ်ငန်းပေါင်း ၅၂၁၁ ခုဆောင်ရွက်လျက်ရှိသည်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၁ ခုနှစ်မှစတင်၍ ငါးနှစ်စီမံကိန်းပြုလုပ်ရန် လျာထားခဲ့ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၃၉၇၄၅ ရွာနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၌ ကျေးရွာပေါင်း ၃၅၅၂ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရန် ရေတွင်း ရေကန်တူးဖော်လျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ရေရရှိမှု နည်းပါးသည့် ကျေးရွာများအနက် အပူပိုင်းဒေသများဖြစ်သော မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မကွေးတိုင်းဒေသကြီးတို့အတွင်းရှိ ကျေးရွာပေါင်း ၈၁ ရွာကို ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၏ နည်းပညာအကူအညီဖြင့် ၂၀၁၅ ခုနှစ်အတွင်း ဦးစားပေး စတင်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ်မူဝါဒအား နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်း၏ ပါဝင်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များအား ဖွံ့ဖြိုးတိုးတက်စေရန်၊ ရေအရင်းအမြစ်များအား မျှတစွာ သုံးစွဲပြီးထိရောက်သော စီမံခန့်ခွဲမှုများဖြင့် ဆင်းရဲမှုပပျောက်ရေးအား အထောက်အကူပြုစေရန်၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းသာယာမှုကို ကာကွယ်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန်၊ လက်ရှိနှင့် အနာဂတ်ကာလမျိုးဆက်များအား လူမှုရေး၊ သဘာဝပတ်ဝန်းကျင်နှင့်စီးပွားရေးဆိုင်ရာလိုအပ်ချက်များအတွက် သင့်တင့်မျှတသော ပမာဏနှင့်လုံခြုံစိတ်ချရသော အရည်အသွေးပြည့်မီသည့် ရေရရှိရေးအခွင့်အရေးများရစေရန် ရည်ရွယ်၍ ရေးဆွဲလျက်ရှိသည်။

ထို့ကြောင့် နောင်လာမည့် ၁၀ နှစ်အတွင်း မြန်မာနိုင်ငံအနေဖြင့် ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုစနစ် အပြည့်အဝဆောင်ရွက်မှုကို အခြေခံ၍ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာသုံးစွဲနိုင်သောနိုင်ငံဖြစ်စေရေးအတွက် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့အစည်းများ၊ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့်ပြည်သူလူထုတစ်ရပ်လုံးတို့သည် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# ပြည်သူပြည်သားများစည်းကမ်းနှင့်ဥပဒေကိုလေးစားလိုက်နာရမည်ဖြစ်သကဲ့သို့ တပ်မတော်သားများလည်းစည်းကမ်းနှင့်ဥပဒေကို စံနမူနာပြလိုက်နာရမည်




**နေပြည်တော် မတ် ၉**

အနာဂတ်အစီအမံများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးနှင့် ကာကွယ်ရေးအမြင်များရရှိစေရန်အတွက် အပြန်အလှန်ပို့ချဆွေးနွေးခြင်း၊ စဉ်ဆက်မပြတ်လေ့လာခြင်း၊ စာတမ်းများ ရေးသားပြုစုခြင်းများဖြင့် အတွေ့အကြုံများစွာရရှိသည့် အဖိုးတန် သင်တန်းတစ်ခုဖြစ်ပြီး လက်တွေ့နယ်ပယ်လုပ်ငန်းခွင်တွင်လည်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် သင်တန်းခန်းမဆောင်၌ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံစဉ်ထည့်သွင်းပြောကြားသည်။ **(ယာပုံ)**

တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က နိုင်ငံရေးသမိုင်းနောက်ခံနှင့် ပတ်သက်၍ မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ပြည်ထောင်စုသားများနှင့် စုစည်းတည်ဆောက်ထားသည့် နိုင်ငံတစ်ခုဖြစ်ပြီး ဘုန်းမီးနေလထွန်းတောက်ခဲ့ကြောင်း၊ သို့သော်ဗြိတိသျှနယ်ချဲ့တို့၏ ကျူးကျော်စစ်များကြောင့် ၁၈၈၅ ခုနှစ်တွင် လွတ်လပ်ရေးပါ ဆုံးရှုံးခဲ့ရပြီး ပြည်တွင်းသစ္စာဖောက်တို့၏ သစ္စာမဲ့သည့်ဖြစ်ရပ်များကြောင့် နယ်ချဲ့များ ရတနာပုံနန်းတော်အထိ အလွယ်တကူဝင်ရောက်နိုင်ခဲ့ပြီး မိမိတို့ ထီးနန်းပျောက်ခဲ့ရကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးမှုကြောင့် တိုင်းပြည်၏နယ်မြေများ အပြောင်းအလဲ ဖြစ်ခဲ့ရကြောင်း၊ လွတ်လပ်ရေးရပြီးနောက် လက်ရှိနယ်နိမိတ်အတိုင်း တည်မြဲနေအောင်၊ မပွန်းပဲ့ မပြိုကွဲအောင် တပ်မတော်နှင့် ပြည်သူတို့ လက်တွဲ၍ ယနေ့ထိအောင် ထိန်းသိမ်းခဲ့ရကြောင်း။

လွတ်လပ်ရေးဆုံးရှုံးခဲ့ရမှု၏ အကျိုးဆက်များကို လွတ်လပ်ရေးရပြီးသည့်တိုင် အချုပ်အခြာအာဏာ အပြည့်အဝမရရှိဘဲ ဆက်လက်ခံစားခဲ့ရကြောင်း၊ အတိတ်သမိုင်းမှရသည့် အတွေ့အကြုံများအရ ယင်းအန္တရာယ်များကို ကျော်လွှားနိုင်ရန် လိုအပ်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ရသည်ကို နားလည်ရန်လိုကြောင်း။

လွတ်လပ်ရေးရပြီးနောက် ပါလီမန် ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့ကြောင်း၊ ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ် ကြားကာလတွင် ကမ္ဘာ့နိုင်ငံရေး၌ အရင်းရှင်စနစ်နှင့် ကွန်မြူနစ်၊ ဆိုရှယ်လစ်စနစ် နှစ်ခုအားပြိုင်ခဲ့သည်ကို တွေ့ရကြောင်း၊ စစ်ရှုံးနိုင်ငံများ၊ လွတ်လပ်ရေးဆုံးရှုံးသည့် နိုင်ငံအများစုသည် ကွန်မြူနစ် အယူအဆများကို လက်ခံခဲ့ကြကြောင်း၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံတွင်လည်း နိုင်ငံရေးလုပ်ဆောင်သူများနှင့် တပ်မတော်ပိုင်းတွင်ပါ ယင်းအယူအဆများ အုပ်စုကွဲနေခဲ့ကြောင်း၊ အရင်းရှင်နှင့် ကွန်မြူနစ်အုပ်စုကြီးနှစ်ခု အတွင်း၌ပင် ထပ်မံ၍အုပ်စုများ ကွဲပြားနေသဖြင့် ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးသော်လည်း ရောပွမ်းနိုင်ငံရေးစနစ်ဖြစ်နေသည်ကို တွေ့ရကြောင်း။



နိုင်ငံဖြတ်သန်းခဲ့ရသည့်သမိုင်းကြောင်းအရ လွတ်လပ်ရေးမရမီချုပ်ဆိုခဲ့သည့် ပင်လုံစာချုပ်အပေါ်အခြေခံပြီးရေးဆွဲခဲ့သည့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ အားနည်းမှုကြောင့် ပြည်ထောင်စုကြီးမပြိုကွဲစေရန် တပ်မတော်အနေဖြင့် ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းအချိန်ကနိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် နိုင်ငံခြားသားများ၊ သွေးနှောများ၏ လက်ဝါးကြီးအုပ် လွှမ်းမိုးချုပ်ကိုင်မှုများသည်လည်း နိုင်ငံ၏ အကျပ်အတည်းတစ်ခုအဖြစ်တွေ့ရကြောင်း၊ တော်လှန်ရေးကောင်စီခေတ်တွင်လည်း အရင်းရှင်စနစ်အုပ်စု၊ ကွန်မြူနစ်အုပ်စုနှင့် ဆိုရှယ်လစ်အုပ်စုစသည်ဖြင့် ကွဲပြားမှုများရှိခဲ့သော်လည်း ဆိုရှယ်လစ်စနစ်ကျင့်သုံးခဲ့ကြောင်း၊ ယင်းနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံးတွင် ဆိုရှယ်လစ် အုပ်ချုပ်မှုစနစ်၊ စီမံကိန်းစီးပွားရေးစနစ်ကျင့်သုံးခဲ့ကြောင်း၊ ယင်းစနစ်တွင် နိုင်ငံတော်မှ တာဝန်ယူမှုကို ဖောင်းပေးထားသည့်အတွက် လူများ၏အသိစိတ်ဓာတ်ဆိုင်ရာ အားနည်းချက်များဖြစ်ပေါ်စေခဲ့သကဲ့သို့ အုပ်ချုပ်ရေးနှင့်စီးပွားရေးစီမံကိန်းများ အားနည်းခဲ့ကြောင်း၊ ယင်းအထွေထွေအားနည်းချက်များကြောင့် ၁၉၈၈ခုနှစ်တွင် ဆူပူအုံကြွမှုကြီးဖြစ်ပေါ်ပြီး ပြည်သူတို့က ပါတီစုံဒီမိုကရေစီစနစ်ကို တောင်းဆိုခဲ့ကြောင်း၊ ထို့ကြောင့်တပ်မတော်က အခြေအနေအရပ်ရပ်ကို ဝင်ထိန်းသိမ်းခဲ့ပြီး ယင်းအချိန်မှစ၍ ဗဟိုဦးစီးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည့်ကာလတွင် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနိုင်ရန် နိုင်ငံရေးအခင်းအကျင်းများ ပြင်ဆင်ချထားခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

လက်ရှိကျင့်သုံးနေသည့် ပါတီစုံဒီမိုကရေစီစနစ် ပထမအဆင့် ငါးနှစ်သက်တမ်းတွင်လည်း တပ်မတော်အနေဖြင့် ယင်းလမ်းကြောင်းတွင် ခိုင်ခိုင်မာမာရပ်တည်လျှောက်လှမ်းနိုင်ရန် ပါဝင်လုပ်ဆောင်ခဲ့ကြောင်း၊ တိုးတက်မှုများလည်း ရရှိခဲ့ကြောင်း၊ ဆက်လက်လျှောက်လှမ်းရမည့် ဒုတိယအဆင့်တွင်လည်း လက်ရှိအခြေအနေများမှ ယိမ်းယိုင်မှုကို လက်မခံနိုင်ကြောင်း၊ မိမိနိုင်ငံ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိဖြင့် ရပ်တည်နိုင်အောင် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများမှ ယုံကြည်မှုရှိရမည်ဖြစ်ကြောင်း၊ မိမိတို့ သွားနေသည့်လမ်းကြောင်းပေါ်တွင် မှန်ကန်စွာရပ်တည်ကြရမည်ဖြစ်ကြောင်း၊ ယင်းသို့ထိန်းသိမ်းလုပ်ဆောင်သွားနိုင်ပါက လာမည့် ၁၀ နှစ်၊ ၁၅နှစ်အတွင်း ယခုထက် တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍လည်း လွတ်လပ်၍ တက်ကြွသောနိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒများအား ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းဆောင်ရွက်နေကြောင်း၊ မည်သည့်နိုင်ငံ၊ မည်သည့်အုပ်စု၏ နောက်လိုက် မဟုတ်သကဲ့သို့ မိမိနိုင်ငံအနေဖြင့် မိတ်ဆွေနိုင်ငံများသာရှိပြီး ရန်သူနိုင်ငံမရှိကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးကဏ္ဍတွင် တိုင်းပြည်မယိုင်လဲ၊ မပြိုကွဲစေရန် ပါဝင်နေခြင်းဖြစ်ကြောင်း၊ မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ် ကျင့်သုံးရာတွင် တည်ငြိမ်အေးချမ်းမှုသည် အဓိကကျကြောင်း၊ တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုမရှိပါက ပရမ်းပတာဒီမိုကရေစီသာ ဖြစ်နိုင်ကြောင်း၊ စည်းနှင့်ကမ်းနှင့် ဒီမိုကရေစီဖြစ်ရန်အတွက် ဥပဒေလေးစားလိုက်နာမှုသည် အရေးကြီးကြောင်း၊ ဒီမိုကရေစီစနစ်အား လက်ခံပါက၊ လေးစားမြတ်နိုးပါက၊ အဓွန့်ရှည်စေလိုပါက စည်းကမ်းရှိရန်၊ ဥပဒေကို လေးစားလိုက်နာရန်လိုကြောင်း၊ ဒီမိုကရေစီကို ပုံဖော်နေသည့် ပြည်သူပြည်သားများ စည်းကမ်းနှင့်ဥပဒေကို လေးစားလိုက်နာရမည် ဖြစ်သကဲ့သို့ ဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်သားများ အနေဖြင့်လည်း စည်းကမ်းနှင့်ဥပဒေကို စံနမူနာပြလိုက်နာရမည်ဖြစ်ကြောင်း။

စီးပွားရေးသည် တိုင်းပြည်တစ်ခု၏ အဓိကကျသည့် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ စီးပွားရေးကောင်းမွန်မည်ဆိုပါက နိုင်ငံရေးတည်ငြိမ်မှုရှိမည်ဖြစ်ပြီး ကာကွယ်ရေးစွမ်းအားလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှုရှိမှလည်း စီးပွားရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့သည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေကြောင်း၊ မြန်မာနိုင်ငံ၏ရည်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းရှိသည့် ဒီမိုကရေစီနိုင်ငံသွားရန်ဖြစ်ကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးအားကောင်းရန်လိုကြောင်း၊ နိုင်ငံတကာတွင် ထာဝရမိတ်ဆွေနိုင်ငံ၊ ထာဝရရန်သူနိုင်ငံဟူ၍မရှိဘဲ ထာဝရစီးပွားရေး၊ ထာဝရအကျိုးစီးပွားသာရှိကြောင်း၊ စီးပွားရေးအားကောင်းရန်အတွက် တိုင်းပြည်၏ပကတိအခြေအနေကို ပစ်ပယ်၍မရကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို သွားနေခြင်းဖြစ်ပြီး စည်းကမ်းနှင့်ဥပဒေသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ အဖွဲ့အစည်းတစ်ခု၏ ထုတ်ပြန်သောတိုက်တွန်းချက်၊ တားမြစ်ချက်များဖြစ်ပြီး ဥပဒေဆိုသည်မှာ တစ်နိုင်ငံလုံးနှင့်သက်ဆိုင်ကြောင်း၊ ဥပဒေသည် ပြင်းထန်ပြီး ကန့်သတ်ချက်၊ သတ်မှတ်ချက်နှင့် အရေးယူရန်ပုဒ်မများပါရှိကြောင်း၊ တပ်မတော်သားများအနေဖြင့် ယင်းတို့ကို သိရှိထားရန်နှင့် လိုက်နာရန်လိုအပ်ကြောင်း၊ တပ်မတော်၏စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို သိရှိနားလည်ရမည်ဖြစ်ပြီး နယ်ဘက်ဆိုင်ရာဥပဒေစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကိုလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်သော မူဝါဒများကို နားလည်ထားရန်လိုအပ်ကြောင်း၊ နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များကို နိုင်ငံအလိုက် သိရှိနားလည်အောင် လေ့လာထားရန်လိုကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီး ၇၉ ဦးတို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စစ်သမိုင်းပြတိုက်သို့ သွားရောက်၍ဧည့်ကြိုဆောင်အတွင်း ခင်းကျင်းပြသထားသော ပြခန်းများနှင့် ရှေးခေတ်မြန်မာ့တပ်မတော် စတင်ပေါ်ပေါက်လာချိန်မှစတင်၍ မျက်မှောက်ကာလအထိ အကြောင်းအရာများကို ခင်းကျင်းပြသထားသည့် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြရာ **(အပေါ်ဝဲပုံ)** မော်ကွန်းတိုက်မှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြခန်းများတွင် ရုပ်လုံးရုပ်ကြွများ၊ ဓာတ်ပုံများ ထပ်မံဖြည့်တင်း ပြသနိုင်ရေးနှင့် ယခုထက်ပိုမိုအဆင့်မြှင့်တင်၍ ပြသနိုင်ရေး ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

---

## ပခုက္ကူမြို့နယ် ရေလာကြီးကျေးရွာ ရေအလှူတော်ပေး

**ပခုက္ကူ မတ် ၉** - မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရေလာကျေးရွာအုပ်စုရေလာကြီးကျေးရွာ၌ မြေအောက်စက်ရေတွင်းပြုပြင်စဉ် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် တိလောကရေအလှူရှင်တို့က ရေသယ်မော်တော်ယာဉ်များဖြင့် မတ် ၉ ရက်က ကျေးရွာအရောက် စုပေါင်းရေလှူဒါန်းကြောင်း သိရသည်။

အဆိုပါ ပြုပြင်ဆောင်ရွက်သောစက်ရေတွင်းကို ရေလာကြီးကျေးရွာမှ ကုန်ကျစရိတ်ကျခံ၍ပြုပြင်ရာ တစ်နာရီရေထွက်နှုန်း ဂါလန် ၂၀၀၀ ကျော်ထွက်ရှိပြီး ရေလာလေးကျေးရွာတွင်လည်း ဆောင်ရွက်နေချိန်အတွင်း သောက်သုံးရေများကို ကျေး/လက်ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက်လှူဒါန်းကြောင်း သိရသည်။

**စိန်မြိုင် (မြိုင်)**

# နှစ်နိုင်ငံဆက်ဆံရေးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် မတ် ၉**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တူရကီနိုင်ငံ သံအမတ်ကြီး H.E.Mr. Murat Yavuz Ates အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်မှုများ၊ နှစ်နိုင်ငံအကြား ဆက်ဆံရေးတိုးတက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ၊ စစ်ဘက်ဆက်ဆံရေးဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦးတို့ တက်ရောက်ကြကြောင်း သတင်း ရရှိသည်။ **(မြဝတီ)**

◆ ***ကျောဖုံးမှ***

ရန်ကုန်ဘတ်(စ်)ကား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်က ပြော သည်။

ရန်ကုန်မြို့၌ ဖေဖော်ဝါရီ ၇ ရက်ကစတင်ကာ အမြန်ဘတ်(စ်)ကား ယာဉ်လိုင်း (BRT) ကို လမ်းကြောင်း အမှတ် (၁)အနေဖြင့် ပြည်လမ်းမကြီး အတိုင်း ထောက်ကြန့်လမ်းဆုံက စတင်ထွက်ခွာကာ နွယ်ခွေမှတ်တိုင်၊ ဘိုခြံမှတ်တိုင်၊ ဝိုင်ယာလက်မှတ်တိုင်၊ ခရေပင်လမ်းခွဲမှတ်တိုင်၊ စော်ဘွားကြီး ကုန်းမှတ်တိုင်၊ ရှစ်မိုင်မှတ်တိုင်၊ လှည်းတန်း (မာလာဆောင်) မှတ်တိုင်၊ စိုက်ပျိုးရေးမှတ်တိုင်၊ မြေနီကုန်း မှတ်တိုင်၊ စိန်ကျွန်းမှတ်တိုင်နှင့် ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း ဆုံမှတစ်ဆင့် ဗိုလ်ချုပ်အောင်ဆန်း လမ်းမအတိုင်း သရက်တောမှတ်တိုင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဆူးလေ ဘုရားလမ်းဆုံမှတ်တိုင်၊ ကမ္ဘာအေး ဘုရားလမ်းမှတစ်ဆင့် ဗဟန်း(၃) လမ်းမှတ်တိုင်၊ ရွှေဂုံတိုင်မှတ်တိုင်၊ ကုက္ကိုင်းမှတ်တိုင်၊ ချော်တွင်းကုန်း မှတ်တိုင်၊ နဝဒေးကုန်းထိပ်မှတ်တိုင် မှတစ်ဆင့် ကမ္ဘာအေးဘုရားလမ်းနှင့် ပြည်လမ်းလမ်းဆုံရှိ ရှစ်မိုင်မှတ်တိုင်၊ စော်ဘွားကြီးကုန်းမှတ်တိုင်၊ ခရေပင် လမ်းခွဲမှတ်တိုင်၊ ဝိုင်ယာလက်မှတ် တိုင်၊ ဘိုခြံမှတ်တိုင်၊ နွယ်ခွေမှတ်တိုင် မှတစ်ဆင့် စတင်ထွက်ခွာပြီး ထောက်ကြန့်လမ်းဆုံ၌ ခရီးစဉ်ဆုံး မည်ဖြစ်သည်။

အလားတူ မတ် ၁ ရက်က စတင် ပြေးဆွဲပေးလျက်ရှိသော အမြန် ဘတ်(စ်)ကားယာဉ်လိုင်း (BRT) လမ်းကြောင်း အမှတ်(၂) သည် ပြည်လမ်းတစ်လျှောက် ထောက်ကြန့် လမ်းဆုံ၊ နွယ်ခွေ၊ ဘိုခြံ၊ ဝိုင်ယာလက်၊ စော်ဘွားကြီးကုန်းမှတစ်ဆင့် ကမ္ဘာ အေးဘုရားလမ်းအတိုင်း နဝဒေး ကုန်းထိပ်၊ ချော်တွင်းကုန်း၊ ကုက္ကိုင်း၊ ရွှေဂုံတိုင်၊ ဗဟန်း (၃)လမ်းနှင့် ရေခဲ ဆိုင်မှတ်တိုင်၊ ဆူးလေဘုရားလမ်း နှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့် မှတ်တိုင်၊ ပန်းဆိုးတန်းမှတ်တိုင်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့် မှတ်တိုင်၊ ဗိုလ်တထောင်ဘုရားလမ်း နှင့် ကမ်းနားလမ်းထောင့်မှတ်တိုင်မှ တစ်ဆင့် ကမ်းနားလမ်းနှင့် ဘုန်းကြီး လမ်းထောင့်ရှိ မှတ်တိုင်တွင်ရပ်ပြီး ပြည်လမ်းတစ်လျှောက် စိန်ကျွန်း၊ မြေနီကုန်း၊ စိုက်ပျိုးရေး၊ လှည်းတန်း (မာလာဆောင်)၊ ရှစ်မိုင်၊ စော်ဘွားကြီး ကုန်း၊ ခရေပင်လမ်းခွဲ၊ ဝိုင်ယာလက်၊ ဘိုခြံ၊ နွယ်ခွေနှင့် ထောက်ကြန့်လမ်းဆုံ တွင် ခရီးစဉ်ပြန်လည်ဆုံးမည်ဖြစ် သည်။

"အခုလို အများပိုင်ဘတ်(စ်)ကား ယာဉ်လိုင်းပေါ်လာတာ တစ်ခု ကောင်းပါတယ်။ သက်သောင့်သက် သာနဲ့ ခရီးသွားလို့ အဆင်ပြေပါတယ်။ စပယ်ယာနဲ့လည်း စကားမပြောရ တော့ဘူး။ တစ်ခုပါပဲ၊ လမ်းကြောင်းက နည်းသေးတော့ ပြည်သူတွေစီးရတာ အဆင်မပြေဘူးဖြစ်နေတယ်။ ခရီးစဉ် ဒီထက်များများပြေးဆွဲပေးဖို့ လိုအပ် တယ်လို့မြင်တယ်။ ပြီးတော့ ခရီးသွား ပြည်သူတွေအတွက် အခက်အခဲ တစ်ခုဖြစ်တာက မှတ်တိုင်တွေတစ်ခုနဲ့ တစ်ခု ကွဲလွန်းတယ်လို့မြင်တယ်။ ကျွန်တော်ကတော့ မှတ်တိုင်နဲ့ သိပ်မဝေးပါဘူး။ သူငယ်ချင်း တစ်ယောက်ဆို မှတ်တိုင်နဲ့ဝေးတော့ စီးချင်ပေမယ့်လည်း မစီးဖြစ်ဘူးပြော ပါတယ်" ဟု ထောက်ကြန့်မှ ရန်ကုန် မြို့တွင်းသို့ လာရောက်အလုပ်ဆင်း သည့် ကိုမင်းမင်းထွန်းက ပြော သည်။

အဆိုပါ အမြန်ဘတ်(စ်)ကား ယာဉ်လိုင်း (BRT) ကို ရန်ကုန်ခရီး သွားပြည်သူများ အဆင့်မြင့်မြင့်ဖြင့် သွားလာနိုင်စေရန်အတွက် ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၀ ဘီလီယံနှင့် အများပြည်သူမှ ၁၅ ဘီလီယံ စုစုပေါင်းငွေကျပ် ၂၅ ဘီလီယံမတည်ကာ စတင်ပြေးဆွဲ ပေးခဲ့ခြင်းဖြစ်သည်။

အမြန်ဘတ်(စ်) ကားယာဉ်လိုင်း (BRT) ကို စီးနင်းလိုသည့်ခရီးသည် များအနေဖြင့် ကုမ္ပဏီမှ Anypay Card ကိုရယူကာ စီးနင်းလိုက်ပါ နိုင်ပြီး ကတ်မရှိသည့်ခရီးသွားများ အနေဖြင့် မည်သည့်ခရီးစဉ်မဆို ငွေကျပ် ၃၀၀ ပေးကာ လိုက်ပါစီးနင်း နိုင်မည်ဖြစ်သည်။ ယခုအခါ အမြန် ဘတ်(စ်)ကားယာဉ်လိုင်း (BRT) များ၌ ခရီးစဉ်လမ်းကြောင်း(၁) တွင် နေ့စဉ် ခရီးသွားပြည်သူ ၃၀၀၀ ကျော် လိုက်ပါစီးနင်းလျက်ရှိပြီး များမကြာမီ မတ် ၁ ရက်က စတင် ပြေးဆွဲသောခရီးစဉ် လမ်းကြောင်း(၂) တွင် နေ့စဉ်ခရီးသွား ပြည်သူ ၁၅၀၀ ဝန်းကျင်ခန့်သာ လိုက်ပါစီးနင်း လျက်ရှိကြောင်း သိရသည်။

# ကော့သောင်း၌ လှေနစ်မြုပ်မှုအား တပ်မတော်(ရေ)က ကယ်ဆယ်ရေးဆောင်ရွက်

**နေပြည်တော် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်အခြေပြု၍ ခရီးသွား လုပ်ငန်းလုပ်ကိုင်လျက်ရှိသော Myanmar Andaman Resort ကုမ္ပဏီမှ လုပ်ငန်းသုံးလှေတစ်စင်းသည် မတ် ၇ ရက် ညနေ ၅ နာရီခွဲက ကော့သောင်း မြို့၏မြောက်ဘက် ငါးမိုင်ခန့်အကွာ ဇာဒက်ငယ်ကျွန်း၏ အရှေ့တောင်ဘက်အနီး ပင်လယ်ပြင်၌ လှေအတွင်းသို့ ရေဝင်နစ်မြုပ်မှုဖြစ်ပွားခဲ့သည်။ ယင်းလှေပေါ်၌ လိုက်ပါလာသူနှစ်ဦးကို တနင်္သာရီရေတပ်စခန်းဌာနချုပ်ကွပ်ကဲမှုအောက်ရှိ စစ်ရေယာဉ်တစ်စင်းမှ တပ်မတော်သားများက ရှာဖွေကယ်ဆယ်မှုဆောင်ရွက်နိုင် ခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



# နေတစ်ဝက်တစ်ပျက်ကြတ်ခြင်းဖြစ်စဉ်အား မြန်မာနိုင်ငံ နေရာဒေသတချို့မှ မြင်တွေ့ခဲ့

**နေပြည်တော် မတ် ၉**

မတ် ၉ ရက် **(ယနေ့)** နံနက် အစောပိုင်းက နေတစ်ဝက်တစ်ပျက် ကြတ်ခြင်းဖြစ်စဉ် ဖြစ်ပေါ်ခဲ့ရာ မြန်မာနိုင်ငံ နေရာဒေသအချို့တို့မှ မြင်တွေ့ရပြီး ယင်းဖြစ်စဉ်အား ပြည်သူများ စိတ်ဝင်တစား ကြည့်ရှု ခဲ့ကြကြောင်း သိရသည်။



**တစ်ဝက်တစ်ပျက် နေကြတ်မှုဖြစ်စဉ်ကို မြန်မာနိုင်ငံ ရန်ကုန်မြို့မှ တွေ့မြင်ရသည့်မြင်ကွင်း။**

အဆိုပါ နေကြတ်ခြင်းကို မြန်မာနိုင်ငံတွင် ရာသီဥတုအခြေ အနေကြောင့် ကောင်းကင်၌ မိုးတိမ် များဖြစ်ပေါ်ခဲ့သော်လည်း အဆိုပါ နေကြတ်ခြင်းကို ရှားပါးသည့် နက္ခတ် ဗေဒဆိုင်ရာ ဖြစ်စဉ်ဖြစ်သဖြင့် စောင့်ကြည့်ရမှုမှာ စိတ်ဝင်စားဖွယ် ကောင်းကြောင်း လေ့လာ စောင့်ကြည့်သူများထံမှ သိရသည်။

အဆိုပါ နေတစ်ဝက်တစ်ပျက် ကြတ်ခြင်းကို ဩစတြေးလျ၊ အရှေ့ တောင်အာရှနိုင်ငံအချို့နှင့် ပစိဖိတ် အလယ်ပိုင်းဒေသတို့တွင် မြင်တွေ့နိုင် ပြီး အင်ဒိုနီးရှားနှင့် အခြားဒေသများ တွင် နေကြတ်ခြင်းကို အပြည့်အဝ မြင်တွေ့ရကြောင်း သိရသည်။

"နေကြတ်တာတို့၊ လကြတ်တာ တို့က နှစ်စဉ်နှစ်တိုင်း ကြုံတွေ့နေတဲ့ အနေအထားရှိပါတယ်။ အခုနေကြတ် တဲ့ဖြစ်စဉ်ကို မြန်မာနိုင်ငံရှိ နေရာ ဒေသအချို့မှ မြင်တွေ့ရတယ်။ အချို့ ဒေသတွေမှာ မိုးရွာတာတွေ၊ တိမ် ထူထပ်နေတာတွေ၊ မြူတွေဖုံးလွှမ်းနေ တာကြောင့် နေကြတ်တာကို မမြင်တွေ့ကြရဘူး။ နေကြတ်မှုဖြစ်တဲ့ အချိန်က တစ်နေရာနဲ့ တစ်နေရာ မတူဘူး။

"မြန်မာနိုင်ငံမှာ နံနက် ၅ နာရီ ဝန်းကျင်မှ နံနက် ၉ နာရီခွဲလောက် မြင်တွေ့ရမယ်လို့ နာဆာကထုတ်ပြန် ခဲ့ပေမယ့် ရာသီဥတုအခြေအနေ ကြောင့် နေရာဒေသအချို့မှာ နံနက် ၇ နာရီ ဝန်းကျင်လောက်မှသာ မြင်တွေ့ရတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးဦးက ပြောသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ယင်းနေကြတ်ခြင်းဖြစ်စဉ်ကို ၄၂ ရာခိုင်နှုန်းခန့် မြင်တွေ့ရမည်ဖြစ် ကြောင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် လတွင် နေအပြည့်ကြတ်ခြင်း ဖြစ်စဉ် ထပ်မံဖြစ်ပွားနိုင်ကြောင်း၊ ယင်းဖြစ်စဉ်ကို အမေရိကန်နိုင်ငံမှ မြင်တွေ့ရမည်ဖြစ်ကြောင်း နာဆာ က ထုတ်ပြန်ထားသည်။

နေကြတ်ခြင်း ဆိုသည်မှာ ကမ္ဘာနှင့် နေကြားကို လက ဖြတ် သွားချိန်တွင် လ၏အရိပ် ကမ္ဘာပေါ် သို့ကျရောက်စဉ် နေကြတ်ခြင်း ဖြစ်စဉ် ဖြစ်ပေါ်ခြင်းဖြစ်သည်။

**တင်မောင်လွင်(မြန်မာ့အလင်း)**

# တက္ကသိုလ်ဝင်စာမေးပွဲ အမြို့မြို့အနယ်နယ်၌ စတင်ဖြေဆို

**မန္တလေး**

မန္တလေးတိုင်းဒေသကြီး၌ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာဖြေဌာန ၁၆၅ ခုရှိရာ ကျောင်းသား ၄၀၂၁၇ ဦး၊ ကျောင်းသူ ၅၁၄၇၀ ဦး စုစုပေါင်း ၉၁၆၈၇ ဦး ဖြေဆိုပြီး ဖြေဆိုမှုရာခိုင်နှုန်း ၉၅ ဒသမ ၈၅ ရှိကြောင်း၊ ဖြေဆိုရန် ကျောင်းသား ၄၂၅၉၄ ဦး ကျောင်းသူ ၅၃၀၆၂ ဦး လျှောက်လွှာတင်ခဲ့ရာ ကျောင်းသား ၂၃၇၇ ဦးနှင့် ကျောင်းသူ ၁၅၉၂ ဦး စုစုပေါင်း ၃၉၆၉ ဦး ပျက်ကွက်ခဲ့ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဆွံ့အနားမကြားကျောင်းမှ ခုနစ်ဦး၊ မန္တလေးဆေးရုံကြီး၊ ကျောက်ဆည်၊ ကျောက်ပန်းတောင်း၊ စဉ့်ကူး၊ တောင်သာနှင့် ဝဲလောင်ဆေးရုံတို့၌ ဖြေဆိုသူ ၁၃ ဦးနှင့် သီးခြားခန်း၌ ဖြေဆိုသူခုနစ်ဦးရှိကြောင်း တိုင်းဒေသကြီး ပညာရေးမှူးရုံးက ထုတ်ပြန် ထားကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

**ကယား**

၂၀၁၅-၂၀၁၆ ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၉ ရက် နံနက် ၉ နာရီက စာစစ်ဌာန ၁၄ ခုတွင် စတင်ဖြေဆိုကြကြောင်း သိရသည်။ ကယားပြည်နယ်ရှိ စာစစ်ဌာနအလိုက် စာရင်းရှိ ကျောင်းသား ၁၇၅၈ ဦး၊ ကျောင်းသူ ၃၁၁၉ ဦး စုစုပေါင်း ၄၈၇၇ ဦးရှိပြီး ယနေ့ဖြေဆိုသူဦးရေ ကျောင်းသား ၁၆၃၂ ဦး၊ ကျောင်းသူ ၃၀၀၀ ပေါင်း ၉၄ ဒသမ ၉၈ ရာခိုင်နှုန်း ဖြေဆိုပြီး ပျက်ကွက်ကျောင်းသား ၁၂၆ ဦး၊ ကျောင်းသူ ၁၁၉ ဦး ပေါင်း ၂၄၅ ဦးရှိပြီး ပျက်ကွက်သူ ၅ ဒသမ ၀၂ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ **ရဲနောင်(လွိုင်ကော်)**

**မူဆယ်**

၂၀၁၆ ခု ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ မြန်မာစာ ဘာသာရပ်တွင် ဖြေဆိုမည့်သူစာရင်းရှိဦးရေ ၁၁၃၄ ဦး၊ လာရောက် ဖြေဆိုသူဦးရေ ၁၁၀၄ ဦး၊ လာရောက်ဖြေဆိုရန် ပျက်ကွက်သူဦးရေ ၃၁ ဦး၊ မူဆယ်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ကိုယ်ပိုင်အထက်တန်း ကျောင်းတို့၏ ဖြေဆိုသူဦးရေမှာ ၉၇ ဒသမ ၂၇ ရာခိုင်နှုန်းရှိကြောင်း သိရ သည်။ **ကိုမိုင်း(ပြန်/ဆက်)**

**တောင်ပြိုလက်ဝဲ**

မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့ အထကကျောင်းရှိ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာစစ်ဌာန အသစ်ရရှိခဲ့သည်။ အဆိုပါ စာစစ်ဌာနအသစ်၌ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၁၀ ရှိသည့်အနက် ရှစ်ဦးမှာ ဖြေဆိုရန် ပျက်ကွက်သဖြင့် ၁၀၂ ဦးသာဖြေဆိုခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

*** ရှေ့မှ**

မြန်မာ့အလင်း သတင်းထောက် တင်မောင်လွင်၏ မေးမြန်းချက်ကို မြန်မာစာဖြေဆိုပြီး ပြန်လည်ထွက်လာခဲ့သော တပ်ကုန်းမြို့နယ် အလယ်ကျွန်းစံပြကျေးရွာမှ မောင်ကောင်းမြတ်ကျော်က ပြောသည်။

တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတို့တွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုရန် စာရင်းပေးထားသူ ဦးရေမှာ ၆၇၁၆၇၀ ဦး ရှိခဲ့ပြီး ယနေ့ ပထမဆုံးဖြေဆိုသည့်နေ့တွင် ကျောင်းသား ကျောင်းသူ ၆၃၆၂၄၂ ဦး ဖြေဆိုခဲ့ကာ ကျောင်းသား ကျောင်းသူ သုံးသောင်းကျော်မှာ ဖြေဆိုရန် ပျက်ကွက်ခဲ့ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်တွင် ဆေးရုံစာစစ်ဌာန ခုနစ်ခုခန့်ရှိခဲ့ပြီး ယင်းစာစစ်ဌာနများမှ ဖြေဆိုသူ စုစုပေါင်း ၃၉ ဦး ခန့်ရှိကြောင်း၊ ထို့အပြင် မျက်မမြင် ဖြေဆိုသူစုစုပေါင်း ၂၂ ဦးခန့် ရှိလာပြီး ဒဂုံမြို့နယ်အမှတ်(၂)အခြေခံပညာ အလယ်တန်းကျောင်း၌ ဆွံ့အနားမကြားဖြေဆိုသူ ၁၁ ဦး ခန့်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

ထို့ပြင် ကိုယ်လက်အင်္ဂါ မသန်စွမ်းများအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာစစ်ဌာနများ ဖွင့်လှစ်ထားခဲ့ပြီး စုစုပေါင်းဖြေဆိုသူ ၅၅ ဦးခန့် ရှိလာခဲ့ပြီဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဗဟိုအကျဉ်းထောင် စာစစ်ဌာနတွင်လည်း အကျဉ်းသားနှင့် အချုပ်သား စုစုပေါင်း ၁၉ ဦးတို့က တက္ကသိုလ်ဝင်စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ကြပြီး မြောင်းမြမြို့နယ် စာစစ်ဌာနတွင် ကွန်ပျူတာဖြင့် ဝင်ရောက်ဖြေဆိုသည့် မသန်စွမ်းကျောင်းသူတစ်ဦးအား အချိန်ပို မိနစ် ၃၀ ခန့်ပေးကာ ဖြေဆိုစေခဲ့ကြောင်း သိရသည်။



ညောင်လေးပင်စာဖြေဌာန၌ ဖြေဆိုပြီး ပြန်ထွက်လာသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသားမိဘများ စောင့်ကြိုနှုတ်ဆက်နေကြစဉ်။ ဓာတ်ပုံ-နေလင်း(ညောင်လေးပင်)

"နေ့တိုင်း စာကိုပုံမှန်ကျက်မှတ်ခဲ့ပါတယ်။ စာမေးပွဲနီးလာတဲ့အခါမှာ ကျန်းမာရေးကို ပိုဂရုစိုက်ပြီးပြင်ဆင်ထားပါတယ်။ သမီးက ကျက်စာကို ပိုပြီး ပိုင်နိုင်တဲ့အတွက် မြန်မာစာနဲ့ ဘောဂဗေဒကို ဂုဏ်ထူးမှန်းထားပါတယ်"ဟု မန္တလေးသတင်းထောက် မင်းထက်အောင်၏ မေးမြန်းမှုကို တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ကျောင်းသူ မအိအိဇာက ပြန်လည်ဖြေကြားသည်။

တက္ကသိုလ်ဝင် စာမေးပွဲသည် ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာအဆင့်တွင် အရေးကြီးဆုံး ဖြတ်ကျော်မှုတစ်ခုဖြစ်ခြင်းကြောင့် ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့် ဆရာ ဆရာမများအတွက် စိန်ခေါ်မှုများစွာရှိနေပြီး အဘက်ဘက်က အားထုတ်ဖြည့်ဆည်းခြင်းဖြင့် အမှတ်ကောင်းရရှိကာ ဖြေဆိုနိုင်ရန် ပြင်ဆင်ထားကြခြင်းဖြစ်သည်။

"နေပူတာကိုတောင် ဂရုမစိုက်နိုင်တော့ပါဘူး။ ကလေးတွေအတွက် အရေးကြီးတဲ့နေ့တွေမို့ ကျောင်းရှေ့မှာ အချိန်ပြည့် စောင့်နေမိပါတယ်။ ဘာသာရပ်တိုင်းက သူတို့ဘဝလေးတွေရဲ့ အဆုံးအဖြတ်တွေဖြစ်လာမှာမို့ ကလေးတွေတင်မဟုတ်ပါဘူး။ မိဘတွေလည်း ရင်ခုန်နေရတာက စာမေးပွဲ ဖြေနေရသလိုပဲ" ဟု ကျောင်းသားမိဘတစ်ဦး ဖြစ်သူ ဒေါ်သက်သက်ဦးက ပြောပြသည်။

ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မူဆယ်မြို့နယ်မှ ဝင်ရောက်ဖြေဆိုသူဦးရေမှာ ၁၁၀၄ ဦးရှိပြီး လွိုင်လင်မြို့နယ်၌ ၂၄၉၀၊ ညောင်ရွှေမြို့နယ်၌ ၂၅၂၆ ဦးရှိခဲ့ပြီး လားရှိုးခရိုင်အတွင်းရှိ လားရှိုး၊ သိန္နီ၊ မိုင်းရယ်၊ တန့်ယန်းနှင့် ကွမ်းလုံမြို့တို့၌ စုစုပေါင်း ဖြေဆိုသူ ၄၈၃၂ ဦးခန့်ရှိကြောင်း မြို့နယ်သတင်းထောက်များ ပေးပို့သည့် အချက်အလက်များအရ သိရသည်။

"ကလေးတွေ အေးအေးချမ်းချမ်းနဲ့ ဖြေဆိုနိုင်ဖို့အတွက် လုံခြုံရေး၊ ကျန်းမာရေးနဲ့ လမ်းပန်းဆက်သွယ်ရေးတွေကို ဝိုင်းဝန်းတာဝန်ယူပေးကြပါတယ်။ အချိန်မီ စာမေးပွဲခန်းထဲကို ရောက်ရှိလာဖို့အတွက် ဆရာ ဆရာမတွေကလည်း စိစစ်ပေးကြတယ်။ ကျွန်တော်တို့က ဘားအံခရိုင် လိပ်သိုမြို့မှာ ဖြေဆိုသူ ၃၈၆ ဦး ဖြေဆိုခဲ့တယ်" ဟု လိပ်သိုမြို့နယ်အုပ်ချုပ်ရေးမှူးက ပြောကြားသည်။

မန္တလေးတိုင်း ဒေသကြီး၌ စာမေးပွဲဖြေဆိုရန် လျှောက်ထားသူ ၉၅၆၅၆ ရှိပြီး လာရောက်ဖြေဆိုသူမှာ ၉၁၆၈၇ ဦး ရှိသည့်အတွက် တိုင်းဒေသကြီးတစ်ခုလုံး အတိုင်းအတာဖြင့် ၉၅ ဒသမ ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့၌လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဝင်ရောက်ဖြေဆိုသူ ၁၈၆၃ ဦးရှိပြီး မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့၌ ဖြေဆိုသူ ၁၀၂ ဦးခန့်ရှိကြောင်း မြို့နယ်သတင်းထောက်များက သတင်းပေးပို့ထားသည်။

ရန်ကုန်တိုင်းဒေသကြီး၌လည်း စာစစ်ဌာန ၂၁၃ ခု ဖွင့်လှစ်ထားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ စာဖြေဌာနတို့သို့ ကြည့်ရှုကာ ကျောင်းသား ကျောင်းသူများ ဖြေဆိုမှုကို အားပေးခဲ့ကြောင်း သိရသည်။

"ဘဝကို အဆုံးအဖြတ်ပေးမယ့် စာမေးပွဲမို့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။ သူများတွေက ပြောတယ်။ တက္ကသိုလ်ဝင်တန်းက နတ်ကြီးတယ်တဲ့။ သမီးရဲ့ ရည်ရွယ်ချက်က ရေကြောင်းတက္ကသိုလ်မှာ ရေကြောင်းအင်ဂျင်နီယာ တက်ချင်တယ်။ ဒါကြောင့် ကိုးတန်းကတည်းက သေသေချာချာပြင်ဆင်ပြီး စာကျက်ခဲ့တာပါ။ မထင်ထားတဲ့ ရလဒ်တွေ ဖြစ်မလာဖို့ ညဏ်စမ်းမေးခွန်းတွေကအစ ကြိုဖြေကြည့်ရတယ်။ မြန်မာစာမေးခွန်းက လွယ်ပါတယ်။ စာကျက်ထားတဲ့သူတွေအတွက် ဂုဏ်ထူးမှန်းနိုင်တဲ့ အနေအထားပါ" ဟု အထက(၃)တာမွေတွင် ဝင်ရောက်ဖြေဆိုခဲ့သူ မသင်းသီရိမွန်က ပြောသည်။

စာမေးပွဲခေါင်းလောင်းသံအဆုံး စာမေးပွဲခန်းထဲမှ ထွက်လာကြသည့် ကျောင်းသား ကျောင်းသူများ၏ မျက်နှာပေါ်တွင် အပြုံးပွင့်များဝေနေကြသည်။ အဖြူနှင့်အစိမ်း ကျောင်းဝတ်စုံများအကြား လူငယ်များ၏ မျက်နှာမှတစ်ဆင့် မျှော်လင့်ချက် အိပ်မက်တို့ကို မြင်နေရသည်။ အေးချမ်းပျော်ရွှင်စွာဖြင့် အနာဂတ်လမ်းကို လျှောက်လှမ်းကြရန်အတွက် ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၆၃၆၂၄၂ ဦးတို့ တိုက်ပွဲဝင်နေပြီဖြစ်ပါကြောင်း။

**(မြန်မာ့အလင်း)**



တောင်ငူစာဖြေဌာန၌ ဝင်ရောက်ဖြေဆိုသည့် ကျောင်းသူများ အပြုံးကိုယ်စီဖြင့် စာမေးပွဲခန်းမှ ပြန်ထွက်လာစဉ်။ ဓာတ်ပုံ-သူရ(တောင်ငူ)

## ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမှု အခြေပြဇယား

ဘာသာ-မြန်မာစာ

ရက်စွဲ၊ ၉-၃-၂၀၁၆

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ဖြေဆိုသည့် ရာခိုင်နှုန်း | ပျက်ကွက် | | | ပျက်ကွက် ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | ကျား | မ | ပေါင်း | | |
| ၁။ | ကချင် | ၅၉ | ၁၁၀၁၇ | ၁၇၆၅၇ | ၂၈၆၇၄ | ၁၀၂၁၁ | ၁၆၉၈၁ | ၂၇၁၉၂ | ၉၄.၈၃ | ၈၀၆ | ၆၇၆ | ၁၄၈၂ | ၅.၁၇ | |
| ၂။ | ကယား | ၁၄ | ၁၇၅၈ | ၃၁၁၉ | ၄၈၇၇ | ၁၆၃၃ | ၃၀၀၀ | ၄၆၃၃ | ၉၅.၀၀ | ၁၂၅ | ၁၁၉ | ၂၄၄ | ၅.၀၀ | |
| ၃။ | ကရင် | ၃၃ | ၅၂၈၆ | ၉၁၃၀ | ၁၄၄၁၆ | ၄၈၃၂ | ၈၇၂၉ | ၁၃၅၆၁ | ၉၄.၀၇ | ၄၅၄ | ၄၀၁ | ၈၅၅ | ၅.၉၃ | |
| ၄။ | ချင်း | ၂၃ | ၄၆၇၂ | ၆၅၁၆ | ၁၁၁၈၈ | ၄၀၁၇ | ၅၈၀၆ | ၉၈၂၃ | ၈၇.၉၈ | ၆၅၅ | ၇၁၀ | ၁၃၆၅ | ၁၂.၀၂ | |
| ၅။ | စစ်ကိုင်း | ၁၇၈ | ၃၅၈၄၉ | ၄၉၂၄၀ | ၈၅၀၈၉ | ၃၄၀၂၉ | ၄၇၇၇၉ | ၈၁၈၀၈ | ၉၆.၁၄ | ၁၈၂၀ | ၁၄၆၁ | ၃၂၈၁ | ၃.၈၆ | |
| ၆။ | တနင်္သာရီ | ၃၈ | ၅၉၂၂ | ၁၀၆၄၀ | ၁၆၅၆၂ | ၅၅၁၀ | ၁၀၂၅၈ | ၁၅၇၆၈ | ၉၅.၂၀ | ၄၁၂ | ၃၈၂ | ၇၉၄ | ၄.၇၉ | |
| ၇။ | ပဲခူး | ၁၁၇ | ၂၂၉၈၂ | ၃၁၆၂၄ | ၅၄၆၀၆ | ၂၁၂၅၇ | ၃၀၃၆၆ | ၅၁၆၂၃ | ၉၄.၅၄ | ၁၇၂၅ | ၁၂၅၈ | ၂၉၈၃ | ၅.၄၆ | |
| ၈။ | မကွေး | ၁၂၀ | ၂၇၆၉၇ | ၃၅၁၅၂ | ၆၂၈၄၉ | ၂၆၁၇၉ | ၃၄၂၅၈ | ၆၀၄၃၇ | ၉၆.၁၆ | ၁၅၁၈ | ၈၉၄ | ၂၄၁၂ | ၃.၈၄ | |
| ၉။ | မန္တလေး | ၁၆၅ | ၄၂၅၉၄ | ၅၃၀၆၂ | ၉၅၆၅၆ | ၄၀၂၁၇ | ၅၁၄၇၀ | ၉၁၆၈၇ | ၉၅.၈၅ | ၂၃၇၇ | ၁၅၉၂ | ၃၉၆၉ | ၄.၁၅ | |
| ၁၀။ | မွန် | ၄၈ | ၇၈၆၈ | ၁၂၈၆၁ | ၂၀၇၂၉ | ၇၃၀၉ | ၁၂၃၇၂ | ၁၉၆၈၁ | ၉၄.၉၄ | ၅၅၉ | ၄၈၉ | ၁၀၄၈ | ၅.၀၆ | |
| ၁၁။ | ရခိုင် | ၁၀၄ | ၁၈၁၂၂ | ၁၉၀၈၉ | ၃၇၂၁၁ | ၁၆၇၇၈ | ၁၈၀၄၄ | ၃၄၈၂၂ | ၉၃.၅၈ | ၁၃၄၄ | ၁၀၄၅ | ၂၃၈၉ | ၆.၄၂ | |
| ၁၂။ | ရန်ကုန် | ၂၁၃ | ၅၀၉၆၈ | ၅၈၂၂၈ | ၁၀၉၁၉၆ | ၄၆၅၉၄ | ၅၅၁၇၁ | ၁၀၁၇၆၅ | ၉၃.၁၉ | ၄၃၇၄ | ၃၀၅၇ | ၇၄၃၁ | ၆.၈၁ | |
| ၁၃။ | ရှမ်း | ၁၁၀ | ၁၆၄၅၅ | ၂၇၁၆၂ | ၄၃၆၁၇ | ၁၅၂၃၈ | ၂၆၀၉၆ | ၄၁၃၃၄ | ၉၄.၇၇ | ၁၂၁၇ | ၁၀၆၆ | ၂၂၈၃ | ၅.၂၃ | |
| ၁၄။ | ဧရာဝတီ | ၁၉၆ | ၃၀၆၂၄ | ၃၇၇၉၇ | ၆၈၄၂၁ | ၂၈၁၉၉ | ၃၆၃၀၂ | ၆၄၅၀၁ | ၉၄.၂၇ | ၂၄၂၅ | ၁၄၉၅ | ၃၉၂၀ | ၅.၇၃ | |
| ၁၅။ | နေပြည်တော် | ၃၃ | ၈၁၅၈ | ၁၀၃၂၄ | ၁၈၄၈၂ | ၇၅၈၃ | ၉၉၀၇ | ၁၇၄၉၀ | ၉၄.၆၃ | ၅၇၅ | ၄၁၇ | ၉၉၂ | ၅.၃၇ | |
| ၁၆။ | * နိုင်ငံခြားစာစစ်ဌာန | ၁၆ | ၄၃ | ၅၄ | ၉၇ | ၄၃ | ၅၄ | ၉၇ | ၁၀၀.၀၀ | ၀ | ၀ | ၀ | ၀.၀၀ | |
| | စုစုပေါင်း | ၁၄၆၇ | ၂၉၀၀၁၅ | ၃၈၁၆၅၅ | ၆၇၁၆၇၀ | ၂၆၉၆၄၉ | ၃၆၆၅၉၃ | ၆၃၆၂၄၂ | ၉၄.၇၃ | ၂၀၃၆၆ | ၁၅၀၆၂ | ၃၅၄၂၈ | ၅.၂၇ | |

မှတ်ချက်။ ။ * သံရုံးများမှ စာရင်းပေးပို့မှုကို လက်ခံရရှိပါက ဆက်လက်တင်ပြပါမည်။

# မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စေတီတော် ဗုဒ္ဓပူဇနိယပွဲတော်

**မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ရှိ ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက် (၁၃၇၇ ခုနှစ် တပို့တွဲလပြည့်နေ့) နံနက် ၈ နာရီက ဆံတော်ရှင်မြတ်မော်တင်မုခ်ဦးရှေ့ သဲသောင်ပြင်၌ ကျင်းပခဲ့သည်။

ဆံတော်ရှင်မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလပြည့်နေ့မှ တပေါင်းလပြည့်နေ့အထိ တစ်လတိုင်တိုင် ကျင်းပနေသော စေတီတော်မြတ်ကြီးဖြစ်သည်။

မြတ်မော်တင်စေတီတော်မြတ်ကြီးတွင် အံ့ဖွယ် ၁၈ ပါး ရှိပေသည်။

❋ ညအခါ စေတီတော်အား တစ်ယောက်တည်း အဓိဋ္ဌာန်၍ ခုနစ်ပတ် ရစ်ပတ်ပါက ရွှေသံ ငွေသံကြားရခြင်း။

❋ ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ အမြောက်မိုး၊ လက်နက်မိုး၊ ဗုံးမိုးရွာသော်လည်း ကျည်ဆန်တစ်ခုမျှ မခခြင်း။

❋ လပြည့်လကွယ် ရောင်ခြည်လွှတ်လေ့ရှိခြင်း။

❋ စေတီကုန်းနှင့် ပရိဝုဏ်တစ်ဝိုက်တွင် ရာသီပန်းများ မပြတ်ပွင့်ခြင်း။

❋ ညချမ်းအခါတွင် စေတီတော်ကုန်းတော်၌ အမွှေးရနံ့လှိုင်ခြင်း။

❋ ခေါင်းလောင်းများ လူမတီးဘဲ မြည်တတ်ခြင်း။

❋ ယခုထက်တိုင်ပင် ရံဖန်ရံခါ ဆွမ်းများ ဦးအောင် မတင်နိုင်ခြင်း။

❋ နှစ်စဉ်နှစ်တိုင်း ဘုရားပွဲတော်ဖြစ်သော်လည်း ခိုက်ရန်ဖြစ်ပွားသော ဘေးအန္တရာယ်မရှိခြင်း။

❋ နတ်ကျား၊ နဂါးတို့ ဘုရားဖူးလာသော်လည်း လူတို့အား ဒုက္ခမပေးခြင်း။

❋ လပြည့်လကွယ်တွင် စေတီကုန်းတော်မှ မောင်းသံ၊ ဗုံသံ စသော တူရိယာ အမျိုးမျိုးတို့၏ အသံကို အရုဏ်ဦးယံတွင် ကြားရတတ်ခြင်း။

❋ ဘေးအန္တရာယ်များကျရောက်ပါက စေတီတော်ကြီးအား အာရုံပြု၍ ရှိခိုးဆုတောင်းလိုက်သည်ရှိသော် ဘေးအန္တရာယ်မှ ကင်းဝေးခြင်း။

❋ တပေါင်းလဘုရားပွဲတော်ကြီးဖြစ်ခါနီးတိုင်း ကျီးအုပ်ကြီးများ၊ အမျိုးအမည်မသိသော ငှက်အုပ်ကြီးများ၊ တောင်တော်နှင့် စေတီတော်အား ရစ်ပတ်ပျံဝဲကြခြင်း။

❋ ဘုရားပွဲတော်ကြီးတွင် လူသိန်းသန်းချီ၍ လာရောက်သော်လည်း သောက်ရေကန်မှ ရေများမလျော့ခြင်း။

❋ ဘုရားပွဲတော်တွင် ဆွမ်းတော်တင် တောင်ပုံရာပုံစွန့်ပစ်ထားသော်လည်း ကျီးတစ်ကောင်မျှ လာရောက်စားသောက်မှုမရှိခြင်း။

❋ ဘုရားပွဲတော်တွင် လူပေါင်းသိန်းချီ၍ ရောက်ရှိသော်လည်းတောင်တော်တွင် လူပြည့်သည်ဟု မရှိခြင်း။

❋ ယုံကြည်စွာနှင့် စေတီတော်ကြီးရင်ပြင်တော်တွင် သစ္စာအဓိဋ္ဌာန်ပုတီးစိပ်ပါက ရင်ပြင်တော်မှမြည်ဟည်းသံကြားရတတ်ခြင်း။

❋ နှစ်စဉ် တပေါင်းလတိုင်း အကြောင်းတစ်စုံတစ်ရာကြောင့် ဘုရားပွဲတော်မကျင်းပနိုင်ပါက တောင်တော်မြည်ဟည်းခြင်း။

❋ စေတီတော်ကို အဝေးမှမြင်ရလျှင်သော်လည်းကောင်း၊ စေတီတော်ပရိဝုဏ်သို့ ကြည်ညိုစိတ်နှင့်ရောက်မိသည်နှင့်လည်းကောင်း၊ ဖူးမြော်ဦးတိုက်လျှင်လည်းကောင်း၊ ကာယသုခ၊ စိတ္တသုခနှစ်ပါးချမ်းမြေ့ရခြင်း ဟူသည့် အံ့ဖွယ် ၁၈ ပါးနှင့် ပြည့်စုံတော်မူသော စေတီတော်မြတ်ဖြစ်ခြင်းကြောင့် မြန်မာပြည်၏ အရပ်ရပ်မှ ဘုရားဖူးများ သွားရောက်ဖူးမြော်စေချင်ပါသည်။

ဘုရားသို့ မြန်မာပြည်အရပ်ရပ်မှ မော်တော်ကားများဖြင့် အလွယ်တကူသွားရောက် ဖူးမြော်နိုင်ပေသည်။ လမ်းများမှာ အလွန်ကောင်းမွန်လှသည်။ ထို့ပြင် ရေလမ်းခရီးဖြင့် ပုသိမ်မြို့မှ နှစ်ထပ်ရေယာဉ်များဖြင့် စိတ်အေးချမ်းသာစွာ သွားရောက်ဖူးမြော်နိုင်သည်။

မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာထွန်းကားရာနိုင်ငံဖြစ်ပြီး ဘုရားပုထိုးစေတီများ တည်ထားကိုးကွယ်ကာ ဘုရားပွဲတော်များကို ကျင်းပလျက်ရှိပေသည်။ မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်စေတီတော်သည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျင်းပပေးခဲ့သော ဘုရားပွဲတော် ဖြစ်လေသည်။

**မြန်မာနိုင်ငံတစ်ဝန်းတွင် တန်ခိုးကြီးဘုရားများရှိသည့်အနက် ဆံတော်ရှင်မြတ်မော်တင်စေတီသည် ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားရာ စေတီတစ်ဆူဖြစ်ပြီး သာသနာတော်အတွင်း ဆံတော်မွေတော်၊ ဓာတ်တော်များကို ဌာပနာပြု၍ တည်ထားကိုးကွယ်ခဲ့ကြသော စေတီတော်အဆူဆူတွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးတည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်**

ဘုရားပွဲတော်ကို တစ်နှစ်လျှင်တစ်ကြိမ်သာ ကျင်းပသည်။ ရှေးယခင်ကပွင့်ခဲ့သော ဘုရားရှင်တို့၏ ဓာတ်တော်မွေတော်များ တည်နေကိန်းဝပ်တော်မူကြောင်းကို ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် မိန့်ကြားတော်မူခဲ့ပြီး ဂေါတမမြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က ပေးအပ်ခဲ့သော ဆံတော်များတည်နေကိန်းဝပ်တော်မူရာ စေတီတော်မြတ်ဖြစ်ပေသည်။ မြတ်မော်တင်စေတီတော်သို့ ဂေါတမမြတ်စွာဘုရားကိုယ်တော်တိုင် နှစ်ကြိမ်ကြွရောက်ရာ ဌာနဖြစ်ကြောင်း သမိုင်းအစဉ်အလာရှိနေ သဖြင့် မြတ်မော်တင်စေတီတော်သည် မြန်မာနိုင်ငံတော် ၏ အထင်ကရထင်ရှားခဲ့သော စေတီတော်တစ်ဆူဖြစ်ပါသည်။

မြတ်စွာဘုရားသခင်ဘုရားအဖြစ်ကိုရ၍ လင်းလွန်းပင်ရင်း၌ စံပယ်တော်မူစဉ်တဖုဿနှင့် ဘလ္လိကကုန်သည်ညီနောင်တို့အား သရဏဂုံတည်စေ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း၅ ရက်နေ့တွင် ဆံတော်မြတ်ရှစ်ဆူကို ပေးသနားတော်မူခဲ့သည်။ ညီနောင်တို့ ဆံတော်ပင့်လာသည့် အပြန်ခရီးတွင် အဇ္ဈတနာဂရမြို့သို့ ဆိုက်ရောက်ရာ ဘုရင်က ဆံတော်နှစ်ဆူကို ပင့်ယူထားလိုက်သည်။ ထိုမှခရီးဆက်ခဲ့ရာ ကုသိမနာဂရ(ပုသိမ်)တောင်ပိုင်း နာဂရစ်မော်(ခ)သရနတောင်စွန်း(ဝါ) မော်တင်စွန်းအရောက်တွင် ဇေယျသေနနဂါးမင်းက ဆံတော်နှစ်ဆူကိုရယူ၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလပြည့်နေ့တွင် ပင်လယ်တွင်းမှ ရရှိသည့်မြသားဖြင့် နိုင်တမော့အရွယ်စေတီကိုတည်ထားကိုးကွယ်ခဲ့သည်။

ကောဇာသက္ကရာဇ် ၄၅၇ ခုနှစ်တပေါင်းလပြည့်နေ့တွင် အမြင့်သံတောင် ၂၅ ရှိစေတီတော်အဖြစ်အလောင်းစည်သူမင်းကြီးက မွမ်းမံတည်ထားခဲ့သည်။ ယခုအမြင့်သံတောင် ၈၈ နှင့် အဝန်းသံတောင် ၁၃၆ ရှိသည်။ မဟာမကုဋ္ဌရံသီဟူသည်မှာကြီးမြတ်တော်မူသော မော်တင်အစွန်း၌ တောက်ပသောရောင်ခြည်ဖြင့် ကြည်ညိုဖွယ်အဆင်းရှိသော စေတီဟုဘွဲ့တော်ရှိသည်။

ဟိုင်းကြီးကျွန်းမြို့ကို ဝင်ရောက်လေ့လာနိုင်သည်။ ကျောက်ကလပ်သို့စက်လှေဖြင့်လည်းကောင်း၊ ငွေတောင် (မြွေတောင်) သို့မော်တော်ယာဉ်များဖြင့် လည်းကောင်း သွားရောက်လေ့လာနိုင်သည်။ ငွေတောင်ရေချိုးဆိပ်တွင် ရေချိုးရသည်မှာ အလွန်ပျော်စရာကောင်းလှပေသည်။ ပင်လယ်ရေကို အားပါးတရကူးနိုင်သည်။ အပန်းဖြေနိုင်သည်။ သန့်ရှင်းလတ်ဆတ်သော ပင်လယ်အစားအစာများကို စားသောက်နိုင်သည်။

ရန်ကုန်မြို့မှ ၂၅၈ မိုင်ကွာဝေးသော ခမောက်မော်သို့ စက်တပ်ရေယာဉ်ကြီးများဖြင့် လည်းကောင်း ပုသိမ်မြို့မှ မော်တင်စွန်းဘုရားအထိ ၁၀၁ မိုင် သုံးဖာလုံရှိရာသို့ မော်တော်ကားများဖြင့်လည်းကောင်း အလွယ်တကူ သွားလာနိုင်ပြီး ပုသိမ်မြို့မှ ၈၆ မိုင် ကွာဝေးသော ခမောက်မော်သို့ ရေယာဉ်ကြီးများဖြင့် သွားလာနိုင်သည်။ တစ်ညအိပ်ဘုရားဖူး၍ ပြန်လာနိုင်သည်ဖြစ်ရာ သွားရေးလာရေး အလွန်လွယ်ကူလှပေသည်။

ဘုရားပွဲတော်သို့ သွားရောက်မည့် သင်္ဘောများ၏ ခေါင်မိုးပေါ်၌ သာသနာ့အလံများ၊ ပလတ်စတစ်ပူပေါင်းများကို ဝါးခတ်များဖြင့် တင့်တယ်လှပစွာ ပန်းပွားဆင်ထားတတ်ပါသည်။ ကျေးရွာဓလေ့ တေးသံသာများဖြင့်လည်း လွှင့်ထုတ်ပေးနေသည်မှာ ကြားရသူများအဖို့ ဘုရားပွဲတော်သို့ သွားလာလိုစိတ်များဖြစ်ပေါ်စေပါသည်။ အပြန်ခရီးတွင် ပုသိမ်၊ မြောင်းမြ၊ ဝါးခယ်မ၊ မအူပင်မြို့များသို့ ဝင်ရောက်ဘုရားဖူးနိုင်ပါသည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီးသို့ မြန်မာနိုင်ငံအရပ်ရပ်မှ လာရောက်ဖူးမြော်သည့်အခါ ဘုရားဖူးများ စိတ်အေးချမ်းမြေ့စွာ ဘုရားဖူးနိုင်ရန်အတွက် လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ထားပါသည်။ ခရီးသွားလာရေး တည်းခိုနေနိုင်ရေး၊ စားသောက်ရေးကအစ ဆောင်ရွက်ပေးထားသည်။

တည်းခိုခန်းများမှာ သန့်ရှင်းမှုရှိပြီး ပွဲတော်ဈေးခင်းမှာ သဲသောင်ပြင်တွင် ပင်လယ်ရေပြင်၏ အလှသဘာဝနှင့် ပနံရတင့်တယ်လျက်ရှိသည်။ ပျော်ပွဲရွှင်ပွဲများ၊ ဗီဒီယိုဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်ပေးထားသည်။ ကျန်းမာရေးနှင့် လုံခြုံရေးကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာများက နေ့ညမပျက် စောင့်ရှောက်ပေးထားသည်။

လူများ၊ နတ်များသာမက နတ်နဂါးတို့ အလွန်ကြည်ညိုခဲ့သော စေတီဖြစ်သည်။ ဆင်ဖြူတော်များ ဝိဇ္ဇာဓိုရ်ပုဂ္ဂိုလ်များ ကြည်ညိုသဒ္ဓါထက်သန်၍ ဖူးမြော်နေသော စေတီဖြစ်သည်။

မြတ်မော်တင်စေတီဘုရားနှင့် အနီးတစ်ဝိုက်ပတ်ဝန်းကျင် ဟိုင်းကြီးကျွန်းဒေသများ၊ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်ခဲ့သည်။ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံ(ပုသိမ်)မှ ၆၆ ကေဗွီ ပုသိမ်၊ ငရုပ်ကောင်း၊ ငပြေမဓာတ်အားလိုင်း ၇၆ ဒသမ ၅ မိုင်နှင့် ဆက်စပ်ဓာတ်အားခွဲရုံဖြစ်သော ၆၆/၃၃ ကေဗွီ အမ်ဗွီအေ ငပြေမဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ် မတ်လတွင် တည်ဆောက်ပြီး ၁၄-၁၀-၂၀၁၅ ရက်နေ့တွင် ဓာတ်အားပို့လွှတ်ခဲ့ပြီး ကျိုကူး၊ ငပြေမအနီးတစ်ဝိုက်ရှိပတ်ဝန်းကျင်ကျေးရွာ ကိုးရွာသို့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ခြင်း၊ ငပြေမ ၆၆ ကေဗွီဓာတ်အားခွဲရုံမှ ငပြေမရေနောက်ပိုင်း မော်တင်စွန်းဒေသများသို့ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၃ ဒသမ ၄ မိုင် တည်ဆောက်ပြီးစီး၍ မော်တင်စွန်းဘုရားသို့ ၃၃၀ ဒသမ ၄ ကေဗွီ ၁၆၀ ကေဗွီအေ တည်ဆောက်နိုင်ခဲ့ပြီး ၂၄-၂-၂၀၁၆ ရက်နေ့ ၃ နာရီ ၄၂ မိနစ်တွင် ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ရာ မြတ်မော်တင်စေတီတော်မြတ်ကြီးသို့ သွားလာရာတွင် အမှောင်ခွင်း၍ အလင်းဆောင်စေခြင်းဖြစ်သည်။

မြတ်မော်တင်စေတီကို ဖူးမြော်ရင်း ဧရာဝတီတိုင်းဒေသကြီး၏ သာယာတိုးတက်ဖွံ့ဖြိုးနေသော လုပ်ငန်းများ၊ ရေမြေတောတောင်များ၏ အလှသဘာဝရှုခင်းများ၊ အုန်းပင်များ၊ ဓနိပင်များ၊ စပါးပင်များ စသည့် စိုက်ခင်းများကို ကြည့်ရှုခံစားရင်း ဧရာဝတီမြစ်ကူးတံတားများ၊ မြန်မာနိုင်ငံ၏ အထူးစီမံကိန်းများ၊ ဟိုင်းကြီးကျွန်းဆိပ်ကမ်းရှိ များပြားလှသော ငါးဖမ်းရေယာဉ်များ၊ သာယာလှပသည့် သမိုင်းဝင် ဟိုင်းကြီးကျွန်းမြို့နှင့် စံပြရွာ၊ အင်္ဂဝါ၊ ကျောက်ချောင်း၊ ခမောက်မော်၊ ကံချိုင်ရွာ၊ ဆီးချိုင့်ရွာတို့၏ သဘာဝအလှအပများကိုတွေ့မြင်ရမည့်အပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ပျူငှာနွေးထွေးစွာဆက်ဆံမှုများကိုလည်း ထိတွေ့ခံစားရသည့်အပြင် ဒေသန္တရဗဟုသုတများစွာရရှိမည်ဖြစ်ပါသည်။ မြွေတောင်(ခ) ငွေတောင်တွင် ရေချိုးရသည်မှာ လွန်စွာပျော်ရွှင်မှုကို ဖြစ်စေပါသည်။

စိတ်ရွှင်လန်းမှုကို ဖြစ်ရခြင်း၊ ကျန်းမာရေးကို အထောက်အပံ့ပေးသော ပင်လယ်လေကောင်းလေသန့်များကို ရှူရှိုက်ရခြင်း၊ သဲသောင်ကမ်းစပ်များပေါ်တွင် လမ်းလျှောက်ရခြင်း၊ ပင်လယ်ရေနှင့်သဘာဝရေကို ချိုး၍ အုန်းရည်ချိုချိုလေးများ သောက်သုံးရခြင်း၊ ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရ ဝယ်ယူရရှိနိုင်ခြင်းတို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ ဧည့်ဝတ်ကျေပွန်မှုတို့ကိုလည်း ထိတွေ့ခံစားနိုင်ပေသည်။

ဆံတော်ရှင်မြတ်မော်တင်စေတီတော်မြတ်အား ရွှေစင် ရွှေသားများ လုံးတော်ပြည့် ကပ်လှူထားပြီး အရန်စေတီ ၁၆ ဆူတို့ကို ထီးတော်သစ်များ တင်လှူခဲ့သည်။ သာသနိက အဆောက်အအုံများကိုလည်း ပြန်လည်ပြုပြင်ပြီး မုခ်ဦးများကိုလည်း အသစ်ပြန်လည်ပြုပြင်ထားသည့်အတွက် ဆံတော်ရှင် မြတ်မော်တင်စေတီမှာ အလွန်သပ္ပာယ်စွာ ဖူးမြော်ရမည် ဖြစ်ပါသည်။

ဘုရားဖူးများ စိတ်အေးချမ်းသာကြည်ညိုစွာ ဖူးမြော်နိုင်ရန်အတွက် အဘက်ဘက်မှ ပြည့်စုံစွာစီစဉ်ထားရှိပြီးဖြစ်ရာ မဟာမကုဋ္ဌရံသီဆံတော်ရှင် မြတ်မော်တင်စေတီ ဗုဒ္ဓပူဇနိယပွဲတော်ကို လာရောက်ဖူးမြော်ကြည်ညိုကြစေလိုကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## နွေရာသီ ဗုဒ္ဓယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းများအတွက် စာအုပ်နှင့်စာရေးကိရိယာလှူဒါန်းပွဲကျင်းပ

**ရန်ကုန် မတ် ၉**

နွေရာသီဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်တန်းများအား မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် သင်ကြားပို့ချရန်အတွက် လိုအပ်သော မှတ်စုစာအုပ်များနှင့် စာရေးကိရိယာများအား လက်ခံလှူဒါန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓတက္ကသိုလ် ရွှေညဝါပညာဗိမာန် သုံးထပ်ကျောင်းတော်ကြီး၌ မတ် ၈ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များမှလှူဒါန်းသော စာအုပ်နှင့်စာရေးကိရိယာများကို ကထိကဆရာတော်များက လက်ခံယူခဲ့ပြီး ရေစက်သွန်းချအမျှပေးဝေခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော်၊ သင်ကြား/စီမံဆရာတော်များ၊ အလှူရှင်များနှင့် မြန်မာပြည်အရပ်ရပ်တွင် ဗုဒ္ဓဓမ္မယဉ်ကျေးမှုနှင့် အင်္ဂလိပ်စာသင်ကြားပို့ချမည့် ဆရာတော်များ၊ သီလရှင်ဆရာလေးများ တက်ရောက်၍ စာအုပ်နှင့်စာရေးကိရိယာများ လက်ခံယူခဲ့ကြောင်း သိရသည်။ **ကိုကြီးစိုး(ဆိပ်ကမ်း)**

**ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် နွေရာသီကာလအတွင်း အယ်နီညိုရာသီဥတုကြောင့် ရေရှားပါးပြတ်လပ်မှု ကြုံတွေ့လာနိုင်၍ ကြိုတင်ကာကွယ်ရေးအနေဖြင့် တိုက်နယ် ၁၀ ခုအတွင်းမှ ကျေးရွာပေါင်း ၈၂၀ ရှိ ကျေးရွာများသို့ လက်ရှိသောက်သုံးရေ သုံးစွဲမှုနှင့် သောက်သုံးရေသိုလှောင်ထားမှုအခြေအနေများကို မတ် ၉ ရက်က မြို့နယ်/ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနက ကွင်းဆင်းစစ်ဆေးစဉ်။**
(ခရိုင် ပြန်/ဆက်)



# သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**ရန်ကုန် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယူနက်စကိုတို့ ပူးပေါင်းကျင်းပသော သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)နှင့်ပတ်သက်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**




ရှေးဦးစွာ ယူနက်စကို-မြန်မာဌာနေကိုယ်စားလှယ် Mr. Sardar Umar Alam က သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရေးဆွဲပြီးစီးပြီဖြစ်သည့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)ကို သုံးသပ်ဆွေးနွေးနိုင်ရန် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ယခုဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုဆွေးနွေးချက်များနှင့်အတူ ဥပဒေ(မူကြမ်း)ကို မကြာမီပေါ်ပေါက်လာမည့် အစိုးရသစ်အား အစည်းအဝေးမှတ်တမ်းများနှင့်တကွ လွှဲပြောင်းတင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးဗဟိုကော်မတီမှ ဦးအောင်ရှင်က မီဒီယာလွတ်လပ်ရေးအတွက် ဆောင်ရွက်ရန် လမ်းဆုံလမ်းခွ ရောက်နေပြီဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂကြေညာစာတမ်းပါ အခွင့်အရေးအတိုင်း ရရှိရန် အကောင်အထည်ဖော် ကြရမည်ဖြစ်ကြောင်း၊ လွတ်လပ်သော သတင်းမီဒီယာ ပေါ်ထွန်းလာရေးအတွက် ကြိုးစားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ဥပဒေကြမ်းပါအခန်းများနှင့် ဥပဒေပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးပြီး Centre for Law and Democracy မှ အမှုဆောင်အရာရှိ Mr.Toby Mendel က ကနေဒါနိုင်ငံမှ Skype ဖြင့် ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးသီဟစောနှင့် Article 19 ၏ တာဝန်ခံကိုယ်စားလှယ် ဒေါ်ယဉ်ရတနာသိန်းတို့က သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ (မူကြမ်း)တွင် ပါဝင်သည့် အချက်များနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အကြံပြုချက်များနှင့် ထပ်မံလိုအပ်ချက်များကို ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှ ထွက်ပေါ်လာသောအကြံပြုချက်များအား မှတ်တမ်းပြုစု၍ အစိုးရသစ်ကာလတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး လွှဲပြောင်းပေးအပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ရှိ အဖွဲ့အစည်းများ၊ ဥရောပသမဂ္ဂနှင့် သံရုံးများမှ တာဝန်ရှိသူများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ INGOs များနှင့် ဖိတ်ကြားထားသူ ၇၀ ခန့်တက်ရောက်ကြပြီး ဆွေးနွေးပွဲကို မွန်းတည့် ၁၂ နာရီခွဲတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)အပေါ် သုံးသပ်ကြသူများ

ရဲခေါင်ညွန့်၊ မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - ဇော်မင်းလတ်

လူ့အခွင့်အရေး ကော်မရှင်၏ Article 19 (အပိုဒ်-၁၉)မှ လူတိုင်း သတင်းအချက်အလက်ကို လွတ်လပ်စွာ ရယူနိုင်သည်ဆိုသည့် အချက်မှာ မီဒီယာကဏ္ဍဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့် အချက်တစ်ချက်ဖြစ်ရာ ပြန်ကြားရေးဝန်ကြီးဌာနသည် ၂၀၁၄ ခုနှစ်တွင် ယူနက်စကို၊ Centre for Law and Democracy မှ အမှုဆောင်အရာရှိ Mr.Toby Mendel၊ International Media Support (IMF) တို့နှင့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေး ဥပဒေ(မူကြမ်း) “Consultation on the Right To Information Law (DRAFT)” အား ရေးဆွဲခဲ့သည်။

အခန်း ကိုးခန်းနှင့် အပိုဒ် ၃၀ ပါဝင်သည့် သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း) အား ဆွေးနွေးရန်နှင့် ပေါ်ပေါက်လာမည့် အစိုးရသစ်အား လွှဲပြောင်းနိုင်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မတ် ၉ ရက်နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။

သတင်းအချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း)ဆွေးနွေးရာတွင် ပါဝင်ခဲ့ကြသည့် နယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၏ သဘောထားများနှင့် ဆွေးနွေးချက်များအား မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့သည်။

**ဦးသီဟစော (အတွင်းရေးမှူး)**
**သတင်းမီဒီယာကောင်စီ**

ကျွန်တော်က သတင်းမီဒီယာကောင်စီကိုယ်စားပြု တက်ရောက်တယ်။ ဒီအစည်းအဝေးကတော့ သတင်း အချက်အလက်ဆိုင်ရာ အခွင့်အရေးဥပဒေ(မူကြမ်း) (RTI Law) အတွက် ပြည်သူကိုချပြတာပေါ့။ ဒါဟာ မီဒီယာအဖွဲ့အစည်း၊ အရပ်ဘက် လူမှုအဖွဲ့အစည်းတွေ အကုန်လုံးရဲ့ ခြေလှမ်းနဲ့ စလုပ်ကြဖို့ ပထမခြေလှမ်းလို့မြင်တယ်။ အပြောင်းအလဲအတွက် ဝန်ကြီးဦးရဲထွဋ်ကပြောတယ်။ သူက ပထမခြေလှမ်းအနေနဲ့ မူကြမ်းချပြပေးခဲ့ပြီ။ အကြံဉာဏ်တွေပေးပါ။ အဲ့ဒီအကြံဉာဏ်တွေနဲ့တွဲပြီး နောက်ပေါ်ပေါက်လာမယ့် အစိုးရကို လွှဲမယ်။



ဦးသီဟစော

နောက်အစိုးရက ဆက်လုပ်ပေ့။ RTI Law က မီဒီယာတင် မဟုတ်ဘူး။ ပြည်သူတွေကိုယ်တိုင် သိချင်တာရှိရင် သိခွင့်ရအောင်ဆိုပြီးလုပ်တာ။ ဝန်ကြီးဌာနတွေအနေနဲ့ ပြည်သူသိချင်တဲ့သတင်းအချက်အလက်တွေကို ပြည်သူသိအောင် ချပြရမယ့် ဥပဒေပါ။

ပြည်သူက ဥပဒေကို သိမယ်။ မေးခွင့်ရလာမယ်ဆို အကျင့်ပျက်ခြစားမှု(corruption) နည်းလာမယ်။ ဖြေတဲ့သူကလည်း ၁၅ ရက်အတွင်း ဖြေရမယ်ဆိုရင် ပြည်သူအတွက် ကောင်းတဲ့ဥပဒေပါ။ အခုသတင်းမီဒီယာဖွံ့ဖြိုးမှုအတွက်လုပ်တဲ့ ဆွေးနွေးပွဲတွေကလည်း ပြန်ကြားရေးနဲ့ ယူနက်စကိုပဲလုပ်တယ် ထင်ရပေမယ့် ကျွန်တော်တို့ သတင်းမီဒီယာကောင်စီအနေနဲ့ အများကြီးပါတယ်။ နိုင်ငံတကာကလည်း အများကြီးပါတယ်။ ပြည်တွင်းကတော့ ပိုပြီး များများပါသင့်တယ်။ အစိုးရသစ်အနေနဲ့ State Own မီဒီယာ မထားချင်ဘူးဆိုရင် ပြင်ဆင်မှုတွေ အများကြီး လုပ်ရလိမ့်မယ်။

**ဦးရဲတင့်(ညွှန်ကြားရေးမှူးချုပ်)**
**ပြန်ကြားရေးဝန်ကြီးဌာန**

ဒီဥပဒေကြမ်းရေးဆွဲတဲ့ ရည်ရွယ်ချက်ကတော့ ဒီမိုကရေစီနိုင်ငံ



ဦးရဲတင့်

ကို ထူထောင်နေတဲ့အချိန်မှာ ပြည်သူတွေအတွက် သတင်းအချက်အလက်ရပိုင်ခွင့် အရေးကြီးတယ်။ ဒါမှ မဏ္ဍိုင်တွေအပေါ်မှာ မှန်မှန်ကန်ကန် ထိန်းကျောင်းနိုင်မယ်။ သူတို့ရဲ့ လိုအပ်ချက်၊ အားသာချက်၊ အားနည်းချက်တွေကို ဝေဖန်ထောက်ပြတာမျိုး၊ သူတို့ရဲ့ နစ်နာမှုတွေကို ပြောဆိုနိုင်တဲ့ အခွင့်အရေးတွေကို ရရှိမှာဖြစ်ပါတယ်။ လူ့အခွင့်အရေး ကော်မရှင်ရဲ့ Article 19 အရ လူတိုင်း သတင်းအချက်အလက်ကို လွတ်လပ်စွာ ရယူနိုင်တယ်ဆိုတဲ့ အချက်အရ ဒီဥပဒေကိုပြဋ္ဌာန်းဖို့ လိုအပ်လာပါတယ်။ ဒါကြောင့် ပြဋ္ဌာန်းနိုင်ဖို့ ကြိုးစား ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

ဥပဒေရေးဆွဲတဲ့ အပိုင်းမှာတော့ နိုင်ငံကအတွေ့အကြုံနည်းသေးတဲ့အတွက် နိုင်ငံတကာအတွေ့အကြုံတွေကိုယူရတယ်။ ဒါတွေကို ဝန်ကြီးဌာနတွေမှာ ပြန်သုံးသပ်ပြီး မိမိတို့နိုင်ငံ လက်ရှိအခြေအနေ၊ လုပ်ထုံး လုပ်နည်းတွေနဲ့ ကိုက်ညီအောင် အနည်းငယ်ပြုပြင်ရေးဆွဲထားပါတယ်။ ဒီအထဲမှာ အဓိကကတော့ နိုင်ငံသားတိုင်း သတင်းအချက်အလက်တွေရပိုင်ခွင့်၊ အချက်အလက်တွေ တောင်းယူတဲ့အခါမှာလည်း



ဦးအောင်ရှင်

သက်ဆိုင်ရာ အဖွဲ့အစည်းတွေက ဘယ်လိုအချက်တွေနဲ့ လိုက်နာဆောင်ရွက်မလဲဆိုတဲ့ အချက်တွေကို ပြဋ္ဌာန်းထားတယ်။

ဥပဒေက အခုမှအစပဲရှိသေးတယ်။ အကြိမ်ကြိမ်ဆွေးနွေးပြီးမှ လိုအပ်ချက်နည်းပြီး ပြည့်စုံတဲ့ ဥပဒေဖြစ်လာအောင် အချိန်ယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ယခုအစိုးရ သက်တမ်းကာလကုန်လို့ နောက်အစိုးရ တာဝန်ယူချိန်မှာ အချက်အလက်တွေရရှိသွားအောင် ဆောင်ရွက်နေတာပါ။

**ဦးအောင်ရှင်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**ပြန်ကြားရေးဗဟိုကော်မတီ**

အခုဆွေးနွေးနေတဲ့ ဥပဒေမူကြမ်းဟာ ပြန်ကြားရေးအတွက် အရေးအကြီးဆုံးလို့ မြင်ပါတယ်။ အခြားဥပဒေတွေလည်း အရေးကြီးတာပဲ။ သို့သော် ဒါက ပြန်ကြားရေး တစ်ခုလုံးအတွက် လွှမ်းခြုံထားတာဖြစ်တယ်။ အခြားနိုင်ငံတွေမှာ အခုလို မြန်မြန်ဆန်ဆန်တောင် မဟုတ်ဘဲ နှစ်နဲ့ချီပြီးတော့ အကျေအလည်ဆွေးနွေးကြတယ်။ အထူးသဖြင့်တော့ မီဒီယာထဲမှာမှ တကယ် ထဲထဲဝင်ဝင်လုပ်နေတဲ့ မီဒီယာသမားတွေအားလုံး ပါဝင်ဆွေးနွေး



Mr.Sandar Umar Alam

ပြီးမှ ဒီဥပဒေကို ပီပြင်အောင်လုပ်တာ အကောင်းဆုံးပါပဲ။ အခုဆွေးနွေးပွဲက ကျွန်တော့်အနေနဲ့ ပထမဆုံး တက်ရောက်တဲ့ ဆွေးနွေးပွဲဖြစ်ပေမယ့် အများကြီးအားရပါတယ်။

ဒီဥပဒေရဲ့အနှစ်သာရက ပြည်သူလူထုအနေနဲ့ သိသင့်သိထိုက်တဲ့ သတင်းအချက်အလက်တွေကို ရယူပိုင်ဆိုင်ခွင့်ရှိရမယ်၊ ဒါကတကယ့် မူလအခွင့်အရေးပဲ။ သတင်းအချက်အလက်ရယူပိုင်ခွင့်ကို စောစောပိုင်းခေတ်ကာလတွေက ကန့်သတ်ထားတာတွေ တွေ့ရတယ်။ ဒီဥပဒေပေါ်လာရင် ကန့်သတ်ထားတဲ့ ကန့်သတ်မှုတွေ အနည်းဆုံးဖြစ်သွားမယ်။

လာမယ့်အစိုးရသစ်လက်ထက်မှာတော့ ပြည်သူတွေ သတင်းသိပိုင်ခွင့်နဲ့ပတ်သက်ပြီး အတားအဆီးတွေ မရှိအောင်၊ ပွင့်လင်းမြင်သာတဲ့အချက်တွေ တော်တော်များများရအောင် ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မီဒီယာဆွေးနွေးပွဲတွေ အများကြီးလုပ်ရဦးမှာပါ။

**Mr.Sandar Umar Alam**
**ယူနက်စကို မြန်မာဌာနေ**
**ကိုယ်စားလှယ်**

အခုဆွေးနွေးပွဲမှာ ဥပဒေကောင်းတစ်ခု ထွက်ရှိလာဖို့အတွက်



ဒေါ်ယဉ်ရတနာသိန်း

ဘာတွေပါသင့်တယ်။ ဆောင်ရွက်မှုတွေ ဘယ်လိုရှိသင့်တယ်ဆိုတာတွေ ဆွေးနွေးကြတယ်။ ဒီဥပဒေက အစိုးရဝန်ကြီးဌာန အားလုံးနဲ့ရော ပုဂ္ဂလိက အခန်းကဏ္ဍတွေနဲ့ပါ သက်ဆိုင်တယ်ဆိုတာ ကျယ်ကျယ်ပြန့်ပြန့် သိအောင်လုပ်ဖို့လိုတယ်။ အရပ်ဘက် အဖွဲ့အစည်းတွေအနေနဲ့ ဒီဥပဒေတွေအပေါ်မှာ ပိုပြီးတော့ နားလည်မှုရှိအောင်လုပ်ဖို့၊ ဥပဒေနဲ့ပတ်သက်ပြီးတော့ အများနားလည်အောင် အသိပညာပေးတဲ့အပိုင်းမှာ မြှင့်တင်မှုတွေ ပိုပြီးလုပ်ဆောင်သွားဖို့ရှိပါတယ်။ အခု ဆွေးနွေးပွဲမှာ အမြင်မတူတာတွေ တွေ့ရတယ်။ ဒီကွာဟချက်တွေကို ဆက်လက်ညှိနှိုင်းပြီး သဘောတူညီချက်ရတဲ့အထိ ဆွေးနွေးသွားရမယ်။ နောက်ပြီး ဒီဥပဒေက မြန်မာနိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်မှုတွေ

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# မအီဂိတ်၌ မူးယစ်ဆေးဝါးလေးသိန်းခွဲဖမ်းမိ



**သံတွဲ မတ် ၉**

သံတွဲခရိုင် မအီမြို့ စစ်ကြောရေးဂိတ်တွင် မတ် ၇ ရက်က မူးယစ်ဆေးဝါးလေးသိန်းခွဲ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အမ်းမြို့နယ် မူးယစ်တပ်ဖွဲ့မှ ရဲအုပ်သက်နိုင်အဖွဲ့ မအီမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအဖွဲ့နှင့် တာဝန်ရှိသူများသည် မတ် ၇ ရက် မွန်းလွဲ ၂ နာရီခွဲခန့်က တောင်ကုတ်ဘက်မှ မအီဘက်သို့ ယာဉ်မောင်း ဦးသိန်းကျော်(၃၂နှစ်) မြောက်ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေ (ယခင် အမ်းမြို့နယ်၊ တလိုင်းတောင် ကျေးရွာဇာတိ) မောင်းနှင်လာသော ယာဉ်အမှတ် YGN-2L-.... (ဟွန်ဒိုင်း) အမျိုးအစား မော်တော်ယာဉ်ကိုစစ်ဆေးရာ ကား၏ နောက်ဘက်ခန်းအံဝှက်အတွင်း၌ အဝါရောင်အထုပ် ၄၅ ထုပ်ကို တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ ပန်းရောင် WY စာတန်းတစ်ဖက်၊ R စာလုံးတစ်ဖက်ပါရှိသည့် မူးယစ်ဆေးပြား ၄၅၀၀၀၀ ကာလတန်ဖိုးငွေကျပ် သိန်းပေါင်းတစ်သောင်းရှစ်ထောင်ခန့်ကို ဖမ်းဆီးရမိကြောင်း သိရသည်။ **(ဓာတ်ပုံ)**

ထိုသို့ ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်း ဦးသိန်းကျော်သည် ထွက်ပြေးတိမ်းရှောင်သွားသဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်သန္တာဦး (၄၅နှစ်)(နေရပ်တူ)ကို ဖမ်းဆီးထိန်းသိမ်းထားပြီး စခန်းမှူး ရဲအုပ်ဝင်းနိုင်နှင့်အဖွဲ့က ထွက်ပြေးသူ ဦးသိန်းကျော်အား လိုက်လံဖမ်းဆီးခဲ့ရာ ည ၇ နာရီခန့်တွင် ဖမ်းဆီးရမိခဲ့ပြီး အမှုဖွင့်ထားကြောင်း သိရသည်။

**မောင်မောင်ငွေး(ပြန်/ဆက်)**

# အင်းတော်မြို့နယ်တွင် သစ်ထုတ်ရေးကားနှင့်ကြိတ်မိ၍ တစ်ဦးသေဆုံး

**အင်းတော် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ဆားမှော်ရွာအနီး၌ မတ် ၈ ရက်က သစ်ထုတ်ရေးကားနှင့်ကြိတ်မိ၍ လူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၈ ရက်က နန့်စီးအောင်ရဲကင်းမှူး ရဲအုပ်မင်းဇော်ဦး တာဝန်ဆောင်ရွက်နေစဉ် ဆားမှော်ရွာအနီးတွင် ဆိုင်ကယ်စီးနင်းသူ အမျိုးသားတစ်ဦးအား ကားကြိတ်မိ၍ သေဆုံးနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ မြစ်ကြီးနားဒေသ နန့်စီးအောင် သစ်ထုတ်ရေးနယ်မြေသစ်ထုတ်ရေးဝန်ထမ်း ယာဉ်မောင်း ကျော်ဆန်း မောင်းနှင်သည့် ISUZU CXZ အမျိုးအစား ၁၀ ဘီးကားကို ဆားမှော်ရွာ ဘုန်းကြီးကျောင်းအနီးတွင် ဆားမှော်ရွာနေ မောင်ကွယ်စီးနင်းလာသည့် ဆိုင်ကယ်က ကျော်တက်စဉ် လမ်းတောင်ကမ်းပါးယံဖြင့်ဝင်တိုက်မိကာ မောင်ကွယ်မှာ ဆိုင်ကယ်ပေါ်မှလွင့်ကျပြီး ကား၏နောက်ဘီးနှင့်ကြိတ်မိသဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားကြောင်း သိရသည်။

ထို့ကြောင့် ယာဉ်ပေါ်ဆစ္စာမောင်းနှင်သူ ကျော်ဆန်း (၅၃နှစ်) (၃)ရပ်ကွက် မော်လူးကျေးရွာအုပ်စု အင်းတော်မြို့နယ်နေသူအား မော်လူးနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


**ကိုနိုင်(အင်းတော်)**

# စိတ်ကြွရူးသွပ်ဆေးပြား ဖမ်းဆီးရမိ

**တာချီလိတ် မတ် ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဝမ်မိုင်ရွာဘက်မှ ဝမ်ကောင်းရပ်ကွက်ဘက်သို့သွားသည့် လမ်းမပေါ်၌ ဆိုင်ကယ်မောင်းနှင်သူထံမှ စိတ်ကြွရူးသွပ်ဆေးပြားများကို မတ် ၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၇ ရက်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များ၊ တာချီလိတ်ရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သောအဖွဲ့သည် တာချီလိတ်မြို့ ဝမ်မိုင်ရွာသချိုင်းကုန်းဘက်မှ ဝမ်ကောင်းရပ်ကွက်ဘက်သို့သွားသည့် လမ်းမပေါ်တွင် မျိုးကျော်မောင်းနှင်ပြီး ရဲလင်းလိုက်ပါလာသည့် စူဇူကီးအမျိုးအစား အနီရောင်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေခဲ့ရာ WY စာတန်းပါပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ပြား၊ အလေးချိန် ၁၉ ဒသမ ၅ ဂရမ် ကာလတန်ဖိုးငွေကျပ် ၁၁၂၀၀ ခန့်တို့ကို တွေ့ရှိခဲ့သည်။



မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူ မျိုးကျော်(၄၃ နှစ်) ဆန်ဆိုင်း(ခ) ရပ်ကွက်(၅)လမ်းနေသူနှင့် ရဲလင်း (၂၀နှစ်) ဝမ်းလုံးအုပ်စု တာချီလိတ်မြို့နယ်နေသူတို့နှစ်ဦးအား တာချီလိတ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# မြိတ်မြို့တွင် တစ်နေ့တည်း မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား

**မြိတ် မတ် ၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် မတ် ၈ ရက် ညနေက မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ ဈေးခေါင်းရပ် ဈေးခေါင်း(၂)လမ်း အမှတ်(၃၃)နေ ဦးဇော်မင်းနိုင်၏ ပစ္စည်းအဟောင်းဂိုဒေါင်တွင် ညနေ ၆ နာရီ ၂၅ မိနစ်က အောင်းအပူလွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ ပစ္စည်းဂိုဒေါင်တွင် ငါးဖမ်းပိုက်အဟောင်းများ စုပုံထားရာမှ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်ရာသို့ မြို့နယ်မီးသတ်စခန်း၊ အရန်မီးသတ်စခန်းမှ မီးငြိမ်းသတ်ယာဉ်များ၊ ရေသယ်ယာဉ်လေးစီးဖြင့် မြိတ်ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းဦးစီး၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၆ နာရီ ၄၃ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ စန္ဒဝတ်ကျေးရွာအုပ်စု ကျောက်ဖြူတောင်ကျေးရွာတွင်လည်း ည ၇ နာရီ ၂၈ မိနစ်က ဒေါ်မြနိုင်နေအိမ်တွင် ဘုရားမီးပူဇော်ထားသော ဖယောင်းတိုင်မီးလဲကျပြီး ဝါးထရံသို့ ကူးစက်လောင်ကျွမ်းခဲ့ရာ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သောကြောင့် ည ၇ နာရီ ၃၅ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်တွင် ရွှေတွင်းတူးရာမြေပြို၍ လူငါးဦး သေဆုံး

**ရမည်းသင်း မတ် ၉**

ရမည်းသင်းမြို့ ဆင်တွင်းကျောင်းကုန်းကျေးရွာအုပ်စု သပြေပင်ကျေးရွာအနီး (တစ်ကျပ်လုပ်ကွက်)အင်းပိုင် ဦးသိန်းလွင် သပြေပင်ကျေးရွာ အင်းအက်တာတွင် မတ် ၇ ရက် မွန်းလွဲ ၂ နာရီခန့်က မြေပြို၍ လူငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရကာ ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။ သေဆုံးသူငါးဦးမှာ ဦးနန်းဝင်း(၃၁နှစ်) တူးကုန်းကျေးရွာ၊ ဦးသိန်းဝင်း(၂၂ နှစ်) သပြေပင်ကျေးရွာ၊ ဦးရှမ်းကား(၂၇ နှစ်) သပြေပင်ကျေးရွာ၊ ဦးညွန့်ရွှေ (၅၂ နှစ်) ထိုက်စံရပ်ကွက်၊ ဦးဝင်းနိုင်(၃၉ နှစ်) ငါးပင်တက်ကျေးရွာ တို့ဖြစ်ကြောင်း ဆင်တွင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

**တင်ဦး(ရမည်းသင်း)**

## ကမ္ဘာ့ဉာဏ်ရည်မသန်စွမ်း (ဒေါင်းဆင်ဒရုန်း)များနေ့

## World Down Syndrome Day

မြန်မာဒေါင်းဆင်ဒရုန်းအသင်းမှ ဦးစီးကျင်းပမည့် ဒုတိယအကြိမ်မြောက် ကမ္ဘာ့ဒေါင်းဆင်ဒရုန်းနေ့ အကြိုအခမ်းအနားကို ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၊ စမ်းချောင်းသာစတိတ်၌ ၂၀-၃-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီမှ ၆နာရီအထိ ဒေါင်းဆင်ဒရုန်းများ၏ ဖျော်ဖြေရေးအစီအစဉ် နိုင်ငံကျော်တေးသံရှင်များ၏ ဂီတဖျော်ဖြေပွဲနှင့် ဈေးရောင်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါကြောင်းနှင့် ဒေါင်းဆင်ဒရုန်းများအတွက် လက်ဆောင်ပစ္စည်းများ၊ အခမ်းအနားအတွက် အလှူငွေများလည်း ပါဝင်လှူဒါန်းနိုင်ပါကြောင်း နွေးထွေးစွာ ဖိတ်ခေါ်အပ်ပါသည်။

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၀၄၀၀၉၆၊ ၀၉-၅၀၆၃၇၆၆၊ ၀၉-၄၂၀၇၂၃၀၉၉**

Co. sponsor- Premier Milk Powder, KIA Motor,Steel King Co.,Ltd.

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၁၈၆၇၉ Yinxiang click M/C အမည်ပေါက် ဒေါ်အေးအေးမော် ၉/မနတ(နိုင်)၀၀၅၈၀၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ဂ/၂၃၆၈ Toyota corolla CE107 S/W(4x2)R အမည်ပေါက် ဦးတင်ကိုကို ၁၄/ဒဒရ(နိုင်)၀၉၈၇၃၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/1325 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## သွေးသည် အသက်

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာနတွင်အသုံးပြုရန် အတွက်လိုအပ်သော ဒီဇယ်ဆီဂါလန်(၂၀၀၀၀၀)ကို ဌာနအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၄-၃-၂၀၁၆ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ်၁၀၀၀၀(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

## သားအဖြစ်မှ အပြီးပြတ်၊ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ် (၁) ရပ်ကွက်၊ အောင်မေတ္တာလမ်းမကြီး၊ အမှတ် ၁၆ နေ ဦးသိန်းထွန်း ၁၂/ရပသ(နိုင်)၀၂၀၆၆၂-[ဒေါ်ခင်မာဝင်း ၁၂/လမန(နိုင်)၀၀၄၃၁၀] တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးသိန်းထွန်းနှင့် ဒေါ်ခင်မာဝင်းတို့၏ သားအရင်းဖြစ်သူ မောင်မျိုးမင်းဦး ၁၂/လမန(နိုင်) ၁၅၂၉၈၃သည် မိဘနှစ်ပါး၏ ဆိုဆုံးမစကားကို နားမထောင်ဘဲ မိမိသဘောဖြင့် မိဘများကို စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုမူပြီး နည်းမျိုးစုံဖြင့် ဒုက္ခပေးနေသည်မှာ ကြာမြင့်ပြီဖြစ်ပါသည်။ မိဘနှစ်ပါးမှလည်း ၎င်းအတွက် အမွေဝေစုများကို ခွဲဝေပေးပြီးဖြစ်ပါသည်။ ထို့ကြောင့် မိဘနှစ်ပါးမှ မောင်မျိုးမင်းဦးကို ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်၍ သွာနုတ္တသားအဖြစ် သတ်မှတ်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်၍လည်း မိသားစုမှ လုံးဝတာဝန်မယူပါကြောင်း မောင်မျိုးမင်းဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ LL.B (စဉ်-၈၅၂၀)**
**တရားလွှတ်တော်ရှေ့နေ**
**တိုက် ၅၊ အခန်း ၁၀၈၊ အေးရိပ်မွန် ၉လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်**
**ဖုန်း-၀၉-၅၁၈၀၈၂၀၊ ၀၉-၅၀၃၇၈၇၅**


အမြန်ရောင်းမည်
ဗဟန်းမြို့နယ်၊
(၂)ထပ်လုံးချင်း၊
ဂရံအမည်ပေါက်
Ph: 09 785506157


## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပ-၁၄၊စီမံ-၁၊ မြလေးလမ်းနေ မခင်မိုးလှိုင် ၁၄/ဇလန(နိုင်)၁၈၂၁၇၂ နှင့် မနန်းခင်ယုမော်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**မခင်မိုးလှိုင်(ခ)မနန်းခင်ယုမော်**

## ကရင်ပြည်နယ်အစိုးရအဖွဲ့ လမ်း-တံတား အသုံးပြုခ လေလံလုပ်ကိုင်ခွင့် မဲစနစ်ဖြင့် လေလံတင်ရောင်းချရန်ကြော်ငြာ ၁-၄-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇

၁။ ကရင်ပြည်နယ်အစိုးရအဖွဲ့သည် ကရင်ပြည်နယ်အတွင်းရှိ အောက်ဖော်ပြပါလမ်း-တံတား အသုံးပြုခ ကောက်ခံရေးစခန်းများ၏ ၁-၄-၂၀၁၆ရက်မှ ၃၁-၃-၂၀၁၇ရက်အထိ တစ်နှစ်လေလံလုပ်ကိုင်ခွင့် လုပ်ငန်းလိုင်စင်များကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း လေလံ(မဲစနစ်)ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်-

| လမ်းတံတားဂိတ်အမည် | ခရိုင်အမည် | လမ်းအမည် | သတ်မှတ်လေလံတန်ဖိုး (ကျပ်-သိန်း) |
| --- | --- | --- | --- |
| ၁။ ကြာအင်းဆိပ်ကြီးလမ်းဂိတ် | ကော့ကရိတ် | ကြာအင်းဆိပ်ကြီး-ချောင်းနှစ်ခွလမ်း | ၁၀၅.၀၀ |
| ၂။ ဝါးဘိုးတောလမ်းဂိတ် | ဘားအံ | ဝါးဘိုးတော-ကမမောင်း | ၂၂၀.၀၀ |

လေလံလျှောက်လွှာစတင်ဝယ်ယူနိုင်သည့်နေ့ရက်၊ နေရာ၊ ကြော်ငြာပါသည့်ရက်မှစ၍ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ဘားအံမြို့တွင် ဝယ်ယူနိုင်ပါသည်။

လေလံလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်၊ အချိန်၊ နေရာ။ ၁၇-၃-၂၀၁၆ရက် ညနေ ၄း၃၀နာရီ၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘားအံမြို့။

လေလံဖွင့်လှစ်မည့်နေ့ရက်၊ အချိန်၊ နေရာ။ ၁၈-၃-၂၀၁၆ရက် နံနက် ၉နာရီ၊ လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံး၊ အစည်းအဝေးခန်းမ၊ ဘားအံမြို့။

မှတ်ချက်။ လေလံလုပ်ကိုင်ခွင့်ပေးသည့်စနစ်နှင့် လေလံစည်းကမ်းချက်များကို လမ်းဦးစီးဌာန၊ ကရင်ပြည်နယ်၊ ညွှန်ကြား ရေးမှူး(မြို့ပြ)ရုံးတွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုသော အချက်များကို ဖုန်း-၀၅၈-၂၁၀၁၅တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**လမ်းတံတားအသုံးပြုခလေလံလုပ်ကိုင်ခွင့် ကြီးကြပ်ရေးအဖွဲ့**
**ကရင်ပြည်နယ်-ဘားအံမြို့**

## အက်ဖ်အေဖလား ပဥ္စမအဆင့် ပြန်ကန်ပွဲစဉ် အာဆင်နယ်တို့ ဟားလ်စီးတီးကို အနိုင်ရ

အက်ဖ်အေဖလား ပဥ္စမအဆင့် ပြန်ကန်ပွဲစဉ်အဖြစ် ဟားလ်စီးတီး နှင့် အာဆင်နယ် တို့ မတ် ၉ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ အာဆင် နယ်က လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်ကွင်း၌ ယှဉ်ပြိုင်ခဲ့စဉ်က ဂိုးမရှိ သရေကျခဲ့သဖြင့် ယခုပွဲ အနိုင်ရရှိရေး နှစ်သင်းစလုံး ကြိုးစားခဲ့ရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့သည်။ အာဆင်နယ်အတွက် ဂိုးများကို ၄၁ မိနစ်နှင့် ၇၂ မိနစ်တို့တွင် ဂျရူးကလည်းကောင်း၊ ၇၇ မိနစ်နှင့် ၈၉ မိနစ်တို့တွင် ဝဲလ်ကော့ ကလည်းကောင်း သွင်းယူခဲ့သည်။

○ *ကျော့ဖုံးမှ*

အဖွင့်ဂိုးစတင်ရရှိခဲ့သည်။ ပြည်တွင်းလိဂ်ပြိုင်ပွဲတွင် ဂိုးပေါက်ပျောက်နေသည့် တိုက်စစ်မှူး ခရစ္စတိုဖာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရရှိပြီးနောက်ပိုင်းတွင် ဧရာဝတီအသင်းပွဲကို ပိုမိုစိုးမိုးနိုင်ခဲ့ပြီး ၃၂ မိနစ်တွင် ခရစ္စတိုဖာက ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် လာအိုတိုယိုတာအသင်း တိုက်စစ်အားမြှင့်လာ၍ ပွဲမှာ အပြန်အလှန်ရှိလာခဲ့သည်။ ၅၅ မိနစ်တွင် တိုက်စစ်မှူး ခရစ္စတိုဖာက ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီး ၆၄ မိနစ်တွင် ခန်သာဗောင်က လာအိုတိုယိုတာအတွက် ပထမချေပဂိုး သွင်းယူခဲ့သည်။ ဂိုးရပြီး နောက်ပိုင်းတွင် လာအိုအသင်း ချေပဂိုးရရှိနိုင်သည့် အခွင့်အရေးများ ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့၍ ၇၇ မိနစ်တွင် အောင်ကျော်နိုင်၏ စတုတ္ထဂိုး သွင်းယူခြင်းကို ခံခဲ့ရသည်။ လာအိုတိုယိုတာအသင်းအတွက် ဒုတိယချေပဂိုးကို ၈၈ မိနစ်တွင် ခန်သာဗောင်ကပင် သွင်းယူခဲ့ခြင်းဖြစ်သည်။

မော်လ်ဒိုက်နိုင်ငံ Male ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားသည့် မာဇီယာအသင်းနှင့် ရန်ကုန်အသင်းတို့ပွဲတွင် တစ်ဂိုးစီ သရေကျခဲ့သည်။ ရန်ကုန်အသင်းမှာ အမာခံကစားသမား အများအပြားဖြင့် ပွဲထွက်ခဲ့ပြီး ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသော်လည်း ၆၄ မိနစ်တွင် အာမတ်က မာဇီယာအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ရန်ကုန်အတွက် ချေပဂိုးကို ၈၇ မိနစ်တွင် ကျော်ကိုကိုက သွင်းယူပေးခဲ့သည်။


မာဇီယာအသင်းနှင့် ရန်ကုန်အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။ Photo-AFC

## မြန်မာ့ရုပ်မြင်သံကြား News Channel

**၁၀-၃-၂၀၁၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၆ း ၀၀ - တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇ း ၃၅ - အနုပညာသတင်း အစီအစဉ်
၈ း ၃၅ - မြန်မာ့ ရုပ်မြင်သံကြား ပညာရေးအစီအစဉ်
၉ း ၃၅ - လှပစုံလင်အာဆီယံတစ်ခွင်
၉ း ၄၅ - ရှုဖွယ်စုံလင် အာဆီယံ အစီအစဉ်
၉ း ၅၅ - KOICA နှင့် တွေ့ဆုံခြင်း
၁၄ း ၁၀ - သုခုရင်ခွင်အငြိမ့်သဘင် **မန္တလေး လူငယ်များအငြိမ့်**

**ညပိုင်း**

၁၅ း ၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲက ဘဝ **ပြဇာတ်မျက်နှာများ**
၁၆ း ၁၅ - "Myanmar Convention Centre"
၁၇ း ၁၅ - Weekly Sport Info
၁၇ း ၃၅ - **နိုင်ငံတကာနှင့်ရင်ပေါင်တန်းမြန်မာ့ဆေးလောက အစွမ်း**
၁၉ း ၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **မြစိမ်းရောင်သံစဉ်** (အပိုင်း-၂၀)
၂၀ း ၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀ း ၃၅ - **သစ္စာမြေမှ တောင်တို့ရဲ့မိခင်**
၂၀ း ၄၅ - **အခြေခံ ကောင်းတို့၏ ဖြစ်တည်ရာ**
- နိုင်ငံခြားဇာတ်လမ်းတွဲ **မြင့်မိုရ်မေမေ**(အပိုင်း-၉)
- မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင် (အပိုင်း-၂)

**မှတ်ချက်။ ။ နာရီစဉ် တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## ရီးရဲနှင့် ဝုဖ်ဘတ် ချန်ပီယံလိဂ်ကွာတားအဆင့်သို့ တက်ရောက်

ဥရောပချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ၁၆ သင်းအဆင့် ဒုတိယအကျော့ ပွဲစဉ်များကို မတ် ၉ ရက် နံနက်က ကစားခဲ့ရာ ရီးရဲမက်ဒရစ်နှင့် ရိုးမားတို့ပွဲတွင် ရီးရဲက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဝုဖ်ဘတ်နှင့် ဂျန့်တို့ပွဲတွင် ဝုဖ်ဘတ်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ရီးရဲနှင့် ရိုးမားတို့ပွဲတွင် **(ယာပုံ)** ပထမအကျော့ ရိုးမားကွင်း၌ ရိုးမားတို့ နှစ်ဂိုး-ဂိုးမရှိ ရှုံးနိမ့်ထားသဖြင့် ယခုပွဲ၌ ရလဒ်ကောင်းမွန်ရေး ကြိုးစားသော်လည်း ဂိုးကံခေခဲ့ရသည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်းတွင် ရီးရဲအတွက် အနိုင်ဂိုးများကို ၆၄ မိနစ်တွင် စီရော်နယ်ဒိုနှင့် ၆၈ မိနစ်တွင် ဂျိမ်းရိုဒရီဂွက်ဇ်တို့က သွင်းယူပေးခဲ့သည်။ ရီးရဲတို့အနေဖြင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-ဂိုးမရှိဖြင့် ကွာတားသို့ တက်ရောက်သွားသည်။

ဝုဖ်ဘတ်နှင့် ဂျန့်တို့ပွဲတွင် ဝုဖ်ဘတ်တို့က ဂျန့်အိမ်ကွင်း၌ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ထားသဖြင့် အသာစီးရထားသော်လည်း ဂျန့်တို့က အနိုင်ရရှိရေးကြိုးစားခဲ့သည်။ နှစ်သင်းစလုံး ဂိုးရခွင့်များ ဆုံးရှုံးခဲ့ပြီး ဝုဖ်ဘတ်အတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ရှာရယ်လ်က ၇၄ မိနစ်တွင် သွင်းယူပေးသဖြင့် နှစ်ကျော့ပေါင်း ရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် ဝုဖ်ဘတ်တို့ ကွာတားအဆင့်သို့ တက်ရောက်သွားသည်။

**သီဟ** ■



## မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲ ကျင်းပမည်

**ဖားကန့် မတ် ၉** ကချင်ပြည်နယ် ဖားကန့်မြို့ ဆိတ်မူကျေးရွာစာသင်ကျောင်း၌ ပြည်တွင်းလက်ဝှေ့ကစားသမားများ ယှဉ်ပြိုင်ကြမည့် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကို မတ် ၂၁ ရက်နှင့် ၂၂ ရက် ညနေ ၆ နာရီတွင် ကျင်းပမည်ဖြစ်သည်။အဆိုပါ လက်ဝှေ့ပြိုင်ပွဲတွင် ဗထူးမောင်၊ နိုင်ဗိုလ်၊ မင်းနိုင်ထွန်း၊ မင်းမင်း၊ စိုးမောင်ဦး၊ ရွှေဖြူမင်း၊ ဗျူဂွ၊ ရှမ်းညီ၊ အံ့ပွား၊ ကျော်စွာဝင်း၊ သားစနေ၊ သိန်းနိုင်ထွန်း၊ ဇေယျာမိုးနှင့် မြို့ခံလက်ဝှေ့သမားများ ယှဉ်ပြိုင်ကြမည်။ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ ဝင်ကြေးမှာ ငွေကျပ်တစ်သောင်းဖြစ်ကြောင်း သိရသည်။ **ရွှေလင်းပြည့်စုံ**


## မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဒညင်းကုန်းရပ်ကွက်နေ
ဒုတိယ ဗိုလ်မှူးကြီးဝင်းစိုး(ငြိမ်း)-ဒေါ်ခင်သီတာခိုင် (ခိုင်မိသားစု အုတ်ရောင်းဝယ်ရေး)တို့၏သား

**ဗိုလ်အောင်ခိုင်စိုး BE(Electrical Power)D.S.T.A၊ ယတရ(၁)**

**နှင့်**

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပေါက်ကံမြို့သစ်နေ
ဦးကျော်ကျော်အောင်(ဒု-လက်ထောက်အင်ဂျင်နီယာ၊ မြို့တော်စည်ပင်) (ငြိမ်း)-ဒေါ်အေးအေးကြူတို့၏သမီး

**မဖြိုးသန္တာကျော် B.Sc(Physics)**

တို့၏ ၅-၃-၂၀၁၆ ရက်(စနေနေ့)တွင် Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ရဲချုပ် ဗိုလ်မှူးကြီးစိုးဝင်း (ငြိမ်း)နှင့်ဇနီး ဒေါ်ခင်ခင်အုန်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော အမှတ်(၁)ယန္တရား အင်ဂျင်နီယာတပ်ရင်း၊ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီးသိန်းထွန်းအောင်နှင့်ဇနီး ဒေါ်မော်မော်ဝင်းတို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးပါသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း(ငြိမ်း)၏မိသားစု၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်(ငြိမ်း)မိသားစု၊ မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးပါသော ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုမိသားစု၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းမိသားစုတို့အားလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၏ဇနီးများ၊ စစ်ဘက်နယ်ဘက်မှအရာရှိကြီးများ၊ နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားတွင် မင်္ဂလာပန်းကြဲပေးပါသော မသဲစု၊ မင်္ဂလာပန်းကုံးဗန်းကိုင်ဆောင်ပေးပါသော မနှင်းရည်အောင်၊ မင်္ဂလာလက်စွပ် ကလပ်ကိုင်ဆောင်ပေးပါသော မသဲစန္ဒာအောင်၊ မင်္ဂလာသတို့သားအရံ ဗိုလ်ဟိန်းလှမြင့်၊ ဗိုလ်ကောင်းမြတ်နိုင်၊ မင်္ဂလာသတို့သမီးအရံ မဖြူစင်နှင်း၊ မဇင်ဗိုလ်ဗိုလ်၊ မင်္ဂလာအခမ်းအနားမှူး တေးသံရှင် တက္ကသိုလ် ကိုကိုဇော်(မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)၊ ညှော်ခံကျွေးမွေးရေးတာဝန်ယူဆောင်ရွက်ပေးပါသော Inya Lake Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ပန်းအလှပြုပြင်နှင့် ဆံပင်မိတ်ကပ်လင်းလင်းနှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော ဒေါ်လာမြင့်အောင်(ဗိုလ်ချုပ်ဈေး)၊ ဓာတ်ပုံနှင့်ဗီဒီယို မိုးကိုဦးနှင့် အဖွဲ့၊ မင်္ဂလာတေးသံသာများဖြင့် ဖျော်ဖြေပေးပါသော The Aces အဖွဲ့တို့အားလည်းကောင်း၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်အောင်ခိုင်စိုး-မဖြိုးသန္တာကျော်**



စာပေ ဇနီးမောင်နှံ

**နေဝင်းမြင့် + ခင်ခင်ထူး**

**စာအုပ် အရောင်းပွဲ**

ဆရာ နေဝင်းမြင့် + ဆရာမ ခင်ခင်ထူးတို့ ရေးသားခဲ့သော စာအုပ်များကို
နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မောင်လမြိုင်မြို့များရှိ
Ocean နှင့် City Mart ဆိုင်ခွဲများတွင် ၁၀ ရာခိုင်နှုန်း လျှော့ဈေးဖြင့်
(၁-၃-၂၀၁၆) မှ (၃၁-၃-၂၀၁၆) ထိ ရောင်းချပေးနေပါပြီ။



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**သစ်တောဦးစီးဌာန**
**မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့**

သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ ပခုက္ကူ/ဆိပ်ဖြူ/ပေါက်မြို့နယ်ရှိ ပုံစံ(၈)ဝင် ကျွန်း/သစ်မာ/အခြား၊ သစ်/သစ်ခွဲသားများအား ပခုက္ကူခရိုင်၊ သစ်တောဦးစီးဌာန၊ ပခုက္ကူမြို့တွင် အောက်ပါအတိုင်း လေလံတင်ရောင်းချပါမည်။

| စဉ် | ခရိုင်/မြို့နယ် | ပစ္စည်းအမျိုးအမည် | ပမာဏ | လေလံတင်ရောင်းချမည့်ရက် |
|---|---|---|---|---|
| ၁ | ပခုက္ကူ/ပခုက္ကူ | ကျွန်း(သစ်/ခွဲသား)<br>အခြား(သစ်/ခွဲသား)<br>ပျဉ်းကတိုး/သပြေ (ပကာများ) | ၂.၀၁၆၆-တန်<br>၂၇.၃၇၃၀-တန်<br>၁၆.၇၉၀၄-တန် | ၁၇-၃-၂၀၁၆ရက်<br>နံနက် ၉း၃၀နာရီ |
| ၂ | ပခုက္ကူ/ဆိပ်ဖြူ | သစ်မာခွဲသား<br>အခြားခွဲသား<br>မီးသွေး | ၂.၀၃၆၂-တန်<br>၂.၉၃၉၀-တန်<br>၇.၈၃၀၀-တန် | ၁၇-၃-၂၀၁၆ရက်<br>နံနက် ၉း၃၀နာရီ |
| ၃ | ပခုက္ကူ/ပေါက် | မီးသွေး | ၅.၇၁၄၀-တန် | ၁၇-၃-၂၀၁၆<br>နံနက် ၉း၃၀နာရီ |

လေလံဆွဲဝယ်လိုသူများသည် ၁၆-၃-၂၀၁၆ရက်နောက်ဆုံးထား၍ ပခုက္ကူခရိုင်၊ သစ်တောဦးစီးဌာန၊ ပခုက္ကူမြို့တွင် လာရောက်စာရင်းသွင်းလျှောက်ထားပါရန်နှင့် လေလံစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ လာရောက်စုံစမ်းလေ့လာနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့၊ သစ်တောဦးစီးဌာန၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်း**

ယာဉ်အမှတ်၂၄ယ/၃၃၆၀၈၊ Honda Wave, M/Cအမည်ပေါက် ဦးအောင်ထူး ၃/ကကရ(နိုင်)၁၈၄၁၃၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကော့ကရိတ်)**



**အမည်ဖြည့်စွက်ခြင်း**

ဦးဝင်းလှိုင်ထွန်း၏သမီး မြန်မာနိုင်ငံကူးလက်မှတ်အမှတ် M 869901 ကိုင်ဆောင်ထားသော Florence Tun (ခ) သီရိမြတ်နိုး အား Florence Tun(ခ) သီရိမြတ်နိုး(ခ)Florence Wynn ဟု ဖြည့်စွက်ခေါ်ပါရန်။



# ရွှေစည်းခုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေး ဆောင်ရွက်

**ညောင်ဦး မတ် ၉**

ညောင်ဦးမြို့ ကျက်သရေဆောင် အံ့ဖွယ်ကိုးစုံ ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ရွှေသင်္ကန်းတော်မြတ်များမှာ မေးမှိန်နေပြီဖြစ်သဖြင့် ရွှေသားအစစ်၊ ရွှေစင်ရွှေပြားနှင့် မန္တလေးမျက်ပါးရပ် ရွှေဆိုင်းများဖြင့် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရန်အတွက် ခရိုင်မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့များ၊ လူမှုကူညီရေးပရဟိတအသင်းအဖွဲ့များ ပူးပေါင်း၍ စီမံချက်ရေးဆွဲကာ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် စေတီတော်မြတ်ကြီးအား ရှေးမူမပျက်စေဘဲ နည်းစနစ်တကျ ဆောင်ရွက်နိုင်ရန်၊ ရွှေမှိုက်များ ထုတ်ယူရာတွင် စေတီတော်မြတ်ကြီး၏ ရှေးဟောင်းလက်ရာများမပျက်စီးစေရန် အတွက် အသုံးပြုရန်သတ်မှတ်ထားသည့်ပစ္စည်းများ စနစ်တကျ သုံးစွဲရေးနှင့် ရွှေဆိုင်းတင်ဒါခေါ်ယူရာတွင် တင်ဒါခေါ်ယူရေးအဖွဲ့သည် အများပြည်သူ ပွင့်လင်းမြင်သာစေပြီး ရွှေစင်ရွှေပြားများ အရည်အသွေးစံချိန်မီဖြစ်အောင် ကြီးကြပ်ဆောင်ရွက် သွားနိုင်ရန်အတွက် ကော်မတီများ အသီးသီးဖွဲ့စည်းတာဝန်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ရွှေသင်္ကန်း ကပ်လှူရာတွင် အပိုင်းနှစ်ပိုင်းခွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရွှေစည်းခုံစေတီတော်မြတ်ကြီးလုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည့်အချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားရှိ ကုသိုလ်ပါဝင်လိုကြသည့် အလှူရှင်များအနေဖြင့် ရွှေစည်းခုံ စေတီတော်မြတ်ကြီးဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဖုန်း ၀၆၁-၆၀၈၂၅ နှင့် ၀၉ ၆၅၀၁၁၄၂ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**ရဲသူရအောင်(ညောင်ဦး)**

# သံဃာတော်များအား ဆွမ်းဆန်တော်လောင်းလှူ

**တန့်ယန်း မတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့နယ်တွင် (၂၂)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိသဒ္ဓမ္မပါလ စာပြန်တော်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်တော်လောင်းလှူပွဲကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီက တန့်ယန်းမြို့ မဟာမြတ်မုနိဘုရားကြီး၌ ကျင်းပလောင်းလှူကြသည်။

အဆိုပါ ဆွမ်းဆန်တော်လောင်းလှူပွဲကြီးတွင် မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ စာဖြေသံဃာတော်များအား မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များနှင့် စေတနာရှင်များက ဆွမ်းဆန်တော်နှင့် လှူဒါန်းဖွယ်ရာများကို လောင်းလှူခဲ့ကြကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

# သီပေါမြို့၌ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲတော် စာအောင်ဆုနှင်းသဘင်ကျင်းပ

**သီပေါ မတ် ၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်လုံးဆိုင်ရာ (၃၅)ကြိမ်မြောက် ပရိယတ္တိစာပြန်ပွဲတော် ဆုနှင်းသဘင် အခမ်းအနားကို မတ် ၇ ရက်က မဟာမြတ်မုနိဘုရားကြီး အရှေ့အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စာပြန်ပွဲတော်ကျင်းပရေးနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ ငါးပါးသီလနှင့် ဩဝါဒကထာခံယူ၍ ကြီးကြပ်ဆရာတော် ဘဒ္ဒန္တပဏ္ဍဝက စာပြန်ပွဲတော်နှင့် ပတ်သက်၍ လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်က သာသနာရေးဆိုင်ရာများကိုလည်းကောင်း၊ စာပြန်ပွဲ ဖြစ်မြောက်ရေး ဦးစီးကော်မတီအတွင်းရေးမှူး မြို့နယ်ဥပဒေအရာရှိ အဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက စာပြန်ပွဲတော်ကျင်းပရာတွင် ရသုံးငွေစာရင်းရှင်းတမ်းများကို လည်းကောင်း လျှောက်ထားကြသည်။

ထို့နောက်စာအောင် သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာလေးတို့အား အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အဆိုပါ မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာပြန်ပွဲတော်သို့ ဘုန်းတော်ကြီးကျောင်းတိုက် ၁၃ တိုက်မှ ရဟန်းသာမဏေပေါင်း ၁၀၅ ပါးနှင့် ဓမ္မသုခ၊ ရွှေမောင်းသာသနာ့ဝေပုလ္လ သီလရှင်စာသင်တိုက်တို့မှ သာသနာ့နွယ်ဝင်သီလရှင် ၁၀၄ ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**လယ်ဝေး မတ် ၉**

လယ်ဝေးမြို့ အမှတ် (၄၇) စက်မှုလယ်ယာစခန်း လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုအခြေခံသင်တန်း (၁/၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို မတ် ၇ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် နေပြည်တော် စက်မှုလယ်ယာတိုင်းဦးစီးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး ဒက္ခိဏခရိုင် ဦးစီးမှူးဦးဝင်းသန့်က သင်တန်းသားများအား သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။ ထို့နောက် မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့်သင်တန်းကို လယ်ယာလုပ်သားရှားပါးလာသည့် ကာလတွင် ရာသီအလိုက်သီးနှံများ အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်စေရန်နှင့် အလေအလွင့်နည်းပါးစေရန်အတွက် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ တောင်သူသင်တန်းသား ၃၀ တို့ကို သင်ကြားပေးခြင်းဖြစ်ပြီး သင်တန်းကာလမှာ ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

# နွေရာသီ အခြေခံနှင့်အဆင့်မြင့် တင်းနစ်သင်တန်းဖွင့်မည်

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ် အားကစားကွင်း၌ နွေရာသီအခြေခံတင်းနစ်သင်တန်းကို မတ် ၁၄ ရက်မှ ဧပြီ ၈ ရက်အထိနှင့် အဆင့်မြင့်တင်းနစ်သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၀ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းချိန်ကို အသက် ၁၀ နှစ်နှင့်အောက်နှင့် အသက် ၁၀ နှစ်အထက်မှ ၁၄ နှစ်ထိ နံနက် ၈ နာရီမှ ၁၁ နာရီထိနှင့် အသက် ၁၄ နှစ်နှင့်အထက်ကို ညနေ ၃ နာရီမှ ၅ နာရီထိ သတ်မှတ်ထားသည်။ သင်တန်းဝင်ခွင့် လျှောက်လွှာတစ်စုံလျှင် ငွေကျပ် ၅၀၀ ဖြင့် မမေဖြိုးကျော် ဖုန်း-၀၉-၂၅၀၁၈၇၀၄၀၊ စုံစမ်းရေးဌာနတွင် ဝယ်ယူလျှောက်ထားနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# စိတ္တသုခလူမှုကူညီရေးအသင်းက ရိုးသားမှုဂုဏ်ပြုပွဲပြုလုပ်

**ပေါင် မတ် ၉**

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် စိတ္တသုခလူမှုကူညီရေးအသင်းမှ ကျင်းပပြုလုပ်သော ရိုးသားမှုဂုဏ်ပြုပွဲနှင့် ပေါင်မြို့နယ် စိတ္တသုခလူမှုကူညီရေးအသင်းတွင် အများပြည်သူအသုံးပြုနိုင်ရန် လူနာတင်ယာဉ်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့သူ စိတ္တသုခလူမှုကူညီရေးအသင်းမှ ယာဉ်မောင်းတို့အား ဂုဏ်ပြုပွဲအခမ်းအနားကို မတ်လပထမပတ်က ပေါင်မြို့ ထက်ကောင်းစားသောက်ဆိုင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပေါင်မြို့ စိတ္တသုခလူမှုကူညီရေးအသင်းဥက္ကဋ္ဌ ဦးကီကျွမ်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ပေါင်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဒေါ်ကင်းပုန်းမိသားစု အဆင့်မြင့်စိန်ရွှေရတနာဆိုင်တွင် ရွှေထည်များလာရောက်ရောင်းချရာ ဆိုင်မှငွေပေးချေခဲ့ရာတွင် ငွေကျပ်သိန်း ၂၀ တိတိ ပိုနေကြောင်း နေအိမ်ရောက်မှသိရှိသဖြင့် အဆိုပါ စိန်ရွှေရတနာဆိုင်သို့ ရိုးသားစွာ ချက်ချင်းလာရောက်ပြန်လည်ပေးအပ်ခဲ့သူ ပေါင်မြို့နယ် ကျုံကကျေးရွာနေ ဒေါ်စိုးစိုးနှင့် ပေါင်မြို့ စိတ္တသုခလူမှုရေးအသင်းအတွက် ရန်ကုန်မြို့နေ စေတနာအလှူရှင်မိသားစုမှ ဂျပန်နိုင်ငံထုတ် နစ်ဆန်းအမျိုးအစား လူနာတင်ယာဉ်တစ်စီး လှူဒါန်းရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးခဲ့သူ စိတ္တသုခအသင်း ယာဉ်မောင်း ဦးမောင်ထွန်းတို့နှစ်ဦးအား အသင်းဥက္ကဋ္ဌ ဦးကီကျွမ်းက ရွှေစင်ရွှေသားရုပ်တုနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သုံးသိန်းစီကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မအီမြို့၌ နေအိမ် ၃၀၀ ကျော် လျှပ်စစ်ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်တော့မည်

**မအီ မတ် ၉**

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်နယ်အစိုးရ၏ ခွင့်ပြုရန်ပုံငွေဖြင့် မအီမြို့တွင် ငွေကျားတိုက်ကုမ္ပဏီမှ ၁၁ ကေဗွီလိုင်း ၀ ဒသမ ၂၀ မိုင် ၄၀၀ ဗို့အားလိုင်း ၂ ဒသမ ၅ မိုင် ထရန်စဖော်မာ ၁၆၀ ကေဗွီအေ နှစ်လုံးအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးထွန်းဝဏ္ဏ၏ ညွှန်ကြားချက်အရ မြို့နယ်လျှပ်စစ်မှူး ဦးကျော်သိန်းဦးနှင့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ရာ ယင်းလုပ်ငန်းမှာ ဇန်နဝါရီ ၂၅ ရက်တွင် ပြီးစီးခဲ့သည်။

အဆိုပါလုပ်ငန်းပြီးစီးသွားသောကြောင့် မအီမြို့၌ လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော အများပြည်သူနေအိမ် ၃၀၀ ကျော်ကို ထပ်မံတိုးချဲ့ကာလျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်ငွေး(ပြန်/ဆက်)**



# အယ်နီညိုကို အကောင်းဆုံးနည်းလမ်းတွေနဲ့ ရင်ဆိုင်ကြရအောင် အပိုင်း(၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာကြီး ပိုမိုပူနွေးလာနေခြင်းသည် အခြားသော အကျိုးသက်ရောက်မှုများစွာနှင့်အတူ ရာသီဥတုပြောင်းလဲခြင်းကိုပါ ဖြစ်ပေါ်စေလျက်ရှိသည်။ ဒေသတစ်ခုတွင် ပုံမှန်ဖြစ်ပေါ်နေကျ ရာသီဥတုမျိုးမှ သွေဖည်ကာ လွန်ကဲပြင်းထန်သောအခြေအနေများ ဖြစ်ပေါ်နေခြင်းသည် ရာသီဥတုပြောင်းလဲသွားခြင်းပင် ဖြစ်သည်။ ကာလအတိုင်းအတာတစ်ခုအတွင်း၌ ယခင် ပုံမှန်ဖြစ်ပေါ်နေကျထက် မိုးပိုမိုရွာသွန်းခြင်း၊ မိုးရေချိန် သိသာစွာလျော့နည်းသွားခြင်း၊ အအေးပိုမိုပြင်းထန်လာခြင်း၊ ပူပြင်းခြောက်သွေ့မှုလွန်ကဲခြင်းစသော အစွန်းရောက်ဖြစ်စဉ်များသည် ရာသီဥတုပြောင်းလဲသွားခြင်း၏ ကြန်အင်လက္ခဏာများပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံ အပါအဝင် အီကွေတာနှင့်နီးကပ်သော နိုင်ငံအချို့တို့သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှစ၍ အယ်နီညိုဟူသော အစွန်းရောက်ရာသီဥတု ဖြစ်စဉ်များကို စတင် ခံစားကြရဖွယ်ရှိကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ကြိုတင်အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

အယ်နီညို(El-Nino)ဟူသော ဝေါဟာရသည် မြန်မာနိုင်ငံသားအများစုတို့နှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသော စကားလုံးဖြစ်သည်။ အကယ်စင်စစ်အားဖြင့် အယ်နီညိုဆိုသည်မှာ သမုဒ္ဒရာအတွင်း လှည့်ပတ်စီးဆင်းနေသော ရေပူစီးကြောင်းကို စပိန်ဘာသာဖြင့် ခေါ်ဝေါ်သော အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ထိုအသုံးအနှုန်းကိုအကြောင်းပြု၍ အီကွေတာနှင့်နီးကပ်သော ပစိဖိတ်သမုဒ္ဒရာရပ်ဝန်းတွင် ပုံမှန်ရှိရမည့်အပူချိန်ထက်မြင့်တက်ကာ ပိုမိုပူနွေးနေခြင်းကို အယ်နီညိုဖြစ်စဉ်ဟု အမည်နာမ တပ်ခဲ့ကြခြင်းဖြစ်သည်။

သမုဒ္ဒရာအတွင်း အယ်နီညိုရေပူစီးကြောင်းများ လှည့်ပတ်စီးဆင်းသည့်အခါ နီးကပ်သောဒေသများ၌ ပုံမှန်မဟုတ်သော ဖြစ်ရပ်များနှင့် ကြုံတွေ့ကြရသည်။ ငါး၊ ပုဇွန်စသော ရေထွက်သယံဇာတများ ရှားပါးသွားခြင်းနှင့် ဂေဟစနစ်အပေါ် သိသာသောသက်ရောက်မှုများဖြစ်ပေါ်ခြင်းစသည်တို့မှသည် မိုးလေဝသအခြေအနေများ ကစဉ့်ကလျားဖြစ်ပေါ်ခြင်းနှင့် ရာသီဥတုပြောင်းလဲသွားခြင်းများ အထိကိုပင် ဒေသခံတို့ တွေ့ကြုံခံစားကြရသည်။ မိုးရွာသွန်းမှု သိသာစွာ လျော့နည်းသွားခြင်းမှသည် မိုးခေါင်သည်အထိ၊ မုတ်သုံအဝင်နောက်ကျခြင်းမှသည် မုတ်သုံမိုးရွာသွန်းမှုနည်းပါးခြင်းအထိ၊ မိုးလယ်ကာလ၌ မိုးရေချိန်ပမာဏလျော့နည်းခြင်းမှသည် မုတ်သုံအထွက်စောခြင်းအထိ ကြုံတွေ့ကြရသည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှစ၍ တစ်နံတစ်လျားကျယ်ပြန့်စွာ တည်ရှိနေကြသော လုပ်ငန်းကိစ္စအဝဝတို့အပေါ် ထိခိုက်နစ်နာဆုံးရှုံးမှုများကို ကျရောက်လာစေသည်။

အယ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအားကြောင့် တွေ့ကြုံလာရနိုင်ဖွယ်ရှိသော ဘေးဒုက္ခများမှာ ကြီးမားကျယ်ပြန့်လှသည်ဖြစ်၍ အယ်နီညိုဖြစ်စဉ်ပေါ်ပေါက်သည့်နှစ်ကို အယ်နီညိုနှစ်ဟူ၍ပင် ခေါ်ဝေါ်သမုတ်လာခဲ့ကြသည်။ အယ်နီညိုဖြစ်စဉ်သည် ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ ရေထုတို့၏ အပြန်အလှန်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်နေခြင်း၏ သဘာဝဖြစ်စဉ်တစ်ခုသာလျှင် ဖြစ်သည်။ သာမန်အားဖြင့် အယ်နီညိုဖြစ်စဉ်သည် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်တတ်သော်လည်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလ


> **အယ်နီညိုဖြစ်စဉ်၏ အဖျက်စွမ်းအားကြောင့် တွေ့ကြုံလာရနိုင်ဖွယ်ရှိသော ဘေးဒုက္ခများမှာ ကြီးမားကျယ်ပြန့်လှသည်ဖြစ်၍ အယ်နီညိုဖြစ်စဉ်ပေါ်ပေါက်သည့်နှစ်ကို အယ်နီညိုနှစ်ဟူ၍ပင် ခေါ်ဝေါ်သမုတ်လာခဲ့ကြသည်။ သာမန်အားဖြင့် အယ်နီညိုဖြစ်စဉ်သည် ခြောက်နှစ်လျှင် တစ်ကြိမ်ခန့်သာ ဖြစ်ပေါ်တတ်သော်လည်း ၁၉၈၀ ပြည့်နှစ်မှ ၂၀၀၀ ပြည့်နှစ်ကာလအတွင်း ပြင်းထန်သော အယ်နီညိုဖြစ်စဉ် စုစုပေါင်း ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည်မှာ ထိတ်လန့်ဖွယ်ကောင်းလှသည်။ အဆိုပါ ဖြစ်စဉ်များအနက် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် ကပ်လျက်ပြက္ခဒိန်နှစ် နှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်နီညိုကာလ၏ ဖြစ်စဉ်သည် အဆိုးရွားဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့ပြီး လူပေါင်းနှစ်သောင်းလေးထောင်ကို သေဆုံးစေခဲ့. . .**

အတွင်း ပြင်းထန်သော အယ်နီညိုဖြစ်စဉ် စုစုပေါင်း ၁၁ ကြိမ်တိုင်တိုင် ဖြစ်ပေါ်ခဲ့သည်မှာ ထိတ်လန့်ဖွယ်ကောင်းလှသည်။

အဆိုပါ ဖြစ်စဉ်များအနက် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် ကပ်လျက် ပြက္ခဒိန်နှစ် နှစ်နှစ်အတွင်း ဖြစ်ပေါ်ခဲ့သော အယ်နီညိုကာလ၏ဖြစ်စဉ်သည် အဆိုးရွားဆုံးဖြစ်စဉ်အဖြစ် စံချိန်တင်ခဲ့သည်။ စိုက်ပျိုးမြေဧကပေါင်း ၅၆ သန်းကို ထိခိုက်စေပြီး လူပေါင်းနှစ်သောင်းလေးထောင်ကို သေဆုံးစေကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၄ ထရီလီယံကျော်အထိ ရှိစေခဲ့သည်။

အယ်နီညိုဖြစ်စဉ်သည် ရာသီဥတုကို ဖောက်လွဲဖောက်ပြန်ဖြစ်ပေါ်စေသည်ဖြစ်၍ အခြားသော ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအတွက်လည်း အလေးဂရုပြုရမည့် ဖြစ်စဉ်ကြီးတစ်ခုဟု ဆိုရပေမည်။ စံချိန်တင် အယ်နီညိုနှစ်သည် မြန်မာနိုင်ငံအတွက် ၁၉၉၇ ခုနှစ် ဇွန်လမှ ၁၉၉၈ခုနှစ် မေလအထိ တစ်နှစ်တိတိ ဖြစ်ပေါ်ခဲ့ပြီး မြို့ ၁၅ မြို့၌ မိုးရေချိန်ရရှိမှုအနည်းဆုံး စံချိန်တင်ခဲ့ကာ မြို့ ၁၈ မြို့၌လည်း အပူချိန်အမြင့်မားဆုံး စံချိန်တင်ခဲ့သည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက အီကွေတာနှင့်နီးကပ်သော အရှေ့ဗဟို အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ရေပြင်အပူချိန်မှာ သိသာစွာ မြင့်တက်နေခဲ့သည်။ ထိုသို့သော အပူချိန်မြင့်တက်နေမှုကြောင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း ရေပြင်၏ ပျမ်းမျှအပူချိန်သည် အယ်နီညိုဖြစ်စဉ်အဆင့်အထိ ရောက်ရှိအောင်ပင် ပူနွေးလာနိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းထားခဲ့သည်။ အကယ်၍ အယ်နီညိုဖြစ်စဉ် ပေါ်ပေါက်လာမည်ဆိုပါကလည်း ၁၉၅၀ ပြည့်နှစ်မှစ၍ ၂၀၁၅ခုနှစ် မတိုင်မီအတွင်းရှိ ကာလများက ဖြစ်ပေါ်ခဲ့သည့် အယ်နီညိုဖြစ်စဉ်များထဲမှ ထူးခြားပြင်းထန်သော ၁၉၇၂-၁၉၇၃ အယ်နီညို၊ ၁၉၈၂-၁၉၈၃ အယ်နီညိုနှင့်၁၉၉၇-၁၉၉၈ အယ်နီညိုတို့ထက်ပင် ပို၍ အားကောင်းလာနိုင်ကြောင်း သုံးသပ်ခန့်မှန်း တွက်ချက်ပေးထားကြသည်။




ကမ္ဘာ့ကုန်းမြေနှင့် လေထု၊ ရေထုတို့သည် အပြန်အလှန်အမှီသဟဲပြုပြီး ကျိုးကြောင်းဆက်စပ်လျက်ရှိနေကြသည့် အားလျော်စွာ အယ်နီညိုဖြစ်စဉ် ပေါ်ပေါက်သည့် နှစ်များတွင် ပင်လယ်ရေမျက်နှာပြင်ပေါ်၌ လေစီးကြောင်းများ လှည့်ပတ်တိုက်ခတ်မှု ပုံစံပြောင်းလဲသွားသည်နှင့် တစ်ပြိုင်နက် ကုန်းမြေပေါ်ရှိ မိုးလေဝသအခြေအနေကလည်း ယိုယွင်းလာကာ ရာသီဥတုကလည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတော့သည်။

ကောင်းကင်ယံတွင် တိမ်ဖြူတိမ်တိုက်များ ကင်းစင်သွားကာ နေ့အခါ အလွန်ပူပြင်းပြီး ခြောက်သွေ့နေမှုကြောင့် လေပူများ အထက်သို့ တက်ရောက်ကုန်သည်။ ထိုအခါ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်ပြီး ထိုရပ်ဝန်းသို့ ဖိအားများသောလေထုက အလုံးအရင်းနှင့် ဝင်ရောက်နေရာယူ တိုက်ခတ်မှုကြောင့် အပူပိုင်းမုန်တိုင်းများ ဖြစ်ပေါ်လာသည်။

ထို့အတူ အယ်နီညိုဖြစ်စဉ်ကြောင့် အထက်လွှာလေထု၏ လှည့်ပတ်တိုက်ခတ်သည့်ပုံစံ ပြောင်းလဲသွားကာ ပုံမှန်အားဖြင့် မိုးကောင်းသည့်အရပ်ဒေသများ၌ မိုးနည်းခြင်းနှင့် မိုးခေါင်ခြင်းကို ဖြစ်ပေါ်လာစေသလို မူလက မိုးနည်းသည့်ဒေသများ၌လည်း မိုးရေချိန်အများအပြားရွာသွန်းမှုကို ဖြစ်ပေါ်စေကာ ရေကြီးရေလျှံမှုများကိုပါ ဆက်စပ်ဖြစ်ပေါ်စေသည်။

အယ်နီညိုနှစ် တစ်နှစ်စာကို ပိုင်းခြားဆန်းစစ်ကြည့်မည်ဆိုပါက ပထမလေးလတွင် အားကောင်းပြီး ဒုတိယလေးလတွင် အားပျော့သွားလေ့ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၅-၂၀၁၆ လက်ရှိ အယ်နီညိုဖြစ်စဉ်သည် ၂၀၁၆ ခုနှစ် မေလအထိ ဆက်လက်ဖြစ်ပေါ်နိုင်ပြီး ဇွန်လမှစ၍ တဖြည်းဖြည်း အားပျော့လာမည်ဟု ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က ခန့်မှန်းပေးထားခြင်းဖြစ်သည်။

ကမ္ဘာ့ရာသီဥတု မှတ်တမ်းများအရ ဖြစ်ပေါ်ခဲ့ပြီးသမျှသော အယ်နီညိုဖြစ်စဉ်စုစုပေါင်း၏ ထက်ဝက်သည် အားပျော့သွားပြီးနောက်ပိုင်း၌ ပုံမှန်ရာသီဥတုအခြေအနေသို့ ပြန်လည်ရောက်ရှိသွားကြသည်။ ၄၀ ရာခိုင်နှုန်းက အယ်နီညိုဖြစ်စဉ်၏ ဆန့်ကျင်ဘက်ဖြစ်သော လာနီညာ (La-Nina) ဖြစ်စဉ်သို့ ပြောင်းလဲသွားကာ ကျန် ၁၀ ရာခိုင်နှုန်းကမူ အားပျော့ချိန်ရောက်ခါမှ မုန်တိုင်းဖြစ်ပေါ်ခြင်း၊ မိုးရေချိန်လျော့နည်းသွားခြင်း၊ မိုးခေါင်ခြင်း၊ ပူပြင်းခြောက်သွေ့ခြင်းစသည့် အားကောင်းသော အယ်နီညိုရာသီဥတု၏ အစွမ်းကို ပြသကြသည်။

ယခုလက်ရှိ အယ်နီညိုဖြစ်စဉ်ကမူ အားပျော့ချိန်ရောက်မှ အစွမ်းပြခြင်းမျိုးကို ကြုံကြရမည်မဟုတ်သည့်အတွက် ပူပင်သောကပွားနေကြရန် မလိုအပ်ပေ။ သို့ရာတွင် အယ်နီညိုအားပျော့သွားချိန်၌ ပုံမှန်ရာသီဥတု ပြန်ဖြစ်သွားမည်လော သို့တည်းမဟုတ် လာနီညာဖြစ်စဉ်သို့ ပြောင်းလဲသွားမည်လောဆိုသည်ကိုတော့ ပိတ်ကားပေါ်၌ ဆက်လက်ရှုစားကြရဦးမည်သာ ဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က အယ်နီညိုဖြစ်စဉ်နှင့်ကြုံတွေ့ရမည့် မြန်မာနိုင်ငံ၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့အတွက် မိုးလေဝသအခြေအနေကို ခန့်မှန်းရာတွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန် ထက်ကျော်လွန်အောင် ရွာသွန်းနိုင်သည့် ဒေသများမရှိဘဲ၊ ပုံမှန်မိုးရေချိန်အောက်သို့သာလျှင် လျော့နည်းရွာသွန်းနိုင်ကြောင်း ထုတ်ပြန်ထားသည်။ အများဆုံးအားဖြင့် ပုံမှန်ရွာသွန်းမှုအောက် ၃၀ ရာခိုင်နှုန်းအထိ လျော့နည်းနိုင်သော ဒေသများထဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့ ပါဝင်နေကြသည်။

ပုံမှန်မိုးရွာသွန်းမှု၏ ထက်ဝက်အထိ လျော့ကျသွားနိုင်သော ဒေသများထဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ ပါဝင်ပြီး ပုံမှန်ရွာသွန်းမှုအောက် ၆၀ ရာခိုင်နှုန်းအထိ လျော့နည်းသွားနိုင်သည့် ဒေသများထဲ၌မူ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့ ပါဝင်နေကြသည်။

အလားတူပင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်က မြန်မာတစ်နိုင်ငံလုံးတွင် ပျမ်းမျှနေ့အပူချိန်များ မြင့်တက်လာနိုင်ကြောင်းကိုလည်း ခန့်မှန်းထုတ်ပြန်ထားသည်။ အဆိုပါ ခန့်မှန်းချက်အရ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ နေပြည်တော်နှင့် အနီးတစ်ဝိုက်၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် နေ့အပူချိန်မြင့်မားလာရန် ရာခိုင်နှုန်း အလွန်များပြားလျက်ရှိသည်။ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင်လည်း နေ့အပူချိန်များ မြင့်တက်လာနိုင်ခြေ ၇၀ ရာခိုင်နှုန်းအထိ ရှိနေကြသည်။

လက်ရှိဖြစ်ပေါ်နေသော အယ်နီညိုဖြစ်စဉ်သည် တောင်အမေရိကတိုက်ရှိ ပီရူးနိုင်ငံကမ်းခြေမှ အီကွေတာလေပူများက ပစိဖိတ်သမုဒ္ဒရာနှင့် အိန္ဒိယသမုဒ္ဒရာ ရေမျက်နှာပြင်တို့အပေါ် ဖြတ်သန်းတိုက်ခတ်မှုကြောင့် ဖြစ်ပေါ်လာရကြောင်း သုတေသနပြု ဖော်ထုတ်တွေ့ရှိရသည်။ သို့ဖြစ်၍ အယ်နီညိုဖြစ်စဉ်၏ သက်ရောက်မှုကို အီကွေတာရပ်ဝန်းဒေသနိုင်ငံများဖြစ်ကြသော မြန်မာ၊ အိန္ဒိယ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ပါပူအာနယူးဂီနီ၊ ဩစတြေးလျနှင့် ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ကျွန်းနိုင်ငံငယ်များက ခံစားကြရဖွယ်ရှိနေသည်။

မြန်မာနိုင်ငံ အပါအဝင် အီကွေတာရပ်ဝန်းဒေသနိုင်ငံများ၌ အယ်နီညိုဖြစ်စဉ်၏ အကျိုးသက်ရောက်မှုများအဖြစ် မိုးရွာသွန်းမှု လျော့နည်းခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ သောက်ရေသုံးရေများ ရှားပါးပြတ်လပ်ခြင်း၊ မြစ်ချောင်းအင်းအိုင်များ၌ ပုံမှန်ရှိမြဲထက် ရေပမာဏလျော့နည်းခြင်းများကို ကြုံတွေ့ကြရနိုင်ပြီး ထိုမှဆက်စပ်၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေထွက်ပစ္စည်းထုတ်လုပ်ရေး၊ ရေကြောင်းသွားလာရေး၊ ရေဖြန့်ဝေမှု၊ ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ ခရီးသွားလုပ်ငန်း စသည်တို့နှင့်အတူ ကျန်းမာရေးပြဿနာများကိုပါ ရင်ဆိုင်ကြရဖွယ်ရှိနေကြသည်။

အယ်နီညိုဖြစ်စဉ်ကို အကောင်းဆုံး ရင်ဆိုင်ရမည့် နည်းလမ်းများအနက် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသုံးရေစသော ရေသယံဇာတများကို အလေအလွင့်မရှိအောင် စနစ်တကျ၊ စည်းကမ်းတကျ၊ နည်းလမ်းမှန်မှန်ဖြင့် စီမံခန့်ခွဲခြင်းမှာ အထူးပင်အရေးကြီးသည်။ ဆည်နှင့်တမံများ၊ ရေလှောင်ကန်ကြီးများအတွင်းရှိ ရေများကို ထိရောက်အကျိုးရှိစွာ အသုံးချခြင်း၊ အလေအလွင့်မရှိအောင် နေ့ညမပြတ် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မြင့်မားသည့်အပူရှိန်ကြောင့် ရေများ အငွေ့ပျံဆုံးရှုံးရမှုပမာဏ လျော့ပါး သက်သာစေသည့် နည်းလမ်းများကိုအသုံးချခြင်း၊ ညစ်ညမ်းသောရေများနှင့် ဓာတုအဆိပ်ပျော်ဝင်နေသောရေများ စီးဝင်လာခြင်းမရှိစေရန် ခေတ်သစ်နည်းလမ်းများဖြင့် ကာကွယ်တားဆီးခြင်း စသည်တို့ကို မလွဲမသွေ လုပ်ဆောင်ကြရမည်ဖြစ်သည်။

ထို့အတူ မြစ်ချောင်း အင်းအိုင်နှင့် ဆည်တမံများအတွင်းရှိရေများကို သောက်ရေနှင့် ချက်ပြုတ်လျှော်ဖွပ်နိုင်သော ရေများအဖြစ်သို့ ဓာတုနည်းစဉ်(Chemical Process) သုံးကာ သန့်စင်ခြင်း၊ သုံးရေကိုပင် အဆင့်ဆင့်အကျိုးရှိအောင် သုံးစွဲခြင်း (ဥပမာ-သုံးပြီးရေနှင့် ချိုးပြီးရေများကို သစ်ပင်ပန်းမန်နှင့် ကောက်ပဲသီးနှံပင်များအား လောင်းခြင်း၊ မွေးမြူရေးလုပ်ငန်း၌ သုံးစွဲခြင်းနှင့် မြေပြင်သန့်ရှင်းရေးအတွက် အသုံးပြုခြင်းစသည် )၊ ရေအရင်းအမြစ်မှန်သမျှကို ကောင်းစွာထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ရေကို ဖြုန်းတီးခြင်းနှင့် ပြုန်းတီးစေခြင်းတို့မှ ရှောင်ကြဉ်ခြင်း၊ လိုအပ်ပါက ရေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ခြင်းစသည်တို့ကိုလည်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့ပြင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများ၌ အသုံးပြုနေကြသော နည်းပညာတစ်ခုဖြစ်သည့် လေထုထဲရှိ ရေငွေ့များကို စုဝေးသိပ်သည်းစေကာ တိမ်ဖြူများအဖြစ် ဖန်တီးဖြစ်ပေါ်စေသော နည်းလမ်းမျိုးကိုပင် အသုံးချကြရမည်ဖြစ်သည်။ တိမ်ဖြူများ စုဝေးဖြစ်ပေါ်လာခြင်းဖြင့် မြေပြင်နှင့်ကပ်လျက်ရှိနေသော လေထု၏အပူရှိန်ကို လျော့ကျသွားစေကာ ပူပြင်းခြောက်သွေ့မှုကို အတိုင်းအတာတစ်ရပ်အထိ လျှော့ချပေးနိုင်မည်ဖြစ်သည်။ **(ဆက်လက်ဖော်ပြပါမည်။)**

# ကြယ်လိပ်စမ်းသပ်မွေးမြူမှုအောင်မြင်၍ နှစ်စဉ် အကောင်ရေတိုးနေ

**မင်းဘူး မတ် ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ရွှေစက်တော်သာသနာ့နယ်မြေ ရွှေစက်တော်ဘေးမဲ့တောအတွင်း ကျက်စားနေထိုင်ကြသော မြန်မာ့ကြယ်လိပ်များမှာ ယခင်က မျိုးသုဉ်းရန်အလွန်နီးသည့်အဆင့်(Critically Endanger) အဖြစ် သတ်မှတ်ခံထားရသော်လည်း ပြင်ပခြံလှောင်စနစ်ဖြင့် စမ်းသပ်မွေးမြူခဲ့ရာ အောင်မြင်မှုများရရှိ၍ ယခုအခါ နှစ်စဉ် အကောင်ရေတိုးပွားလာလျက်ရှိကြောင်း သိရသည်။

မြန်မာအမည် ကြယ်လိပ်(ခ)ပင့်ကူလိပ်၊ အင်္ဂလိပ်အမည် Burmese Star Tortoise၊ သိပ္ပံအမည် Geocheloneplatynota ကို ထိန်းသိမ်း ကာကွယ်မှုအဆင့် (IUCN)အရ မျိုးသုဉ်းရန်အလွန်နီးအဆင့်ဟု သတ်မှတ်ထားပြီး အလေးထား၍ ထိန်းသိမ်းစောင့်ရှောက်လျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်အထိ ကြယ်လိပ်အကောင်ရေ ၂၉၇ ကောင် ထိန်းသိမ်းမွေးမြူထားလျက်ရှိကြောင်း ရွှေစက်တော်ဘေးမဲ့တော မှတ်တမ်းများအရ သိရသည်။

ရွှေစက်တော်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံး ဝန်ထမ်းတစ်ဦးက သဘာဝတောအတွင်း၌ ကြယ်လိပ်များ တဖြည်းဖြည်း ရှားပါးလာသည့်အတွက် ပြင်ပခြံလှောင်မွေးမြူခြင်းကို သုတေသနပြုခဲ့ရာ အောင်မြင်လျက်ရှိကြောင်း၊ ပြင်ပခြံလှောင်မွေးသည့်စနစ်မှ သဘာဝတောအတွင်း လိုက်လျောညီထွေ ပြန်လည်ရှင်သန်နိုင်ရန်အတွက် ၂၀၁၂ ခုနှစ်မှစ၍ သားပေါက် သုံးကောင်ကို သဘာဝတောအတွင်း နေထိုင်ကျက်စားစေပြီး သဘာဝအစာများနှင့် စမ်းသပ်လေ့လာခဲ့ကြောင်း၊ စမ်းသပ်မှု အဆင့်ဆင့် အောင်မြင်ခဲ့ပြီး ကြယ်လိပ်များ နှစ်စဉ် အကောင်ရေတိုးပွားလာလျက်ရှိကြောင်း ပြောကြားသည်။

ကြယ်လိပ်ကလေးများကို ရွှေစက်တော်သို့ ဘုရားဖူးလာသောပြည်သူများ လေ့လာနိုင်ရန် ယမန်နှစ်က ပွဲတော်ဝင်းအတွင်း လူထုပညာပေးပြခန်းရှိ ခြံလှောင်အိမ်ထဲ၌ သဘာဝ ကျောက်တုံးကျောက်ဆောင်ငယ်လေးများ ပြုလုပ်ကာ မွေးမြူပြသခဲ့ရာ ပြည်သူအများ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြသည်။ ကြယ်လိပ်များသည် ဇူလိုင်လနှင့် ဩဂုတ်လများတွင် မိတ်လိုက်တတ်ပြီး အောက်တိုဘာလတွင် ဥများဥကာ တစ်ကြိမ်လျှင် လေးလုံးမှ ငါးလုံးအထိ ဥလေ့ရှိသည်။ မေလတွင် ဥများပေါက်လေ့ရှိကြောင်း သိရသည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် နို့တိုက်သတ္တဝါ ၁၄ မျိုး၊ ကုန်းနေရေနေသတ္တဝါ ၄၃ မျိုး၊ လိပ်ပြာမျိုးစိတ် ၃၉ မျိုး၊ ငှက်မျိုးစိတ် ၁၁၃ မျိုးကို တွေ့ရှိနိုင်သည့်အပြင် စွေ့ငှက်၊ နဖားကြူးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသားဗိုက်ဖြူ၊ ရွှေသမင်နှင့် ကြယ်လိပ်ကလေးများမှာ ရွှေစက်တော် တောရိုင်းဘေးမဲ့တိရစ္ဆာန်တောအတွင်း၌သာ တွေ့ရှိနိုင်သော မြန်မာဌာနေဖွား မျိုးစိတ်များဖြစ်ကြောင်း အများပြည်သူ သိရှိလေ့လာနိုင်ရန် လက်ကမ်းစာစောင်များကိုလည်း ရွှေစက်တော် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ ထုတ်ပြန်ထားသည်။

**သန်းနိုင်ဦး(ငဖဲ)**



# မီးဘေးသင့်ပြည်သူများ၏နေအိမ်များ ပြန်လည်ဆောက်လုပ်နိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေး

**တနင်္သာရီ မတ် ၉**

တနင်္သာရီ တိုင်းဒေသကြီး တနင်္သာရီမြို့နယ် ညောင်ပင်ကွင်းကျေးရွာ၌ မတ် ၁ ရက်က ဖြစ်ပွားခဲ့သော မီးလောင်မှုတွင် နေအိမ်များပါသွားခဲ့သော မိသားစုများအား နေအိမ်များပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ မတ် ၇ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းခဲ့သော နေအိမ် ခုနစ်လုံးကို မီးဘေးသင့်ပြည်သူများအတွက် အဆင်ပြေသည့် သင့်တင့်လျောက်ပတ်သောနေအိမ် ပြန်လည်ဆောက်လုပ်နိုင်ရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က တစ်အိမ်လျှင် မတည်လှူဒါန်းငွေ ကျပ်သိန်း ၂၀ စီ ပေးအပ်ထားကြောင်း သိရသည်။ အဆိုပါမတည်ငွေနှင့် အလှူရှင်များ၏ ပံ့ပိုးထောက်ပံ့ငွေဖြင့် နေအိမ်သစ်များ စနစ်တကျ ပြန်လည် ဆောက်လုပ်ပေးနိုင်ရန်အတွက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းမင်းနိုင်နှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ဒေသခံလက်သမားများနှင့် ယာယီမီးဘေးကယ်ဆယ်ရေး စခန်းရှိရာ နဂါးရုံဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် တွေ့ဆုံညှိနှိုင်းခဲ့ကြသည်။

မြို့နယ် အုပ်ချုပ်ရေးမှူးက ဆောက်လုပ်ပေးမည့် နေအိမ်များ၏ အရွယ်အစား၊ပုံဏ္ဍာန်များကို ချပြ၍ မီးဘေးသင့်ပြည်သူများ၏ နေအိမ်များ စနစ်တကျ အချိန်မီပြီးစီးရေးအတွက် ပုံစံလာရောက်ချပြခြင်းဖြစ်ကြောင်း၊ မီးဘေးသင့်ပြည်သူများအနေဖြင့် သဘောတူမှသာ လက်ခံစေလိုကြောင်း ဆွေးနွေးသဘောထားရယူကာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ လမ်းဦးစီးဌာနမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့က အိမ်ပုံစံပန္နက်များကို ရိုက်ပေးခဲ့သည်။

တည်ဆောက်ပေးမည့် နေအိမ်များအတွက် မြေအကျယ် အလျားပေ ၅၀၊ အနံ ၃၀ ဒသမ ၆ ပေ သတ်မှတ်ပြီး နေအိမ်များကို အလျား ၃၈ ပေ၊ အနံ ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ ပုံစံတူများ တည်ဆောက်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။ မြိတ်မြို့ အများပိုင်ကုမ္ပဏီမှ ဦးတင်စိုးနှင့် မြိတ်မြို့နယ် လမ်းဦးစီးဌာနမှူး ဦးသူရ မိသားစုကလည်း ခုနစ်ပေသွပ်အချပ် ၃၅၀ ကို လှူဒါန်းခဲ့သည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



# သဘာဝဘေးကာကွယ်ရေး ပညာပေးဟောပြော

**ဆိပ်ဖြူ မတ် ၉**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အနောက်ကမ်းဖြူကျေးရွာ၌ အယ်နီညို ရာသီဥတုကြောင့် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြိုတင်ကာကွယ်ရေး ဟောပြောပွဲကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဉာဏ်မျိုးက အယ်နီညိုရာသီဥတုအကြောင်း သိကောင်းစရာများနှင့် ဒေသခံပြည်သူများ ကြုံတွေ့ရနိုင်သည့် ကျန်းမာရေးဆိုင်ရာများ၊ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရမည့်လုပ်ငန်းများအကြောင်းကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးအောင်ဇံက ကျေးရွာများတွင် ရေကို အလေအလွင့်မရှိသုံးစွဲရေးကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ဌေးဌေးအေးက စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူး ဦးအောင်ဇော်လင်းက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းစဉ်များကိုလည်းကောင်း ဆွေးနွေးဟောပြောခဲ့သည်။ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း အပူဒဏ်ကာကွယ်ရေး အသိပညာပေး နံရံကပ်ပိုစတာများကို ပြသခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(iprd)**

# မီးဘေးကာကွယ်ရေးအတွက် လှည့်လည်နှိုးဆော်

**ကျွန်းလှ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့၌ မီးဘေးကာကွယ်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနက မီးသတ်တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် လှည့်လည်သတိပေး နှိုးဆော်လျက်ရှိကြောင်း သိရသည်။ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နေအိမ်ပတ်ဝန်းကျင် သန့်ရှင်းစေရန်၊ ဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများ အသုံးမပြုရန်၊ မီးသုံးစွဲရာတွင် စနစ်တကျသုံးစွဲရန်၊ လောင်စာဆီများ သိုလှောင်ရောင်းချခြင်း မပြုကြရန်၊ လမ်းသွားရင်း၊ ယာဉ်စီးရင်း ဆေးလိပ်မသောက်ကြရန်၊ မီးလောင်မှု သို့မဟုတ် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ အမြန်ဆက်သွယ်အကြောင်းကြားကြရန် စသည့်အချက်များကို အသိပေးနှိုးဆော်နေခြင်းဖြစ်သည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြေပဲသုံးမျိုး ယှဉ်ပြိုင်စမ်းသပ်စိုက်ကွက်၌ ကွင်းသရုပ်ပြပွဲပြုလုပ်

**မြိုင် မတ် ၉**

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသစ်ဖျကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာန၏ ဆောင်းသီးနှံရာသီ ACIAR Project အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာန(DAR)၊ စိုက်ပျိုးရေးဦးစီးဌာန (DOA)နှင့် တောင်သူများ ပူးပေါင်းပါဝင်၍ စိုက်ပျိုးထားသော မြေပဲမျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ကွက်၌ ကွင်းသရုပ်ပြပွဲကို မတ် ၇ ရက်က ပြုလုပ်ခဲ့သည်။

ဒေသရေမြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး အထွက်ကောင်းသည့် ပင်ထောင် မြေပဲမျိုးများကို တောင်သူများ ပြောင်းလဲစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ ကွင်းသရုပ်ပြပွဲ ပြုလုပ်ခြင်းဖြစ်ပြီး စမ်းသပ်စိုက်ပျိုးထားသော မြေပဲသုံးမျိုး (ဆင်းပဒေသာ (၁၁)၊ ဆင်းပဒေသာ (၁၃)နှင့်တောင်သူမျိုး)မှ မျိုးကွဲများ၏ အပင်သက်တမ်း ၁၀၇ ရက်သားရှိချိန်တွင် ကွင်းပြပွဲကို ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ကွင်းသရုပ်ပြပွဲ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်သိန်းက မြေပဲမျိုးယှဉ်ပြိုင်ကွက် စတင်စိုက်ပျိုးသည့် အချိန်မှ ယနေ့အချိန်ထိ အပင်သက်တမ်းအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို တောင်သူများအား ရှင်းလင်းပြောကြားခဲ့ကာ တောင်သူများက မြေပဲမျိုးများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**အောင်ကျော်မြင့်**



# မိကျောင်းနှင့်တူသောဦးခေါင်းရှိသည့် ငါးတစ်ကောင် ဖမ်းမိ



**ကျောက်တံခါး မတ် ၉**

ဦးခေါင်းပိုင်းက မိကျောင်းခေါင်းနှင့်တူပြီး ငါးကိုယ်လုံးပါရှိသည့် ငါးတစ်ကောင်ကို ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် လက်ခံကျေးရွာအုပ်စု လက်ခံကျေးရွာအနီး စစ်တောင်းမြစ်အတွင်းမှ မတ် ၈ ရက် နံနက်ပိုင်းက ဖမ်းယူရမိခဲ့ကြောင်း သိရသည်။

“ကျွန်တော် မနက်တိုင်း စစ်တောင်းမြစ်အတွင်း မိသားစုစားဝတ်နေရေးအရ ငါးများပါတယ်။ ဒီနေ့မှာတော့ မိကျောင်းခေါင်းနဲ့တူပြီး ငါးကိုယ်လုံးပါရှိတဲ့ ငါးတစ်ကောင်ကို ဖမ်းမိခဲ့လို့ ကျောက်တံခါးမြို့က ငါးအဝယ်ဒိုင် ဦးအောင်မြင့်ထံ ရောင်းချခဲ့ပါတယ်” ဟု အဆိုပါငါးကို ဖမ်းမိသူလက်ခံကျေးရွာမှ ကိုအောင် ရဲကျော်က ပြောသည်။ အဆိုပါ ငါးသည် ကိုယ်လုံးအရှည် နှစ်ပေခန့်နှင့် အလေးချိန် ၂ ပိဿာ ၆၅ ကျပ်သားခန့်ရှိကြောင်း သိရသည်။

ငါးကို ဝယ်ယူသွားသူ ကျောက်တံခါးမြို့မှ ငါးအဝယ်ဒိုင် ဦးအောင်မြင့်က “ကျွန်တော် ငါးအဝယ်ဒိုင်ဖွင့်လုပ်ခဲ့တာ ၂၇ နှစ်ကျော်ရှိပါပြီ။ ဒီလိုငါးမျိုး တစ်ခါမှမမြင်ဖူး၊ မရဖူးပါဘူး။ ဒီငါးကို ရန်ကုန် ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးကြီးဆီ ဆက်လက်ပေးပို့ပြီး ရောင်းချသွားမှာပါ”ဟု ပြောသည်။

**ခင်ကို (ကျောက်တံခါး)**

# အယ်နီညိုဖြစ်ပေါ်နိုင်သည့် သဘာဝဘေးကြိုတင်ကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေမည်

**ချောက် မတ် ၉**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်အတွင်း အယ်နီညိုဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးအတွက် ၂၀၁၆ ခုနှစ် အယ်နီညိုဖြစ်စဉ် အသိပညာပေးလက်ကမ်းစာစောင် ၃၃၀၀ ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ရိုက်နှိပ်ထားပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၆ ခုမှ ပြည်သူများထံ အိမ်ထောင်စုတစ်စုလျှင် တစ်စောင်နှုန်း ဖြန့်ဝေနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချောက်မြို့နယ်တွင် အယ်နီညိုကြောင့် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးအတွက် ပညာပေးဟောပြောပွဲကိုလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၈ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အယ်နီညိုကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးကာကွယ်ရေးအစီအစဉ်များနှင့် ကျေးရွာများတွင် သောက်သုံးရေလုံလောက်စွာရရှိရေး ဆောင်ရွက်နေမှုများ၊ အပူဒဏ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးဘေးကာကွယ်ရေး သတိပြုရန် အချက်များ စသည်တို့ကို ဟောပြောခဲ့ကြကာ ဟောပြောပွဲတက်ရောက်သူများအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ဝေသော အပူဒဏ်ကာကွယ်ရေးနှိုးဆော်ချက် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# အမျိုးသမီးထုကိုကိုယ်စားပြုသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ ဘားအံ၌ ကျင်းပ

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို မတ် ၈ ရက်က ကျင်းပခဲ့သည်။



အခမ်းအနားတွင် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးဝန်ကြီး ဦးချစ်လှိုင်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မိစန်းခင်နှင့် တာဝန်ရှိသူများက ပြည်နယ်ဂုဏ်ဆောင် ထူးချွန်အမျိုးသမီးများအား ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကို ကျား၊ မတန်းတူ ကမ္ဘာတစ်ဝှမ်း ၂၀၃၀ ရည်ကာမှန်းဆောင်ပုဒ်ဖြင့် ကျင်းပကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ဘားအံ)**

# သာစည်မြို့နယ်အတွင်း ကျေးရွာနှစ်ရွာတွင် မကြာမီ ၂၄ နာရီ လျှပ်စစ်မီး ရရှိမည်

**သာစည် မတ် ၉**

သာစည်မြို့နယ် ကပ်ကြေးအင်းကျေးရွာနှင့် ကန်စွယ်ကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရန်ပုံငွေဖြင့် ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာ တပ်ဆင်ခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျေးရွာနှစ်ရွာသို့ ၁၁ ကေဗွီဓာတ်အားလိုင်း အရှည် ၁ ဒသမ ၅ မိုင် သွယ်တန်းခြင်းနှင့် ၃၁၅ ကေဗွီအေ ထရမ်စဖော်မာတပ်ဆင်ခြင်း၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် သွယ်တန်းခြင်းတို့ကို မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လိုင်းဝန်ထမ်းများက ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အမြန်ပြီးစီးရေးအတွက် သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ(နည်းပညာ) ဦးသိန်းထွန်းဦးက လုပ်ငန်းခွင်သို့ သွားရောက်၍ လိုအပ်သည်များကို ဖြည့်စွက်ကူညီခဲ့သည်။

**မောင်ကို (သာစည်)**

# တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ပိတ်သိမ်းခြင်းရှိ မရှိ ရှောင်တခင်စစ်ဆေး

**ကျောက်ပန်းတောင်း မတ် ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်မှုအဖြစ် မြို့ပေါ်လမ်းမကြီးဘေးနှင့် ရပ်ကွက်များအတွင်း ရောင်းချလျက်ရှိသော ပိတ်သိမ်းရန်ညွှန်ကြားထားပြီး ဖြစ်သည့် တရားမဝင်စက်သုံးဆီအရောင်းဆိုင်များ ပိတ်သိမ်းခြင်းရှိ မရှိကို ပူးပေါင်းအဖွဲ့ဖြင့် မတ် ၇ ရက်က ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးရောင်းဝယ်ရေး မြို့နယ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်ထက်၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲအုပ်ချမ်းငြိမ်းအောင်၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက် ၁၂ ခုမှ အုပ်ချုပ်ရေးမှူးများ ပါဝင်ပြီး သာယာအေး၊ လွတ်လပ်ရေး၊ ပြည်တော်သာ၊ အောင်မင်္ဂလာ၊ ဘူတာ၊ စံပြ၊ မြို့မကွက်သစ်၊ သီရိမင်္ဂလာ အစရှိသည့်ရပ်ကွက်များမှ ပိတ်သိမ်းရန်ညွှန်ကြားပြီးဖြစ်သည့် တရားမဝင် စက်သုံးဆီအရောင်းဆိုင်ငယ်များ ပိတ်သိမ်းခြင်းရှိ မရှိကို ဝင်ရောက်စစ်ဆေးခဲ့ခြင်းဖြစ်သည်။

တရားမဝင် စက်သုံးဆီအရောင်းဆိုင်ငယ်များကို ဖေဖော်ဝါရီ ၂၅ ရက်က ပထမအကြိမ် စစ်ဆေးခဲ့ပြီး မီးဘေးလုံခြုံမှုမရှိသဖြင့် ကြိုတင်တားဆီးကာကွယ်ရေး ဆောင်ရွက်မှုအနေဖြင့် ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ ပိတ်သိမ်းရန်နှင့် ဆက်လက်ရောင်းချခြင်းတွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း အသိပေးညွှန်ကြားခဲ့ပြီးဖြစ်ကာ ယခု ဒုတိယအကြိမ် ရှောင်တခင်စစ်ဆေးရာတွင် အဆိုပါဆိုင်အားလုံး ရောင်းချခြင်းမရှိတော့ဘဲ ပိတ်သိမ်းထားကြပြီးဖြစ်ကြောင်း သိရသည်။

**နေအောင် (ပြန်/ဆက်)**

# ထိုင်ဝမ်ချီကျိုဗုဒ္ဓဘာသာဖောင်ဒေးရှင်းက မျိုးစပါးများ လှူဒါန်း

**တိုက်ကြီး မတ် ၉**

တိုက်ကြီး မြို့နယ်အတွင်းမှ ရေကြီးနစ်မြုပ်ခဲ့သော လယ်ယာမြေပိုင်ရှင်တောင်သူများအား ထိုင်ဝမ်ချီကျိုဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းက မျိုးစပါးများ မတ် ၇ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုင်ဝမ်ချီကျိုဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းသည် တိုက်ကြီးမြို့နယ်အတွင်းမှ တောင်သူများအား ပြီးခဲ့သည့်နှစ် စက်တင်ဘာနှင့်အောက်တိုဘာလအတွင်းက ပထမအကြိမ်အဖြစ် လယ်တစ်ဧကလျှင် တစ်တင်းနှုန်းဖြင့် မျိုးစပါးများကို လှူဒါန်းခဲ့ပြီး တိုက်ကြီးမြို့နယ်တစ်ခုလုံးရှိ မိုးစပါးစိုက်ဧက ၁၂၇၅၄၅ ဧက ပြည့်မီသည်အထိ မျိုးစပါးများကို ဆက်လက်လှူဒါန်းလျက်ရှိရာ မတ် ၇ ရက်တွင် ထပ်မံ၍ ဒုတိယအကြိမ် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ ထိုင်ဝမ်ချီကျိုဗုဒ္ဓဘာသာ ဖောင်ဒေးရှင်းမှ လှူဒါန်းမှုကြောင့် တိုက်ကြီးမြို့နယ်အတွင်း မျိုးစပါး အလုံအလောက်ရရှိနေသည့်အပြင် အရန်မျိုးများပင် ထားရှိနိုင်ကြောင်းလည်း တောင်သူများထံမှ သိရသည်။

ယခုအချိန်တွင် ပထမအကြိမ် လှူဒါန်းထားသော မျိုးစပါးများမှာ တစ်ဧကလျှင် စပါးတင်း ၇၀ မှ ၁၀၀ အထိ ထွက်ရှိ၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**



**လှိုင်လင်မြို့မှ ဆိုင်ကယ်စီးသူများအား ဆိုင်ကယ်စီးနင်းမောင်းနှင်ရာတွင် ဦးထုပ်ဆောင်းရန် အပါအဝင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပြုဖွယ်များကို လှိုင်လင်ခရိုင် ယာဉ်ထိန်းတပ်ဖွဲ့စု (၁၁၅)မှ ရဲအုပ်ဝင်းမင်းထွန်းက မြို့မဈေးကြီးရှေ့ နာရီစင်အနီး၌ ဟောပြောစဉ်။**

မိုးလွင်ဦး(လှိုင်လင်)

# အာဆင်နယ်တို့ ခက်ခဲဦးမယ့် ပရီမီယာလိဂ်ပွဲစဉ် (၃၀)

မိုးမြင့်လင်းလက်

**ပရီမီယာလိဂ်ပွဲစဉ် (၃၀)ကို မတ် ၁၂ ရက်မှာ ကစားဖို့ ရှိနေပြန်ပါတယ်။ ပြတ်သားမှုမရှိသေးတဲ့ ဒီနှစ်ပရီမီယာလိဂ်ဖလားပိုင်ရှင်ကို စောင့်ကြည့်ဖို့အတွက် ပွဲတိုင်း အရေးပါနေတာမို့ ဒီပွဲစဉ်ဟာလည်း ပြိုင်ဆိုင်မှု ပြင်းထန်ဦးမှာပါ။ အာဆင်နယ်တို့အတွက် အိမ်ကွင်းမှာ ကစားရပေမယ့် အမြဲတမ်း ဒုက္ခပေးတတ်တဲ့ ဝက်စ်ဘရွန်းနဲ့ ဆုံတွေ့ရမှာမို့ ရင်ပူစရာကောင်းနေပါတယ်။ မန်စီးတီး၊ ချယ်လ်ဆီးတို့ကတော့ အဝေးကွင်းမှာ သွားကစားရမှာ ဖြစ်တာကြောင့် အမှားအယွင်းမဖြစ်အောင် သတိထားရဦးမှာ ဖြစ်ပါတယ်။**

### အာဆင်နယ်နှင့် ဝက်စ်ဘရွန်း

အိမ်ကွင်းဆိုရင် အာဆင်နယ်ကို အနိုင်ရအောင်ကစားနိုင်တဲ့ ဝက်စ်ဘရွန်းဟာ အခုပွဲမှာတော့ မျှော်မှန်းသလောက် အရာထင်ဖို့တော့ မလွယ်ပါဘူး။ အာဆင်နယ်ဟာ တန်းစီဇယားထိပ်ဆုံးက လက်စတာကို ဖိအားပေးဖို့အတွက် ဒီပွဲကို မဖြစ်မနေ အနိုင်ကစားရမှာ ဖြစ်ပါတယ်။ အခုတလော အာဆင်နယ်ခြေစွမ်းက ယိမ်းယိုင်သလိုဖြစ်နေတာကို နည်းပြ အာစင်ဝင်းဂါး ထိန်းကျောင်းတည့်မတ်နိုင်ပါလိမ့်မယ်။ အာဆင်နယ်က ဝက်စ်ဘရွန်းနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ ရှုံးထားတာမို့ ဒီပွဲမှာ ရှုံးကြွေးဆပ်ပြီး အနိုင်ရလဒ်ကို ရအောင် ရှာဖွေပါလိမ့်မယ်။ အာဆင်နယ်ရဲ့ နိုင်ပွဲပါပဲ။

### နော့ဝှစ်ချ်နှင့် မန်စီးတီး


နော့ဝှစ်ချ်ဟာ မန်စီးတီးနဲ့ဆုံတိုင်း အနိုင်မရတာများပါတယ်။ မန်စီးတီးတို့ကလည်း အမှတ်လိုနေချိန်ဖြစ်တဲ့အတွက် ဒီပွဲကို အမှတ်ပြည့်ရယူရေး အားထုတ်ပါလိမ့်မယ်။ မန်စီးတီးဟာ လီဗာပူးကို နှစ်ကြိမ်စလုံးရှုံးခဲ့ပြီး ဗီလာနဲ့ပွဲမှာ နိုင်ပွဲပြန်ရှာဖွေနိုင်တာကြောင့် ဒီပွဲမှာလည်း နိုင်ပွဲဆက်ရေးကြိုးစားပါလိမ့်မယ်။ လူစုံပြန်လည်ပါဝင်နိုင်တဲ့ မန်စီးတီးကိုတော့ အစဉ်အလာအရ နိုင်ပွဲတွေချည်း ရယူထားနိုင်တဲ့ နော့ဝှစ်ချ်ကို ဒီပွဲမှာလည်း အနိုင်နဲ့ပဲ ပညာပေးပါလိမ့်မယ်။ မန်စီးတီး တိုက်စစ်မှူးတွေ ဂိုးပြတ်သွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။

### စတုတ်နှင့် ဆောက်သမ်တန်

ဆောက်သမ်တန်တို့လည်း ပုံမှန်ခြေစွမ်းပြန်ရဖို့ ရုန်းကန်နေရပြီး အနိုင်ရလဒ်ကို ရှာဖွေဖို့ ဒီပွဲမှာ ပြင်ဆင်လာပါလိမ့်မယ်။ ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲရလဒ်ကို ကြည့်ရင် ဆောက်သမ်တန်တို့ တစ်ပွဲသာနိုင်ထားပြီး စတုတ်က နှစ်ပွဲနိုင်ထားပါတယ်။ ပရီမီယာလိဂ်မှာ ဒီနှစ်သင်းတွေ့ဆုံခဲ့သမျှကို ကြည့်ရင်တော့ စတုတ်က ၁၀ ပွဲနိုင်ပြီး ဆောက်သမ်တန်က ၁၅ ပွဲနိုင်ကာ သရေ ၁၀ ပွဲ ဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ အိမ်ရှင်ဖြစ်နေတဲ့ စတုတ်တို့က စွမ်းဆောင်မှု ပိုမိုမြင့်မားနေတာမို့ နိုင်ပွဲက အိမ်ရှင်တို့အတွက် ဖြစ်သွားနိုင်ပါတယ်။

### အဲဗာတန်နှင့် ချယ်လ်ဆီး

အဲဗာတန်နဲ့ဆုံတိုင်း ချယ်လ်ဆီးတို့ ခက်ခဲခဲ့တာချည်း ဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးကွင်းမှာ ဆိုရင်တော့ အဲဗာတန်ကို အမှတ်ရဖို့ ခြေကုန်ထုတ်ရတာ ဖြစ်ပေမယ့် အဲဗာတန်ကွင်းမှာဆိုရင် ချယ်လ်ဆီးတို့ အကြိတ်အနယ် ရုန်းကန်ခဲ့ရတာချည်း ဖြစ်ပါတယ်။ ချယ်လ်ဆီးဟာ အမှတ်လိုအပ်ချက်ပြင်းထန်နေပြီး နိုင်ပွဲလည်း လိုအပ်နေတာမို့ အခုပွဲခြေကုန်ထုတ်လာမှာပါ။ ဒါပေမယ့် လတ်တလော ခြေစွမ်းအရ အဲဗာတန်တို့ အနိမ့်ဆုံးတစ်မှတ်ရမယ့်ပွဲပါပဲ။




### ဘုန်းမောက်နှင့် ဆွမ်ဆီး

ဆွမ်ဆီးဟာ ဘုန်းမောက်ကို အနိုင်ကစားနိုင်ပေမယ့် အခု နောက်ပိုင်း ဘုန်းမောက်တို့ကလည်း ခြေစွမ်းမာကျောလာပါတယ်။ ဆွမ်ဆီးကို ဘယ်လိုကစားရမလဲဆိုတာ သိနေတာမို့ အခုနောက်ပိုင်း ဘုန်းမောက်ဟာ အနိမ့်ဆုံး တစ်မှတ်ရအောင် ကြိုးစားလာနိုင်တာမို့ ဘုန်းမောက်ကို ဆွမ်ဆီးတို့ လျှော့တွက်လို့ မရပါဘူး။ နှစ်သင်းစလုံး အားထုတ်မှုကောင်းကောင်းနဲ့ ယှဉ်ပြိုင်ကြမှာမို့ အခုပွဲဟာ သရေရလဒ်လည်း ထွက်ပေါ်နိုင်တဲ့ပွဲပါ။

### ရက်ဒင်းနှင့် ခရစ္စတယ်ပဲလေ့စ်

ခြေရည်တူနှစ်သင်းမို့ အကြိတ်အနယ်ရှိမယ့်ပွဲပါပဲ။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကိုကြည့်ရင် သုံးပွဲစလုံး နိုင်ပွဲတွေချည်းရရှိခဲ့ပါတယ်။ လောလောဆယ်မှာ ခြေစွမ်းကျဆင်းနေပေမယ့် ခရစ္စတယ်ပဲလေ့စ်တို့ ရက်ဒင်းနဲ့ ပွဲမှာတော့ အနိမ့်ဆုံးတစ်မှတ်ရအောင် ကြိုးစားပါလိမ့်မယ်။ ရက်ဒင်းဟာ အိမ်ကွင်းဆိုရင် တိုက်စစ်မှူးတွေ ဂိုးသွင်းနိုင်ကြတာမို့ အခုပွဲမှာ ရလဒ်ကောင်းနိုင်ပါတယ်။ အကြိုက်ကတော့ ရက်ဒင်းပါပဲ။ ။



## မကြာမီ ပြန်လာမယ်ဆိုတဲ့ တိုက်စစ်မှူး ရွန်းနေ

တိုက်စစ်မှူး ရွန်းနေဟာ လောလောဆယ်မှာတော့ ဒူးခေါင်းဒဏ်ရာရထားလို့ အနားယူနေရတာပါ။ သူဟာ မန်ယူက ဆန်းဒါးလန်းကို ရှုံးနိမ့်သွားတဲ့ပွဲမှာ ဒူးခေါင်းအမာရွတ်ဒဏ်ရာ ခံစားနေရတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် အသင်းခေါင်းဆောင် ရွန်းနေဟာ ယခုလကုန်မှာ ပြန်ကစားနိုင်ဖို့ လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေပြီလို့ ဆိုပါတယ်။ နည်းပြဗန်ဟားလ်က ရွန်းနေကို ဒီဒဏ်ရာကြောင့်ပဲ သုံးပတ်ကြာ အနားပေးထားတာပါ။ ဒဏ်ရာက ခွဲစိတ်စရာမလိုတော့တဲ့အတွက် မကြာမီ ပြန်ကစားနိုင်တော့မှာပါလို့ အသက် ၃၀ အရွယ်ရှိ ရွန်းနေက ဆိုပါတယ်။ သို့ပေမယ့် လီဗာပူးကွင်းမှာ သွားရောက်ကစားမယ့် ယူရိုပါလိဂ်ပြိုင်ပွဲမှာတော့ ပါဝင်နိုင်ဖွယ်မရှိသေးဘူးလို့ ဆိုပါတယ်။ သူဟာ ယခုသီတင်းပတ်ကုန်ပိုင်းမှာ ဝက်စ်ဟမ်းနဲ့ ကစားမယ့် အက်ဖ်အေကွာတားဖိုင်နယ်ပွဲမှာလည်း လွဲချော်နိုင်ပါတယ်။ အင်္ဂလန်နဲ့ ချစ်ကြည်ရေးပွဲဖြစ်တဲ့ ဂျာမနီပွဲမှာ ပါဝင်လာနိုင်ပါတယ်။ ဧပြီ ၃၀ ရက်မှာ အသင်းဟောင်း အဲဗာတန်နှင့် ကစားမယ့်ပွဲမှာ ပြန်လည်ကစားဖို့ သေချာနေပါတယ်။







## သမ္မတဖြစ်ဖို့ကြိုးစားတဲ့ ပက်ကီယောင်ကြိုးဝိုင်းထဲပြန်လာဖို့ရှိနေ

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပက်ကီယောင်ဟာ အမေရိကန်လက်ဝှေ့သမား မေဝဲသားကို အမှတ်နဲ့ရှုံးပြီး လက်ဝှေ့လောကမှ အနားယူဖို့ ကြိုးစားခဲ့တာပါ။ သူ့ရဲ့ လက်ဝှေ့သမားဘဝကို တစ်ခန်းရပ်ပြီး ဖိလစ်ပိုင်သမ္မတဖြစ်ဖို့ ကြိုးပမ်းမှုတစ်ရပ်အဖြစ် နေရာတစ်နေရာရဖို့ ကြိုးစားခဲ့တာပါ။ အသက် ၃၇နှစ် အရွယ်ရှိပြီဖြစ်တဲ့ ပက်ကီယောင်ဟာ သူ့ရဲ့ လက်ဝှေ့သမားဘဝကို နိုင်ငံရေးလောကထဲ နှစ်မြှုပ်ဖို့ လက်ဝှေ့ကစားခြင်းမှ အနားယူခဲ့တာပါ။ သို့ပေမယ့် မကြာသေးမီက လူထုထောက်ခံမှုရှင်းတမ်းမှာ ရှုံးနိမ့်နေတဲ့အတွက်ကြောင့် လက်ဝှေ့ကြိုးဝိုင်းအတွင်း ပြန်လာဖို့ရှိနေသေးတယ်လို့ ဆိုပါတယ်။ လာမယ့်လမှာ သူ့ရဲ့ ကြိုးဝိုင်းအတွင်း ပြန်လာတာကို တွေ့ရဖို့ ရှိနေတယ်လို့ ဆိုပါတယ်။ နွေရာသီမှာ ပြုလုပ်တဲ့ လူထုထောက်ခံမှုစစ်တမ်းမှာ ဆုံးရှုံးနေတဲ့ ပက်ကီယောင်ဟာ လက်ဝှေ့ ကြိုးဝိုင်းထဲ ပြန်ဝင်လာဖို့ ရှိနေပါတယ်။ လက်ဝှေ့ထိုးခြင်းမှတစ်ပါး ဘဝကို ပြောင်းလဲနိုင်မှာ မဟုတ်ဘူးလို့ ပက်ကီယောင်က ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## စပါးက ခေါ်ယူမယ့် ဝက်စ်ဘရွန်း တိုက်စစ်မှူး

ဝက်စ်ဘရွန်းတိုက်စစ်မှူး ဆိုလ်ဒိုဘရာဟီနိုကို စပါးက ပေါင် ၂၄ သန်းနဲ့ စာချုပ်ဖို့ အတည်ပြုလိုက်ပြီဖြစ်ပါတယ်။ ဘရာဟီနိုကို စပါးက ကာလ အတန်ကြာကပင် ပစ်မှတ်ထားခဲ့တာ ဖြစ်ပါတယ်။ စပါးနဲ့ ယခင်ကမ်းလှမ်းမှုများကို ဝက်စ်ဘရွန်းက ပယ်ချခဲ့ပါတယ်။ နောက်ဆုံးမှာတော့ စပါးက ဘရာဟီနိုကို စာချုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ ယခုနှစ် နွေရာသီမှာ စပါးက စာချုပ်နိုင်ဖို့ ပြင်ဆင်နေပြီ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဘရာဟီနိုအနေနဲ့ တစ်ပတ်လုပ်ခပေါင် ၄၅၀၀၀နဲ့ ငါးနှစ် စာချုပ်ချုပ်ကာ လုပ်ခငွေပေါင် ၁၂ သန်း ရရှိဖို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ အင်္ဂလန်ကစားသမား ဘရာဟီနိုဟာ ဒူးနှင့်ခြေမျက်စိတွေမှာ ဒဏ်ရာရထားခဲ့ပေမယ့် မကြာမီ စာချုပ် ချုပ်နိုင်လိမ့်မယ်လို့ နည်းပြပိုချက်တီနိုက ဆိုပါတယ်။ တိုက်စစ်မှူး ဘရာဟီနိုဟာ ဝက်စ်ဘရွန်းမှာ အဓိက ခြေစွမ်းပြကစားနေတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ စပါးက ပေါင် ၂၄ သန်းအထိ အကုန်အကျခံကာ စာချုပ်ဖို့ ပြင်ဆင်ထားပြီး ဖြစ်ပါတယ်။


telenor
ဘော်ဒါတွေ ပေလီအတူသွားဖို့
Groupfie ရိုက်လိုက်စို့
facebook
100 Likes 10 Comments
Like
Comment
Share
ဘော်ဒါ Groupfie
ဓါတ်ပုံပြိုင်ပွဲ
ဘော်ဒါ ၅ ယောက် မှ ၁၀ ယောက် အထိ ရိုက်ထားတဲ့ Groupfie ပုံကို Telenor Myanmar facebook page မှာPost တင်ပါ။
ပုံမှာပါတဲ့ ဘော်ဒါတွေကို Tag လုပ်ပါ။
မတ်လ (၁၈) အထိ Like အများဆုံးရတဲ့ ဓါတ်ပုံတွေက ဆုတွေဆွတ်ခူးပြီပေါ့။
အထူးဆု ပေလီကမ်းခြေသို့ အပန်းဖြေခရီး
အပိုဆု နောက်ထပ်Like အများဆုံးရရှိတဲ့ Groupfieပုံ (၁၀၀) ကိုကျပ် ၁၀,၀၀၀ ဖိုး ဖုန်းငွေဖြည့်ပေးခြင်း နှင့် Telenor ဘော်ဒါpack(၃) လ အခမဲ့ လက်ဆောင်
တယ်လီနော
ဘော်ဒါPACK
တယ်လီနောအချင်းချင်းသာ
အသေးစိတ်အချက်အလက်များကို https://www.facebook.com/TelenorMyanmar တွင်ကြည့်ရှုနိုင်ပါသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## ဆရာအတတ်ပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
## လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)
## အမှတ်စဉ် (၃/၁၆) သင်တန်းသားများခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း(PPTT) အမှတ်စဉ်(၃/၁၆)သင်တန်းကို ပညာရေးကောလိပ်များတွင်၂၀၁၆ ခုနှစ် ဇွန် ၁၆ ရက်တွင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်။

(က) လျှောက်ထားသူနှင့် မိဘ(၂)ဦးလုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အခြေခံပညာတွင် လိုအပ်ချက်အရ တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။

(ဂ) ပြင်ပဘွဲ့ရများအတွက် ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်တွင် အသက် ၃၀ထက် မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက အမြဲတမ်းဝန်ထမ်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မေလ ၃၁ ရက်တွင် အသက်(၃၅)နှစ်ထက် မကြီးသူဖြစ်ရန်နှင့် သက်ဆိုင်ရာဌာနဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်

(ဃ) ပညာရေးဝန်ထမ်းများမှာလစာမဲ့ခွင့်ဖြင့် သင်တန်းတက်ရပါမည်။

(င) ၂၀၁၆-၂၀၁၇ ပညာသင်နှစ်လုပ်ငန်းခွင်အကြို မူလတန်းဆရာအတတ်ပညာသင်တန်း(PPTT)၊ အမှတ်စဉ်(၃/၁၆)သင်တန်းအတွက် လျှောက်ထားသူများသည် အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတရေးဖြေ စာမေးပွဲနှင့် လူတွေ့နှုတ်ဖြေကို သက်ဆိုင်ရာပညာရေးခရိုင်များတွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

(စ) ကျန်းမာသန်စွမ်းပြီး ဆရာတစ်ဦး၏သွင်ပြင်အင်္ဂါရပ်နှင့်ပြည့်စုံ၍ မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်။

(ဆ) အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

(ဇ) သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူမဖြစ်ရပါ။

၃။ သင်တန်းဝင်ခွင့်သတ်မှတ်ပုံစံအတိုင်း ကိုယ်တိုင်ရေးသားဖြည့်သွင်းကာ လက်မှတ်ရေးထိုးရမည်။

၄။ လျှောက်လွှာကို ၂၀၁၆ ခုနှစ်၊မတ်၁၉ ရက်ထက်နောက်မကျဘဲ သက်ဆိုင်ရာပညာရေးခရိုင်အတွင်းရှိ မြို့နယ်ပညာရေးမှူးရုံးတစ်ခုတည်းတွင် လျှောက်ထားရမည်။ ပညာရေးဝန်ကြီးဌာန (သို့မဟုတ်) ဦးစီးဌာနသို့ တိုက်ရိုက်လျှောက်ထားခြင်းမပြုရ။

၅။ လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် (၆)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံတို့ကို ပူးတွဲတင်ပြရမည်။

၆။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြထားခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ ပညာရေးခရိုင်(၆၄)ခုအလိုက် တက်ရောက်ရမည့် ပညာရေးကောလိပ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ကောလိပ်ဝင်ဆံ့အင်အားအရသာ လက်ခံနိုင်မည်ဖြစ်ပါသဖြင့် မည်သည့်ပညာရေးကောလိပ်တွင်မဆို တက်ရောက်နိုင်သူဖြစ်ရမည်-

(က) ကျောက်ဖြူပညာရေးကောလိပ်
(၁)စစ်တွေခရိုင်
(၂)မောင်တောခရိုင်
(၃)ကျောက်ဖြူခရိုင်
(၄)မြောက်ဦးခရိုင်
(၅)သံတွဲခရိုင်

(ခ) စစ်ကိုင်းပညာရေးကောလိပ်
(၁)စစ်ကိုင်းခရိုင်
(၂)ရွှေဘိုခရိုင်
(၃)ကသာခရိုင်

(ဂ) တောင်ကြီးပညာရေးကောလိပ်
(၁)တောင်ကြီးခရိုင်
(၂)လင်းခေးခရိုင်
(၃)လွိုင်လင်ခရိုင်
(၄)ကျိုင်းတုံခရိုင်
(၅)မိုင်းဖြတ်ခရိုင်

(ဃ) တောင်ငူပညာရေးကောလိပ်
(၁)ပဲခူးခရိုင်
(၂)တောင်ငူခရိုင်

(င) ထားဝယ်ပညာရေးကောလိပ်
(၁)ထားဝယ်ခရိုင်
(၂)မြိတ်ခရိုင်

(စ) ပခုက္ကူပညာရေးကောလိပ်
(၁)ပခုက္ကူခရိုင်
(၂)ဖလမ်းခရိုင်
(၃)မင်းတပ်ခရိုင်

(ဆ) ပုသိမ်ပညာရေးကောလိပ်
(၁)ပုသိမ်ခရိုင်
(၂)ဟင်္သာတခရိုင်

(ဇ) ပြည်ပညာရေးကောလိပ်
(၁)ပြည်ခရိုင်
(၂)သာယာဝတီခရိုင်

(ဈ) ဘားအံပညာရေးကောလိပ်
(၁)ဘားအံခရိုင်
(၂)ကော့ကရိတ်ခရိုင်

(ည) ဘိုကလေးပညာရေးကောလိပ်
(၁)မအူပင်ခရိုင်
(၂)ဖျာပုံခရိုင်

(ဋ) မကွေးပညာရေးကောလိပ်
(၁)မကွေးခရိုင်
(၂)ဂန့်ဂေါခရိုင်
(၃)မင်းဘူးခရိုင်
(၄)သရက်ခရိုင်

(ဌ) မော်လမြိုင်ပညာရေးကောလိပ်
(၁)မော်လမြိုင်ခရိုင်
(၂)သထုံခရိုင်

(ဍ) မုံရွာပညာရေးကောလိပ်
(၁)မုံရွာခရိုင်
(၂)ခန္တီးခရိုင်
(၃)ကလေးခရိုင်
(၄)ဟားခါးခရိုင်

(ဎ) မန္တလေးပညာရေးကောလိပ်
(၁)မန္တလေးခရိုင်
(၂)ပြင်ဦးလွင်ခရိုင်
(၃)ကျောက်ဆည်ခရိုင်
(၄)ညောင်ဦးခရိုင်
(၅)မြင်းခြံခရိုင်
(၆)ယင်းမာပင်ခရိုင်
(၇)မော်လိုက်ခရိုင်

(ဏ) မိတ္ထီလာပညာရေးကောလိပ်
(၁)မိတ္ထီလာခရိုင်
(၂)ရမည်းသင်းခရိုင်
(၃)နေပြည်တော်ဥတ္တရခရိုင်
(၄)နေပြည်တော်ဒက္ခိဏခရိုင်

(တ) မြစ်ကြီးနားပညာရေးကောလိပ်
(၁)မြစ်ကြီးနားခရိုင်
(၂)ပူတာအိုခရိုင်
(၃)မိုးညှင်းခရိုင်
(၄)ဗန်းမော်ခရိုင်

(ထ) မြောင်းမြပညာရေးကောလိပ်
(၁)မြောင်းမြခရိုင်
(၂)လပွတ္တာခရိုင်

(ဒ) ရန်ကင်းပညာရေးကောလိပ်
(၁)ရန်ကုန်တောင်ပိုင်းခရိုင်
(၂)ရန်ကုန်အရှေ့ပိုင်းခရိုင်

(ဓ) လှည်းကူးပညာရေးကောလိပ်
(၁)ရန်ကုန်မြောက်ပိုင်းခရိုင်

(န) သင်္ဃန်းကျွန်းပညာရေးကောလိပ်
(၁)ရန်ကုန်အနောက်ပိုင်းခရိုင်

(ပ) လားရှိုးပညာရေးကောလိပ်
(၁) လားရှိုးခရိုင်
(၂)ကျောက်မဲခရိုင်
(၃)မူဆယ်ခရိုင်

(ဖ) လွိုင်ကော်ပညာရေးကောလိပ်
(၁)လွိုင်ကော်ခရိုင်
(၂)ဘော်လခဲခရိုင်

၈။ ပညာရေးကောလိပ်အသီးသီးတွင် တက်ရောက်ခွင့်ရသူများစာရင်းကို ပညာရေးကောလိပ်များ၊ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ပညာရေးမှူးရုံးများ၊ ခရိုင်ပညာရေးမှူးရုံးများနှင့် မြို့နယ်ပညာရေးမှူးရုံးများတွင် ၂၀၁၆ခုနှစ် မေလအတွင်း ထုတ်ပြန်မည်ဖြစ်ပါသည်။

၉။ သင်တန်းတက်ရောက်ခွင့်ရသူများသည် ၂၀၁၆ ခုနှစ် ဇွန်လ ၁၄ ရက်မှ ၁၅ ရက်အတွင်း သက်ဆိုင်ရာပညာရေးကောလိပ်များသို့ သတင်းပို့ရမည်။

၁၀။ သတင်းပို့သည့်အချိန်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ထောက်ခံစာ၊ ဘွဲ့လက်မှတ်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းများ ယူဆောင်လာရမည်။

၁၁။ ပညာရေးကောလိပ်သင်တန်းသား လက်ခံရေးအဖွဲ့က ဆရာအင်္ဂါရပ်နှင့် ကိုက်ညီမှုရှိမရှိ လူတွေ့စစ်ဆေးပါမည်။

၁၂။ သင်တန်းအောင်မြင်ပြီးမြောက်ပါက မူလတန်းဆရာအတတ်ပညာလက်မှတ် (Pre-service Primary Teacher Training Certificate in Education)ချီးမြှင့်ပြီး မူလတန်းပြဆရာအဖြစ်ခန့်ထားပါက ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

**တင်မျိုးကြည်**
**ညွှန်ကြားရေးမှူးချုပ်**

ရက်စွဲ ။ ၂၀၁၆ခုနှစ် မတ် (   ) ရက်

## ၂၀၁၆-၂၀၁၇ ပညာသင်နှစ်
## လုပ်ငန်းခွင်အကြိုမူလတန်းဆရာအတတ်ပညာသင်တန်း (PPTT)
## အမှတ်စဉ် (၃/၁၆) သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | အမည် | နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း |
|---|---|---|---|
| လျှောက်ထားသူ | | | |
| ဖခင် | | | |
| မိခင် | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ်------ခုနှစ်၊ -----လ၊ -----ရက်
အသက်(   )နှစ်၊ (   )လ

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်စာစစ်ဌာန ----------------

၄။ မူလဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ --------------------
အောင်မြင်ခဲ့သည့်တက္ကသိုလ်နှင့် ခုနှစ် ------------------------

၅။ အိမ်ထောင်ရှိ/မရှိ(ရှိပါက)ဇနီး/ခင်ပွန်းအမည် -------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------

၆။ လက်ရှိနေရပ်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် ---------------------
----------------------------------------------

ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့်ဖုန်းနံပါတ် -------------------------
------------------------------------------

၇။ သင်တန်းပြီးဆုံး၍ မူလတန်းပြအဖြစ်ခန့်ထားပါက ဒေသမရွေးသွားရောက် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

----------------
လျှောက်ထားသူလက်မှတ်

ရက်စွဲ ။ ၂၀၁၆ခုနှစ် မတ်လ (   )ရက်

# ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန
## တည်ဆောက်ရေးအဖွဲ့ (၂)
## လက်ပံခြေပေါ်-ညောင်ဦးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ကုက္ကိုဝတံတားစီမံကိန်းလုပ်ငန်းခွင်ရှိ ရေအောက်၌နစ်မြုပ်လျက်ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အလျား ၁၃၂ပေ၊ အနံ၃၂ပေ၊ အမြင့် ၈ပေရှိ Working Bage (400 Tons)တွဲအမှတ် Y.T.B.B 23(၁)စီးအား အိတ်ဖွင့်လေလံစနစ် (မြန်မာကျပ်ငွေ)ဖြင့်ရောင်းချလိုပါသည်-

**အိတ်ဖွင့်လေလံစတင်ရောင်းချမည့်ရက်/အချိန်** - ၁၀-၃-၂၀၁၆ရက် နံနက် ၉း၃၀ နာရီ
**အိတ်ဖွင့်လေလံပိတ်မည့်ရက်/အချိန်** - ၁၉-၃-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ
**အိတ်ဖွင့်လေလံဖွင့်မည့်ရက်/အချိန်** - ၂၀-၃-၂၀၁၆ရက် နံနက် ၁၀း၀၀နာရီ
**အိတ်ဖွင့်လေလံဖွင့်မည့်နေရာ** - ကုက္ကိုဝတံတားစီမံကိန်း(ရုံး)၊ ထန်းတပင်မြို့နယ်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၂၂၈၃၆၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံစိစစ်ရွေးချယ်ရေးကော်မတီ**


**Pleasant Times**
Travels & Tours Co., LTD
Release Your stress with Pleasant Times
- လွိုင်ကော် - ပင်းတယ - ရှာငံ
- တောင်ကြီး - အင်းလေး - ပင်းတယ - ရှာငံ
- မုံရွာ - အလောင်းတော်ကဿပ - မင်းကွန်း
- ပုဂံ - စွယ်တော်လေးဆူ - ရွှေစက်တော်
- မြိတ်ဘုရားစုံ - သဘာဝကျွန်းစု
- ထားဝယ် - ရှင်ကိုးရှင် - လောင်းလုံးကျွန်း
- ကော့သောင်း - သူဌေးကျွန်း - ရနောင်း

Luxury Packages
(Apr: 12,16,17)



Scania Coach

ကုမ္ပဏီအသင်းအဖွဲ့များအတွက်ခရီးစဉ်များကို စိတ်တိုင်းကျဆောင်ရွက်ပေးပါသည်။
အမှတ်(၇၃),အထက်ကြည့်မြင်တိုင်လမ်းနှင့် အုန်းပင်လမ်းထောင့်၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့
Ph: 01-9317220, 09-73158702, 09-73072661, 09-252872529


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
## ပဲခူးမြို့
## စည်ပင်သာယာရေးဝန်ကြီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှု လက်အောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက် ရှိပါသည်-

(က) အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)လစ်လပ် ၁၃ နေရာ
ကျား - (၁၀)ဦး၊ မ - (၃)ဦး

(ခ) အငယ်တန်းအင်ဂျင်နီယာ-၃(စက်မှု)လစ်လပ် ၂ နေရာ
ကျား - (၂)ဦး
(လစာနှုန်းကျပ် ၁၆၅၀၀၀-၂၀၀၀-၁၇၅၀၀၀)

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၁. ၃. ၂၀၁၆ ရက်တွင် အသက်(၂၈)နှစ်ထက်မကြီးသူဖြစ်ရမည်။ (ဝန်ထမ်းဖြစ်လျှင် အသက်(၃၀)နှစ်ထက်မကြီးသူ ဖြစ်ရမည်။)

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည့် ဝန်ခံကတိလွှာတင်သွင်းရမည်။

(င) နေရာဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(စ) ဒေသခံများသာ ခန့်ထားမည်။

(ဆ) ရာထူးအလိုက် ပညာအရည်အချင်းသတ်မှတ်ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) **အငယ်တန်းအင်ဂျင်နီယာ-၃ (မြို့ပြ)ရာထူး**
အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက်အရ အင်ဂျင်နီယာ ဒီပလိုမာ AGTI(Civil) ရရှိသူများ လျှောက်ထားနိုင်သည်။ အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ထားရှိသော်လည်း မဟာအင်ဂျင်နီယာ ME(Civil)၊ အင်ဂျင်နီယာ BE(Civil)၊ နည်းပညာဘွဲ့ B.Tech(Civil) ရရှိသူများ သည်လည်း အဆိုပါ ရာထူးနေရာအတွက်လျှောက်ထား နိုင်ပါသည်။

(၂) **အငယ်တန်းအင်ဂျင်နီယာ-၃ (စက်မှု)ရာထူး**
အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက်အရ အင်ဂျင်နီယာ ဒီပလိုမာ AGTI(Mech) ရရှိသူများ လျှောက်ထားနိုင်သည်။ အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ထားရှိသော်လည်း မဟာအင်ဂျင်နီယာME(Mech)၊ အင်ဂျင်နီယာBE(Mech)၊ နည်းပညာဘွဲ့ B.Tech(Mech)ရရှိသူများသည်လည်း အဆိုပါ ရာထူးနေရာအတွက် လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်လွှာတွင် အမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးနေ့သက္ကရာဇ်၊ လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ၊ ပညာအရည်အချင်းနှင့်အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ အမျိုးသားမှတ်ပုံတင်အမှတ်နှင့်၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့်ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန် လိပ်စာ၊ ဖုန်းနံပါတ်၊ အမြဲတမ်း လိပ်စာ အပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြရမည်-

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ

(ခ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း အောင်လက်မှတ်မိတ္တူ

(ဂ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ထံမှ ၃၁. ၁. ၂၀၁၆ နောက်ပိုင်း ရရှိသည့် အကျင့်စာရိတ္တထောက်ခံချက်မူရင်း

(ဃ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(င) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် လျှောက်လွှာမတင်မီ တစ်ပတ်အတွင်း စစ်ဆေးထားသည့် ဆေးထောက်ခံစာ

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှ မှတ်ပုံတင်၍(၁၈. ၃. ၂၀၁၆)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။

၆။ ရေး/ဖြေစာမေးပွဲများကို ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့တွင် (၂၁. ၃. ၂၀၁၆)နှင့်(၂၂. ၃. ၂၀၁၆)ရက်နေ့ တို့တွင် ကျင်းပ ပြုလုပ်သွားမည် ဖြစ်ပါသည်။

၇။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း ၀၅၂-၂၂၀၀၀၇၄၊ ၀၅၂-၂၂၀၀၀၇၆၊ ၀၅၂-၂၂၀၀၀၉၃ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
စည်ပင်သာယာရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင် (အထွေထွေမန်နေဂျာ၊ ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)

အသက်(၈၆)နှစ်

ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြအေး၏ချစ်လှစွာသောဖခင်ကြီး ဦးမောင်မောင်(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်) အသက်(၈၆)နှစ်သည် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့်**
**ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းမိသားစုများ**
**ပညာရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်မောင် (အထွေထွေမန်နေဂျာ၊ ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)

အသက်(၈၆)နှစ်

ဘားအံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဒေါ်မြမြအေး၏ချစ်လှစွာသောဖခင်ကြီး ဦးမောင်မောင်(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စီးပွားရေးဘဏ်၊ ရုံးချုပ်) အသက်(၈၆)နှစ်သည် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန**
**အရာထမ်း/အမှုထမ်းများ၊ ပညာရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း

## ရဲမှူးကံပို

ရဲ-၂၃၅၀

အသက်(၅၄)နှစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ပူတာအိုခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲ-၂၃၅၀ ရဲမှူးကံပိုသည် ၈-၃-၂၀၁၆ရက် ည ၇း၅၀နာရီတွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်ရှိ ၎င်း၏နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ရဲချုပ်နှင့်တပ်ဖွဲ့ဝင်များ**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

အထူးဝမ်းနည်းကြေကွဲခြင်း

## ကိုကျော်လွင်သန့်(ခ)နွားကြီး

**AGTI (MP) မိတ္ထီလာ**

အသက်(၄၄)နှစ်

မုံရွာမြို့နေ သူငယ်ချင်း ကျော်လွင်သန့်(ခ)နွားကြီးသည် ၇-၃-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆရာမ-ဒေါ်အိအိကျော်မြင့်**
**သူငယ်ချင်းများ-ကျော်စွာလွင် 97 (MP)**
**ဝင်းမြင့် 97 (MP)၊ သရဖီစံ 97 (Civil)**
**အေးမြင့်ဦး 98 (MT)၊ ဇာခြည်ဝင်း 98 (MT)**

ဝမ်းနည်းကြေကွဲခြင်း

## ကိုအေးဇော်ထွန်း

အသက်(၃၀)

ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်အုပ်ချုပ်ရေးမှူး (မွန်ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြတ်ကိုနှင့် ဇနီး ဒေါ်ဇေကရီခိုင်**
**ဝန်ကြီးချုပ်**
**တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့**

ဝမ်းနည်းကြေကွဲခြင်း

## မောင်အေးဇော်ထွန်း

အသက်(၃၀)

မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး (မွန်ပြည်နယ် အစိုးရအဖွဲ့၊ အတွင်းရေးမှူး) ဦးဇော်လင်းထွန်း-ဒေါ်စန်းစန်းလွင်တို့၏သား မောင်အေးဇော်ထွန်းသည် ၆-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်)**

## မောင်ထက်ကိုကိုအောင်

**B.Sc (Phy:)**

အသက်(၂၅)နှစ်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း(၁) ချယ်ရီလမ်း၊ အမှတ်(၁၅-က)နေ ဦးကြည်စိန်-ဒေါ်ညွန့်ဝေတို့၏သား၊ မဝင်းဝင်းခိုင်၏မောင်သည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၀နာရီတွင် စံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက်(သောကြာနေ့)ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## မရိစ်မေရီဝုန်လမ်းလွန်

**(Rose Mary)**

အသက်(၂၈)နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံ၊ (၁၉)ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၆၂ နေ(Pa Dr. P.S Kham Do Nang-Nu Vung Lian Cing)တို့၏သမီး၊ Nu Kam Go Niang(USA'I,Tg), Kam Khan Sang (USA), Tg David Thawng Za Muan(USA),Nu Mary Ciin Neih Dim တို့၏ညီမ၊ Cherry Cing Za Lun, Joseph Sing Piang, Esther Niang Theih Kim တို့၏အစ်မ Rose Mary Vung Lam Lun (B.A, English)သည် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့)ညနေ ၆း၄၅နာရီတွင် စံပြဆေးရုံကြီးတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ဂူသွင်းသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်အေးကြည် (အောင်လံမြို့)

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ မဟာမြိုင်အိမ်ရာ၊ အမှတ် ၄၁၊ တိုးချဲ့ရပ်ကွက်၊ တိုက် ၁၃၊ အခန်း A-2နေ (ဦးဘိုးတုတ်-ဒေါ်အုန်းခင်)တို့၏သမီး၊ (ဒေါ်မြခင်)၏ညီမ၊ (ဦးသန်းညွန့်)၏ဇနီး၊ (ဦးဇော်ဝင်း)-ဒေါ်ယဉ်ယဉ်ဝင်း(ထပြ၊ ငြိမ်း၊ ထ-၂၊ တာမွေ)၊ ဒေါ်မြင့်မြင့်မူ(ဒု/ထွေဂျာ၊ ငြိမ်း၊ စက်မှု/ထွေထိန်း)၊ ဦးဝင်းတင် - ဒေါ်ကြူကြူငွေ(အောင်လံ)၊ (ဦးအောင်ကြီး) - ဒေါ်ခင်ချိုလင်း (ထ-ပြ၊ ထ-၃၊ တ/ဥက္ကလာပ)၊ ဦးကျော်မင်းနိုင်(ဒါရိုက်တာ၊ မြန်မာရူဘီ၊ စီးပွားရေးဦးပိုင်)-ဒေါ်ခင်ပို(ဒု/ညွှန်မှူး၊ ငြိမ်း၊ ရွှေနေချုပ်ရုံး)၊ ဦးမြတ်မင်း-ဒေါ်ခင်မစိုး၊ ဒေါက်တာမျိုးမျိုးမြတ်(ဌာနမှူး၊ ဓာတု၊ ထားဝယ်တက္ကသိုလ်)တို့၏မိခင်၊ မြေး ၁၁ယောက်၊ မြစ်ကိုးယောက်၊ တီ တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက်(သောကြာနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ ရက် (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဆရာမဒေါ်လှနှင်းစိန် အသက်(၈၆)နှစ်

ဖျာပုံမြို့၊ အမက(၈)နှင့် အထက(၃) အငြိမ်းစား

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ကျောက်စိမ်း ၆လမ်း၊ အမှတ် ၂၀၇နေ (ဦးဘန်ကောက်-ဒေါ်မယ်အီ)တို့၏သမီး၊ (ဦးစောကျော်မြ)၏ဇနီး၊ နော်ကြည်ကြည်-(ဦးစေးသော)၊ နော်တင်လှိုင်၊ (နော်ကြင်မြိုင်)-ဦးသန်းမြင့်၊ ဦးစောတင်ရွှေ-(နော်ပရီးမော)၊ (ဦးစောလှသောင်း)-နော်အေးအေးဟန်၊ ဦးစောကျော်မင်းစိန်-ဒေါ်သင်းသင်းအောင်၊ ဦးစောမြသန်းမောင်-ဒေါ်မြင့်မြင့်သိန်းတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွားသည် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါက်တာစန္ဒာအောင် အသက်(၆၃)နှစ်

ဆေးတက္ကသိုလ်(၂)

စန္ဒာဆေးကုခန်း

ရန်ကုန်မြို့နေ (ဦးကိုကိုအောင်-ဒေါ်လှလှသန်း)တို့၏သမီး၊ (ဒေါ်လှသန္တာအောင်-ဦးစိန်မြင့်အောင်)တို့၏ညီမ၊ (ဦးရဲဝင်းအောင်)-ဒေါ်အောလီဗီးယား၊ (ဦးတိုးမြင့်အောင်)-ဒေါ်နုနုရီ၊ ဒု-ဗိုလ်မှူးကြီးစိုးမြင့်အောင်(ငြိမ်း)-ဒေါ်သီတာဇော်၊ တပ်ကြပ်ကြီးအောင်သက်ထွဋ်အောင်-ဒေါ်ခင်ယုယုလွင်တို့၏အစ်မ၊ တူ/တူမ ၁၄ယောက်တို့၏အဒေါ်သည် ၈-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။[ရွှေပြည်သာမြို့နယ်၊ အမှတ် ၃၄၂၊ (၂)ရပ်ကွက်၊ စိန်ပန်းလမ်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

## ဒေါက်တာစန္ဒာအောင်

ဆေးတက္ကသိုလ်(၂)

စန္ဒာဆေးကုခန်း

အသက်(၆၃)နှစ်

ရန်ကုန်မြို့နေ (ဗိုလ်မှူးအောင်ဇေ - ဒေါ်သန်းတင်)တို့၏ သမီးချွေးမ၊ (ဦးအောင်သန်းဦး)၏ဇနီး၊ (ဗိုလ်ကြီးလှမြင့်) - ဒေါ်ခင်သန်းမြင့်တို့၏ ညီမ၊ (ဗိုလ်မှူးတင်အုန်း-ဒေါ်ခင်သန်းမေ)၊ ဒေါ်ခင်သန်းရွှေ၊ (ဦးသိန်းကိုဦး)-ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်လှလှသန်း၊ ဒေါ်ခင်သန်းဆွေတို့၏အစ်မ၊ တူ/တူမ ၁၀ယောက်တို့၏အဒေါ်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၈-၃-၂၀၁၆ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ရက် ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ [ရွှေပြည်သာမြို့နယ်၊ အမှတ် ၃၄၂၊ (၂)ရပ်ကွက်၊ စိန်ပန်းလမ်းနေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဒေါက်တာစန္ဒာအောင်

ဆေးတက္ကသိုလ်(၂)

အသက်(၆၃)နှစ်

၈-၃-၂၀၁၆ရက် နံနက် ၁၀း၄၃နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရသည့်အတွက် ကျန်ရစ်သူမိသားစုများနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**(1969-76 ခုနှစ်)**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးသောင်းထိုက်(ခ) ဦးထိုက်ရီ

အသက်(၆၆)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးကျင့်ရင်-ဒေါ်သန်းတီ)တို့၏ သား၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ကမ္ဘဋ္ဌာန်းလမ်း၊ အမှတ် ၆၈၅-2Bနေ ဒေါ်လှလှမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မအိအိလင်းထိုက်၊ မောင်ညီညီဇော်-မငွေစင်ဝင်းတို့၏ဖခင်သည် ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)ည ၉း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၃-၂၀၁၆ ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်လှလှ

အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ၁လမ်း၊ အမှတ် ၁၄နေ [ဦးမောင်ကြိုင်(ခ)ဦးဟုတ်ဆိုင်-ဒေါ်ရင်ဟုန်]တို့၏သမီး၊ ဒေါ်အေးအေးမော်၊ ဒေါ်တင်တင်၊ ဦးငွေဝင်း-ဒေါ်ကြူကြူ၊ ဦးဝင်းစိန်-ဒေါ်စန်းမြင့်၊ ဦးဝင်းသိန်း-ဒေါ်ခင်သန်းဝင်း၊ (ဦးဝင်းမြင့်)၊ ဦးချစ်လှ-ဒေါ်ခင်သိန်း၊ (ဦးခင်ဝင်း)-ဒေါ်ထွေးထွေးအောင်၊ ဦးမောင်ကြီး-ဒေါ်ငွေငွေဝင်း၊ (ဦးမောင်ငယ်)တို့၏ညီမ၊ ဦးကျော်ကျော်-ဒေါ်ခင်ရွှေ၊ ဦးသိန်းရွှေ - ဒေါ်ခင်သက်လျာအေးတို့၏အစ်မ၊ တူ၊ တူမ ၁၉ယောက်တို့၏အဒေါ်သည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ဝဝး၃ဝနာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ညွန့်ညွန့်

အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ(ဦးဘရင်-ဒေါ်ရင်မေ)တို့၏သမီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဘိုးရာဇာလမ်း၊ အမှတ် ၉နေ (ဦးမောင်လေး)၏ဇနီး၊ ဦးကျော်မြင့်-ဒေါက်တာဒေါ်ကြည်ကြည်ရင်၊ ဒေါ်သန်းသန်းရင်၊ ဦးလှသန်း-ဒေါ်မွေးမွေးရင်၊ ဒေါ်ထွေးထွေးရင်၊ ဒေါက်တာထိန်လင်း-ဒေါ်ယဉ်သာလင်း၊ (ဦးထိန်ဝင်း)-ဒေါ်ချောကလျာထွန်း၊ ဦးတင်မင်းထက်-ဒေါ်တိုးတိုးရင်တို့၏ မိခင်၊ ကျော်သူရိန်-ခင်ချောစုခိုင်၊ မအိကြည်ဇင်၊ လင်းအောင်မြင်လင်း၊ လင်းတေဇလင်း၊ မင်းခန့်သျှင်၊ မီးမီးချော၊ ထက်မြက်မင်းတို့၏အဘွား၊ ရှင်မေဦးခ၏ဘွားဘွားကြီးသည် ၈-၃-၂၀၁၆ရက် နံနက် ၉း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၄-၃-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီဦးယာယာဘိုင်(ခ) ဟာဂျီဦးတင်အောင်

(မော်လမြိုင်မြို့)

ကျွမ်းကျင်အဆင့်(၆)(ငြိမ်း)

ကုန်သွယ်ရေး

အသက်(၇၂)နှစ်

မော်လမြိုင်မြို့၊ ဒိုင်ဝန်ကွင်းနယ်မြေ၊ အောက်ကျင်းရပ်ကွက်၊ ရှမ်းစုလမ်းနေ (ဦးစလေမန် - ဒေါ်အမီနာဘီ)တို့၏ သား၊ (ဒေါ်နုရီ၊ အထက်တန်းစာရေး၊ မြို့နယ်သမဝါယမဦးစီးဌာန၊ မော်လမြိုင်မြို့နယ်)၏ခင်ပွန်း၊ မတင်မာဝင်း (LL.B အထက်တန်းရှေ့နေ)၊ မနီလာဝင်းတင်(BA-သမိုင်း)၊ မကြည်ကြည်ဝင်း၊ ဦးဝင်းအောင်လေး (A.P MEKAR SDNBHD မန်နေဂျင်းဒါရိုက်တာ၊ မလေးရှား)တို့၏ ဖခင်သည် ၂၆-၂-၂၀၁၆ရက် (သောကြာနေ့)နံနက် ၁၁း၂၀နာရီတွင် မော်လမြိုင်မြို့၊ မောင်ငံကွင်းရပ်၊ အမှတ် (၂၉/D)နေ သမီး ဒေါ်နီလာဝင်းတင် နေအိမ်၌ အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၆း၃၀ နာရီတွင် မင်္ဂရိဗ်ဆွလာသ်အပြီး မော်လမြိုင်မြို့ စမ်းကြီးရပ်၊ ဒါရုဂါဇလီဝတ်ကျောင်းတော် ကဘရ်စတန်ဥယျာဉ်တော်၌ ဂျနာဇာဆွလာသ် ဝတ်ပြုဆုတောင်းပြီး ဒါဖွာနာပြုလုပ်ပြီး ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

## ဦးအောင်မြင့်(ခ) ဦးမောင်မောင်

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ ဗိုလ်ကံညွှန့်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ် ၁၇နေ (ဦးမောင်ကျင်-ဒေါ်စန်းကြည်)တို့၏သား၊ (ဦးစိုးလွင်)-ဒေါ်စမ်းကြည်(ပန်စရာဓာတ်ပုံ)တို့၏သားသမက်၊ (ဦးမောင်စွမ်း)-ဒေါ်နုနုထွန်း၊ ဒုရဲအုပ်(ဦးစိန်မြင့်-ဒေါ်ခင်တင့်)၊ ဒေါ်တင်တင်အေး၊ ဦးမင်းဇော်-ဒေါ်ခင်ဝင်း၊ ဦးသောင်းဝင်း-ဒေါ်ကျင်ငွေး၊ ဦးခင်မောင်စန်း-ဒေါ်လှလှငွေး၊ ဦးခင်ဇော်-(ဒေါ်ခင်ချို)၊ ဦးတင်ကြိုင်-ဒေါ်သန်းသန်းတို့၏ ညီ/မောင်၊ တူ၊တူမ ၃၀တို့၏ဦးလေး၊ မြေး ၂၀တို့၏ဘိုးဘိုးကြီး၊ မောင်လွင်ဦး၊ မောင်ဖွဲ့လင်းနိုင်၊ မမေရှင်းသန့်တို့၏ဖခင်၊ ဒေါ်သီသီဟန်(ခ)အငယ်မ၏ ချစ်လှစွာသောခင်ပွန်းသည် ၉-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၃-၂၀၁၆ရက်(သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ ၃/ခ၊ သမာဓိ ၂လမ်း၊ ဆ/ကရပ်ကွက် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း ဒါယကာကြီး

## ဦးစိန်အုပ် (မော်ကွန်းဝင်၊ ပထမဆင့်)

နာယကကြီး၊ အိမ်မဲအသင်း၊ အိမ်မဲ၊ တောင်ဥက္ကလာပ

အသက်(၉၃)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ အိမ်မဲမြို့၊ ကမ်းနားလမ်းနေ (ဦးချမ်းငါး-ဒေါ်စိန်နွယ်)တို့၏သား၊ အိမ်မဲမြို့နေ (ဦးရင်ရှိန်)-ဒေါ်တင်အေး၊ (ဦးကောက်)-ဒေါ်ညွန့်ညွန့်၊ (ဦးကင်းဗုက်-ဒေါ်ပို)တို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ကရဏီ ၁လမ်း၊ အမှတ် ၂၂/ခနေ [ဒေါ်ရီ(ခ)ဒေါ်ငွေခင်(မော်ကွန်းဝင်ဒုတိယဆင့်)]၏ခင်ပွန်း၊ ဦးမြင့်ဦး(စီးပွား/ကူးသန်း၊ ငြိမ်း)-ဒေါ်ညွန့်ညွန့်စိန်(ဟိုတယ်/ခရီး၊ ငြိမ်း)၊ (ဦးဝင်းမြင့်)- ဒေါ်ခင်မြင့်မြင့်(ခ)ဒေါ်နှောင်း(တောင်ကြီး၊ လူမှုဝန်ထမ်း၊ ငြိမ်း)၊ ဦးမြင့်စိုး-ဒေါ်ခင်သန်းဦး(ဟုမ္မလင်း၊ နောင်ပိုအောင်ရွာ)၊ ဦးအောင်ဝင်းစိန်-ဒေါ်နီလာတင်၊ ဦးဇော်ဝင်း-ဒေါ်မိမိစိန်တို့၏ ဖခင်ကြီး၊ မြေး ၁၄ယောက်၊ မြစ် ၁၄ယောက်တို့၏အဘိုးသည် ၉-၃-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) နံနက် ဝဝး၃ဝနာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၃-၂၀၁၆ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၃-၂၀၁၆ ရက် (အင်္ဂါနေ့) နံနက်တွင် တောင်ဥက္ကလာပမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

## ဦးစောမောင် (မော်လမြိုင်မြို့)

အသက်(၈၅)နှစ်

သူငယ်ချင်း ဦးသိန်းမြင့်(ရော်ဘာသုတေသန)၏ဖခင်ဖြစ်သူ ဦးစောမောင်သည် ၂-၃-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**၁၉၇၅/၇၉ ဓာတုဗေဒကျောင်းသားကျောင်းသူဟောင်းများ**
**မော်လမြိုင်ကောလိပ်**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘလင်း

မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၆၁)နှစ်

သစ်အခြေခံစက်မှုလုပ်ငန်းဌာန၊ အမှတ်(၁)ပရိဘောဂစက်ရုံမှ ဦးဘလင်း မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်းသည် ၇-၃-၂၀၁၆ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာ (သစ်အခြေခံ)နှင့် အရာထမ်း/အမှုထမ်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဘလင်း

မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း

အသက်(၆၁)နှစ်

သူငယ်ချင်း ဦးဘလင်းသည် ၇-၃-၂၀၁၆ရက် (တနင်္လာနေ့) ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ လက်ထောက်မန်နေဂျာ(ရောင်း/စက်)**
**မြန်မာ့သစ်လုပ်ငန်းအလုပ်ဝင်အရာထမ်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

## ရဲ-၂၃၅၀ ရဲမှူးကံပို (ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး၊ ပူတာအိုခရိုင်)

ကချင်ပြည်နယ်ရဲတပ်ဖွဲ့၊ ဒုရဲအုပ်လောင်းသင်တန်းအမှတ်စဉ်(၁၂)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂/၇)ရပ်ကွက်၊ ဗထူး(၈)လမ်း၊ အမှတ် ၁၄၀နေ ဒေါ်ငွေငွေဝင်း၏ချစ်လှစွာသောခင်ပွန်း ကချင်ပြည်နယ်ရဲတပ်ဖွဲ့၊ ပူတာအိုခရိုင်၊ ဒုတိယခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးကံပိုသည် ၈-၃-၂၀၁၆ရက် ည ၇း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုဝင်များ**

ဝမ်းနည်းကြေကွဲခြင်း

## ဦးရဲမြင့် (နေပြည်တော်)

အသက်(၄၇)နှစ်

(၁၉၈၆-၁၉၉၄) ဥပဒေကျောင်းသူ မခင်ခင်ဖြူ(နေပြည်တော်)၏ခင်ပွန်း ဦးရဲမြင့် (လ/ထ ညွှန်ကြားရေးမှူး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)သည် ၈-၃-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၉း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၆-၁၉၉၄ မတ်လ**
**ရန်ကုန်တက္ကသိုလ်ဥပဒေကျောင်းသူ/ကျောင်းသားများ**

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

## ဦးအောင်သိန်း(ခ) နူရ်အစ္စလာမ်၊ မာမူကြီး

**B.A (Geog) Total Co (ငြိမ်း)**

ပြွန်တန်ဆာမြို့

အသက်(၆၆)နှစ်

ပြွန်တန်ဆာမြို့နေ(ဦးရာဇက်-ဒေါ်အမီနာ)တို့၏သား၊ ရန်ကုန်မြို့နေ (ဦး S.Sအာမက်-ဒေါ်မြစိန်)တို့၏သားသမက်၊ အမှတ် ၁၀၊ ၁၂၃လမ်း၊ သုံးလွှာနေ ဒေါ်နူရ်ဂျဟန် (အမက-၁၅၊ တာမွေ)၏ခင်ပွန်း၊မောင်ပြည့်စုံ၊ မောင်အောင်သူ-မခင်ခင်လေး၊ မောင်စိုးမိုးတို့၏ဖခင်၊ စလာဟူဒင်(ခ)မောင်ရဲထိုက်၏အဘိုးသည် ၂၉-၂-၂၀၁၆ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၁-၃-၂၀၁၆ရက်တွင် ရေဝေးစွန္နီကဗာရ်စတန်၌ဒါဖွာနာပြီးစီးပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးမောင်မောင်

အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်

အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း၊ (၅၀)ရပ်ကွက်၊ အမှတ် ၂၅နေ ဒေါ်ခင်ကြည်ကြည်၏ချစ်လှစွာသောခင်ပွန်း၊ဗိုလ်မှူးအောင်မြင့်ဦး-ဒေါ်ခင်လှရီ၊ ဦးစိုးမြင့်-ဒေါ်သော်တာမင်း၊ ဒေါက်တာဒေါ်မြမြအေး (ပါမောက္ခချုပ်၊ ဘားအံ တက္ကသိုလ်)၊ ဒေါ်မိုးမိုးအေး၊ ဒေါ်တင်တင်အေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၈-၃-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၅၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၃-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သင့်သွေးဖြင့် အသက်ကယ်ပါ

# ရန်ကုန်မြို့၌ စတင်ပြေးဆွဲနေသောအမြန်ဘတ်(စ်)ကားယာဉ်လိုင်း(BRT)ကို လာမည့်အပတ်တွင် ယာဉ်အစီးရေ ထပ်မံတိုးချဲ့ပြေးဆွဲမည်




သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် မတ် ၉

ရန်ကုန်ဘတ်(စ်)ကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က ရန်ကုန်မြို့တွင်း၌ ဖေဖော်ဝါရီ ၇ ရက်က စတင်ပြေးဆွဲပေးလျက်ရှိသော အမြန်ဘတ်(စ်)ကားယာဉ်လိုင်း (BRT) ကို ပြည်သူများအဆင်ပြေစေရန်အတွက် လာမည့်အပတ်တွင် ယခုပြေးဆွဲပေးလျက်ရှိသော လမ်းကြောင်းနှစ်ကြောင်းကို ယာဉ်အစီးရေ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခရီးသွားပြည်သူတွေရဲ့ တောင်းဆိုမှုအရ လာမယ့်အပတ်အတွင်းမှာ ကျွန်တော်တို့ (BRT) အမြန်ဘတ်(စ်)ကားယာဉ်လိုင်းအနေနဲ့ ယာဉ်အစီးရေကို ယခုလက်ရှိပြေးဆွဲနေတဲ့ ယာဉ်လိုင်းတွေမှာ ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမှာဖြစ်ပါတယ်။ အဲဒီလိုထပ်မံဖြည့်လိုက်တယ်ဆိုရင် စတင်ပြေးဆွဲခဲ့တဲ့ ခရီးစဉ်(၁)ကတော့ ယာဉ်အစီးရေ ၂၃ စီးဖြစ်ပြီးတော့ မတ် ၁ ရက်က စတင်ပြေးဆွဲခဲ့တဲ့ ခရီးစဉ်လမ်းကြောင်း(၂)ကတော့ ယာဉ်အစီးရေ ၂၂ စီး အထိဖြစ်သွားမှာဖြစ်ပါတယ်" ဟု *စာမျက်နှာ ၈ ကော်လံ ၁* ◆

**ရန်ကုန်မြို့တွင်းပြေးဆွဲလျက်ရှိသော အမြန်ဘတ်(စ်)ကားယာဉ်လိုင်း (BRT) အား ခရီးသည်များ ဆင်းတက်ပြုလုပ်နေစဉ်။**

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် မတ် ၉

မတ် ၉ ရက် ညနေ ၃ နာရီ ၃၂ မိနစ် ၀၀ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၂၀၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (မိုးညှင်းမြို့၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာ)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ ၀ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်သွားကြောင်း တိုင်းထွာရရှိသည်။

(မိုး/ဇလ)


## ယနေ့ ဖတ်စရာ

**အမေရိကန်နှင့် လုံခြုံရေးကောင်စီကို စိန်ခေါ် အီရန် တိုက်ချင်းပစ်ဒုံးပျံများ စမ်းသပ်ပစ်လွှတ်** စာမျက်နှာ » ၄

**မအီဂိတ်၌ မူးယစ်ဆေးဝါးလေးသိန်းခွဲ ဖမ်းမိ** စာမျက်နှာ » ၁၃

**ရီးရဲနှင့် ဝုဖ်ဘတ် ချန်ပီယံလိဂ်ကွာတားအဆင့်သို့ တက်ရောက်** စာမျက်နှာ » ၁၄


**ထူးခြားသည့် နေ့အပူချိန်များ (၉-၃-၂၀၁၆)**

| | |
|---|---|
| ချောက်မြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| အောင်လံမြို့ | ၄၁ ဒီဂရီစင်တီဂရိတ် |
| ညောင်ဦးမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| မကွေးမြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |
| ပေါက်မြို့ | ၄၀ ဒီဂရီစင်တီဂရိတ် |

# ရောဝတီအသင်း အိမ်ကွင်း၌ နိုင်ပွဲရယူ ရန်ကုန်အသင်း အဝေးကွင်း၌ သရေကျ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-ဖိုးသော်ဇင်

ရန်ကုန် မတ် ၉

၂၀၁၆ ရာသီ AFC Cup ဘောလုံးပြိုင်ပွဲအုပ်စု (H) ဒုတိယနေ့ ပွဲစဉ်အဖြစ် ရောဝတီအသင်းနှင့် လာအိုတိုယိုတာအသင်းတို့ ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားရာ ရောဝတီအသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တိုက်စစ်မှူး ခရစ္စတိုဖာ၏ ဟက်ထရစ်အပါအဝင် ရောဝတီအသင်း အိမ်ကွင်း၌ နိုင်ပွဲပြန်လည်ရယူခဲ့ပြီး နောက်တစ်ဆင့်မျှော်လင့်ချက်ကို ပြန်လည်အသက်သွင်းနိုင်ခဲ့သည်။ ရောဝတီအသင်းမှာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့သော်လည်း ပေးဂိုးနှစ်ဂိုးအထိရှိခဲ့သောကြောင့် ဂိုးကွာခြားချက်တွင် ပေးဂိုးများနေဆဲဖြစ်သည်။ လာအိုတိုယိုတာအသင်းမှာ ဒုတိယပိုင်းမှသာ ရောဝတီအသင်းကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ဂိုးများစောစီးစွာပေးခဲ့ရသောကြောင့် ဂိုးပြတ်ရှုံးနိမ့်သွားရခြင်းဖြစ်သည်။ ရောဝတီအသင်းမှာ ပွဲဦးထွက် ဂိုးပြတ်အရှုံးကို ပြန်လည်ကုစားနိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်စုအဖွင့်ပွဲတွင် ဂိုးပြတ်ရှုံးနိမ့်ထားသည့် ရောဝတီအသင်းမှာ ယခုပွဲတွင် နိုင်ပွဲရရှိရေးအတွက် အမာခံကစားသမားများ အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ ရောဝတီအသင်းမှာ ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ပြီး လာအိုတိုယိုတာအသင်းမှာ အဝေးကွင်းတွင် ပုံစံကောင်းပြသနိုင်ခြင်းမရှိခဲ့ပေ။ ပွဲအစပိုင်းတွင် ရောဝတီအသင်းမှာ ဂိုးသွင်းခွင့်များ အသုံးမချနိုင်ခဲ့သော်လည်း ၂၀ မိနစ်တွင် *စာမျက်နှာ ၁၄ ကော်လံ ၂* ○

**ရောဝတီအသင်းနှင့် လာအိုတိုယိုတာအသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားစဉ်။**




• စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
• လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော..

UEC
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
GRADE 1 - GRADE 11
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP

၂၀၁၆ - ၁၇ ပညာသင်နှစ် အတွက်ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ - ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ်အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP - (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ဖြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း - English 4 - skills၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များပါဝင်သည်။

▪ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)

▪ (၄) ထပ် အဆင့်မြင့် ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင်ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 01 539875, 09 31 558973, 09 79 3893725, 09 51 57988, 09 51 62238

ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။


မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS